

စိန်ရှင်စာပေ
တက္ကသိုလ်
နေလင်းအောင်
လေပွေနဂါး
အသစ်စက်စက်သိုင်းဝတ္ထု
စာစဥ်(၁)
ကောင်းယွင်၏ရှယ်တောက်

စာမူခွင့်ပြုချက်အမှတ် - ၁၅၁၄/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၆၀၅၀၁

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအောဖ့်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ၁။

ဝမ်းဆုံတစ်ရွာလုံး ရုတ်ရုတ်သဲသဲဖြစ်နေကြသည်။

စိတ်မချမ်းမြေ့ဖွယ်ရာ ငိုညည်းသံများ၊ ထိတ်လန့်တကြား အော်သံများ ပေါ်ထွက်နေသည်။

အပြာရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားသူများက အိမ်တိုင်းအိမ်တိုင်းတွင်ရှိသော စပါးကျီထဲမှ စပါးများကို ချင်၍ သယ်ဆောင်ပြီး ရွာလမ်းမကြီးပေါ်တွင် ရပ်ထားသော ရိုင်ပတ်ကာ မြင်းလှည်းများထဲသို့ ထည့်နေကြသည်။

အိမ်ရှင်များက သူတို့စပါးများကို သယ်ယူခြင်းမပြုရန် အမျိုးမျိုး တောင်းပန်နေကြသော်လည်း ဝတ်စုံပြာများက ဂရုမစိုက်ဘဲ သယ်ယူနေကြသည်။

အချို့မှာ ဝတ်စုံပြာများ၏ ရိုက်နှက်ခြင်းကိုပင် ခံကြရသည်။

"ကျွန်တော်တို့ ဝမ်းစာစပါးပဲ ရှိပါတယ် ခင်ဗျာ .... ဒီစပါးတွေကို ယူသွားရင် ကျွန်တော်တို့ အငတ်ဘေးနဲ့ ရင်ဆိုင်ကြရပါလိမ့်မယ် .... "

"ကျွန်မ တောင်းပန်ပါတယ် .... ဝမ်းစာစပါးတွေကိုတော့ မယူကြပါနဲ့ .... "

"တို့တော့ ငတ်သေကြတော့မှာပါပဲ .... "

အိမ်တိုင်းလိုလိုမှာ ငိုယိုညည်းတွားသံ၊ တောင်းပန်သံများပေါ်ထွက်နေသည်။

ဝမ်ဆုံရွာသူကြီး ဟူဆာ၏အိမ်တွင် မြေပိုင်ရှင်သူဌေးကြီး လျူကြည်ရှန်း ရှိနေသည်။

ရွာသူကြီး ဟူဆာ၏မျက်နှာမှာ ညှိုးရော်ခွမ်းနယ်နေပြီး မျက်စိပျက် မျက်နှာပျက်နေသလောက် သူဌေးကြီးလျူကြည်ရှန်း၏မျက်နှာမှာမူ ခက်ထန်တင်းမာလှလေသည်။

ရွာသူကြီးဟူဆာက တောင်းပန်စကားဆိုနေသည်။

"သူဌေးကြီးရယ် .... ဒီနှစ်ရာသီဥတုက ဒုက္ခပေးလို့ ကျွန်တော်တို့ ရွာက လယ်ယာတွေ အတော်များများ ပျက်စီးကြပါတယ် ခင်ဗျာ .... ဒါကြောင့် သူဌေးကြီးကို အရင်းရော အတိုးပါ မဆပ်နိုင်ကြတာပါ .... ဒီတစ်နှစ်တော့ သည်းခံပါ .... နောက်နှစ်တော့ .... "



သူဌေးကြီး လျူကြည်ရှန်းက ဖြတ်ပြီး ....

"တော်စမ်း သူကြီး .... ရာသီဥတု ဆိုးရွားလို့ လယ်ယာတွေပျက်တာက ခင်ဗျားတို့အကြောင်းကိစ္စ .... ကျုပ်ရဲ့ကိစ္စကတော့ ကျုပ်ရမယ့် ငွေကို မရရင် ရှိတဲ့စပါးတွေကို သိမ်းသွားဖို့ပဲ .... မကျေနပ်ရင် ကြိုက်တဲ့နေရာကို တိုင် .... မြို့စားကြီးကို ကြိုတင်ခွင့်ပန်ပြီးမှ ကျုပ်က ဒီလိုလုပ်တာ .... "

သူဌေးကြီးလျူကြည်ရှန်း၏ ဝတ်စုံပြာဝတ်ထားသည့် အမှုထမ်းများမှာ သိုင်းသမားများဖြစ်သောကြောင့် သိုင်းပညာလုံးဝမတတ်သော ဝမ်ဆုံရွာသူရွာသား တောင်သူလယ်သမားများမှာ စိတ်ထဲမှ မကျေနပ်ကြသော်လည်း ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ရဲကြချေ။

ဒေါသကို မချုပ်တည်းနိုင်ဘဲ ဆန့်ကျင်ကြသူမှန်သမျှလည်း ဝတ်စုံပြာများ၏ ရိုက်နှက်နှိပ်စက်ခြင်းကို ခံကြရသည်။

သူဌေးကြီးလျူကြည်ရှန်းသည် ဝမ်ဆုံရွာကို အိမ်တိုင်းလိုလို အတိုးများများနှင့် ငွေချေးထားခဲ့သည်။ ရွာသူကြီးဟူဆာပင်လျှင် သူဌေးကြီးလျူကြည်ရှန်းထံမှ ငွေချေးမလွတ်ချေ။

စိုက်ပျိုးပြီးဒီး၍ ငွေပေါ်သောအခါ သူဌေးကြီးလျူကြည်ရှန်း၏ငွေကို ပြန်ပေးမည်ဟု အားလုံးက ဆုံးဖြတ်ကြသည်။

သို့သော် .... ဝမ်ဆုံရွာသူရွာသားများ မျှော်မှန်းထားသလို ဖြစ်မလာချေ။ ရာသီဥတုဆိုးရွား၍ လယ်ယာများ ပျက်စီးကုန်သည်။

ဝမ်းစာကိုပင် ပြည့်ပြည့်ဝဝ မရကြ။

သူဌေးကြီးလျှကြည်ရန်း၏ ကြွေးမြီများကို မဆပ်နိုင်ကြချေ။

ထို့ကြောင့် သူဌေးကြီးလျှကြည်ရန်းသည် သူ၏အမှုထမ်းသိုင်းသမားများကိုခေါ်ယူ၍ ဝမ်ဆုံရွာထိလာကာ ဝမ်းစာစပါးများကို အတင်းအဓမ္မသိမ်းပိုက်နေခြင်း ဖြစ်လေသည်။

ရွာသူကြီးဟူဆာ၏ ဝမ်းစာစပါးများကိုပါ သိမ်းယူခံရသောကြောင့် ရွာသူရွာသားများအဖို့ မည်သို့မျှ တောင်းပန်၍ မရကြပါချေ။

မွန်းတည့်ချိန်တွင် စပါးများ သိမ်းယူပြီးနောက် သူဌေးကြီးလျှကြည်ရန်းနှင့် သူ့လူများသည် ဝမ်ဆုံရွာမှ ပြန်လည်ထွက်ခွာလာခဲ့ကြလေသည်။

ဝမ်ဆုံရွာမှ ညည်းတွားငိုယိုသံများဖြင့် ကျန်ခဲ့လေသည်။

သူဌေးကြီးလျှကြည်ရန်းမှာ ရှေ့ဆုံးမှ မြင်းဖြူကြီးကိုစီးကာ ဦးဆောင်၍ လာခဲ့သည်။ သူ့နောက်မှ လက်နက်ကိုယ်စီ ချိတ်လွယ်ထားသော ဝတ်စုံပြာငါးဦးက မြင်းကိုယ်စီဖြင့် လိုက်ပါလာကြသည်။

ယင်းတို့နောက်မှ စပါးများတင်လာသော မြင်းလှည်းဆယ်စီး၊ နောက်ဆုံးမှ မြင်းကိုယ်စီနှင့် ဝတ်စုံပြာခုနစ်ဦးတို့ လိုက်ပါလာကြသည်။

သူဌေးကြီးလျှကြည်ရန်း၏ မျက်နှာတွင် ပီတိတွေ ဖြစ်နေသည်။



ဤစပါးများကို ပြန်ရောင်းလျှင် သူ့အတွက် ပိုလျှံငွေမည်မျှထွက်လာမည်ကို တွေးရင်း ဝမ်းသာနေသည်။ သူသည် ဝမ်ဆုံရွာသူရွာသားများထံမှ စပါးဈေးကို အဆမတန်နှိမ်ကာ အကြွေးဖြင့် စပါးများကို သိမ်းယူလာခဲ့ခြင်းဖြစ်လေသည်။

ဝမ်ဆုံရွာမှ ထွက်ခွာ၍ လီပေါင်းသုံးဆယ်သို့ ရောက်လာသောအခါ တောင်ကြားလမ်းတစ်နေရာသို့ ရောက်လာကြသည်။

သူတို့လူစု တောင်ဖြတ်လမ်းထဲသို့ ဝင်မိကြသောအခါ သူတို့ရှေ့ဘက်ဆီမှ အပြေးနှင်လာကြသော မြင်းခွာသံများကို ကြားကြရလေသည်။

တစ်ပြိုင်တည်းပင် သူတို့နောက်မှ အပြေးနှင်လာသော မြင်းခွာသံများလည်း ပေါ်ထွက်လာပြန်သည်။

သူဌေးကြီးလျှကြည်ရန်း မျက်မှောင်အစုံ ကြုတ်သွားသည်။

သူ့မြင်းကို တဲ့ခနဲရပ်လိုက်ပြီး သူ့နောက်ဘက်နားတွင် လိုက်ပါလာသော ရီရှန့်ကို လှည့်ကြည့်လိုက်သည်။

ရှေ့ဆုံးမှ သူဌေးကြီးလျှကြည်ရန်း ရပ်လိုက်သဖြင့် နောက်မှ လိုက်လာသူများအားလုံး ရပ်လိုက်ကြသည်။

ရီရှန့်မှာ လျှကြည်ရန်း၏ အမှုထမ်းများထဲတွင် ခေါင်းဆောင်ဖြစ်လေသည်။

အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ပြီး လျှကြည်ရန်း

အားထားရသူတစ်ယောက်လည်း ဖြစ်လေသည်။

လျှကြည်ရန်းသည် ရိရှန့်ကို ကြည့်ပြီး ပြောသည်။

"ရှေ့မှာကော နောက်မှာကော မြင်းစွာသံတွေပါလား .... ရိရှန့် .... "

ရိရှန့်က အရေးမထားဟန်ဖြင့် ပြန်ပြောသည်။

"သာမန် ခရီးသွားတွေဖြစ်မှာပေါ့ သူဌေးမင်း .... စိုးရိမ်စရာ မလိုပါဘူး .... ဒီနယ်တစ်ဝိုက်မှာ သူဌေးမင်းကို ဘယ်သူမှမော်ကြည့်ဝံ့တာမှ မဟုတ်ဘဲ .... "

လျှကြည်ရန်း စိတ်သက်သာရာရသွားပြီး သူ့လူစုနှင့်အတူ ရှေ့သို့ ဆက်လာကြသည်။

တောင်ကြားလမ်းကွေ့မှ မြင်းသုံးစီးပေါ်ထွက်လာသည်။

မြင်းသုံးစီးပေါ်မှ လူသုံးယောက်စလုံး ဝတ်ရုံညိုများကို ဝတ်ဆင်ထားကြပြီး ခေါင်းတွင်လည်း အညိုရောင်ခေါင်းစွပ်ကြီးများကို စွပ်ထားကြသည်။

ထိုအသွင်အပြင်မျိုး မြင်ရုံနှင့် သာမန်ခရီးသွားများမဟုတ်ကြောင်း သိနိုင်လေသည်။

လျှကြည်ရန်းတို့ လူစုအားလုံး တုံ့ခနဲ ရပ်သွားကြသည်။

ဝတ်ရုံညိုသုံးဦး စီးလာသော မြင်းသုံးစီးကလည်း လျှကြည်ရန်းရှေ့ ဆယ်ပေအကွာခန့်တွင် ရပ်သွားကြသည်။



မြင်းသုံးစီးမှာ ယှဉ်၍ ရပ်နေကြပြီး အလယ်ကလူထံမှ ဦးစွာ စကားသံထွက်ပေါ်လာသည်။

သူ့အသံက ခနဲ့တဲ့တဲ့ နိုင်လှသည်။

"ဟင်း .... ဟင်း .... သူဌေးမင်းကတော့ ဝလို့ လှလို့ပါလား အသားအရေကလည်း ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အင်းလေ .... ဆင်းရဲသားတောင်သူလယ်သမားတွေရဲ့ ကုတ်သွေးကို စုပ်နေရတော့ သွေးဝပြီး ကျန်းကျန်းမာမာ ဖြစ်နေမှာပေါ့ .... ဟုတ်စ .... "

နောက်ဘက်မှ မြင်းခွာသံများလည်း အနီးသို့ ရောက်လာသည်။

သူဌေးကြီးလျှကြည်ရန်းတို့ လူစု လှည့်ကြည့်ကြသည်။

ဝတ်ရုံညိုကိုယ်စီ ဝတ်ထားကြသော လူသုံးယောက်မှာ မြင်းကိုယ်စီစီးပြီး သူတို့လူစုနောက်ကို ရောက်လာကြောင်း မြင်ကြရသည်။

၎င်းဝတ်ရုံညိုသုံးဦးစလုံးမှာလည်း ခေါင်းစွပ်အညိုကြီးများကို မျက်နှာတွင် စွပ်ထားကြသည်။

ဝတ်ရုံညိုများမှာ ရှေ့သုံးယောက် နောက်သုံးယောက် စုစုပေါင်း ခြောက်ယောက်တည်းမို့ လျှကြည်ရန်းအနည်းငယ် စိတ်အေးသွားသည်။

သူ့လူများမှာ ထိုဝတ်ရုံညိုခြောက်ယောက်လောက်ကို မှုလိမ့်မည်မဟုတ်ကြောင်း သိထားသောကြောင့် ဖြစ်၏။

သူဌေးကြီးလျူကြည်ရန်းသည် ရှေ့မှ ဝတ်ရုံညိုသုံးယောက်ကို ခက်ထန်သောမျက်နှာနှင့် ကြည့်လိုက်ပြီး လေသံမာမာဖြင့် မေးလိုက်သည်။

"မင်းတို့က ဘယ်သူတွေလဲ .... ဘာဖြစ်လို့ တို့သွားမယ့်လမ်းကို ပိတ်ထားရတာလဲ .... ဖယ်ပေးကြစမ်း .... "

ရှေ့မှ ဝတ်ရုံညိုသုံးယောက်စလုံး တဟားဟားနှင့် ရယ်မောလိုက်ကြသည်။ ပြီးမှ အလယ်က ဝတ်ရုံညိုက ....

"ဟား .... ဟား .... ဟား .... စိတ်ချပါလေ .... သူဌေးမင်းတို့ လူစုအားလုံး ရှေ့ဆက်သွားနိုင်အောင် ကျွန်တော်တို့က လမ်းဖယ်ကြပါမယ် .... သူဌေးမင်းတို့ လူစုဆက်ပြီး သွားနိုင်ကြပါတယ် ဒါပေမယ့် စပါးတွေတင်လာတဲ့ လှည်းဆယ်စီးကိုတော့ ဒီမှာ [illegible] ကြရလိမ့်မယ် .... "

သူဌေးကြီးလျူကြည်ရန်း ဘေးမှ ရိုရှန့်က ဝင်မေးသည်။

"မင်းတို့ ဘယ်သူတွေလဲ .... သေချင်လို့ ဇော်ကားမော်ကား ပြောနေကြတာလား .... "

သူဌေးကြီး လျူကြည်ရန်းကလည်း ဒေါသဖြင့် ပြောသည်။

"ဘာလဲ .... မင်းတို့က ငါ့ရဲ့စပါးတွေကို ဓားပြတိုက်ချင်လို့လား .... "

ဝတ်ရုံညိုက ရယ်လိုက်ပြီး ....



"ဒီစပါးတွေဟာ သူဌေးမင်းရဲ့ စပါးတွေမဖြစ်ထိုက်ပါဘူးလေ .... ဒီစပါးဟာ ဝမ်ဆုံရွာသူရွာသားတွေရဲ့ ဝမ်းစာစပါးတွေပါ တကယ်တမ်း ဓားပြအစစ်က သူဌေးမင်းပါ .... ဒီစပါးတွေကို ဝမ်ဆုံရွာက သူဌေးမင်းတို့တစ်တွေ ဓားပြတိုက်ယူခဲ့တာ .... ကျုပ်တို့က ဒီစပါးတွေကို ကာယကံရှင်တွေရဲ့ လက်ထဲအရောက်ပြန်ပေးကြမယ့်လူတွေပါ .... "

သူဌေးကြီးလျူကြည်ရန်းက အံတင်းတင်းကြိတ်လိုက်ပြီး ....

"မင်းတို့နဲ့ ဘာဆိုင်သလဲ .... "

ဝတ်ရုံညိုက ....

"သူဌေးမင်းတို့လို မရှိဆင်းရဲသားတွေအပေါ် မတရားသဖြင့် ခေါင်းပုံဖြတ် အနိုင်ကျင့်တဲ့ လူစားမျိုးတွေရဲ့ ကိစ္စရပ်မှန်သမျှ ကျုပ်တို့နဲ့ ဆိုင်ပါတယ် .... ကျုပ်တို့က ဝင်ရောက်ဖြေရှင်းတတ်ပါတယ် .... ဒီကိစ္စတွေကို လေပွေမုန်တိုင်းအဖွဲ့က ဘယ်တော့မှ လက်ပိုက်ကြည့်မနေတတ်ပါဘူး .... "

"ဟင် .... လေပွေမုန်တိုင်း .... "

"လေပွေမုန်တိုင်းအဖွဲ့ .... "

သူဌေးကြီးလျူကြည်ရန်းနှင့် သူ့လူစုအားလုံး လေပွေမုန်တိုင်းဟူသော အမည်ကို ကြားရသောအခါ မျက်စိမျက်နှာပျက်ကုန်ကြသည်။ ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

လေပွေမုန်တိုင်းအဖွဲ့မှာ ထိပ်တန်းအဆင့်မြင့်သိုင်းသမားများ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သူတို့အားလုံး ကြားဖူးထားကြသည်။

လေပွေမုန်တိုင်းအဖွဲ့သည် နာမည်လည်း ကြီးလှသည်။

သူဌေးကြီးလျူကြည်ရန်းတို့လူစုသည် ယခုမှ လေပွေမုန်တိုင်းအဖွဲ့နှင့် စတင်၍ ထိပ်တိုက်တိုးမိခြင်းဖြစ်လေသည်။

သို့သော် .... သူတို့လူစုက များပြီး လေပွေမုန်တိုင်းအဖွဲ့က လူခြောက်ယောက်သာ ရှိသဖြင့် အနည်းငယ် စိတ်သက်သာရာရမိသည်။

ဝတ်ရုံညိုမှ စကားသံပေါ်ထွက်လာပြန်သည်။

"ကိုင်း .... သူဌေးမင်း စပါးလှည်းတွေကိုထားပြီး အေးအေးဆေးဆေး ထွက်သွားကြမလား .... "

သူဌေးကြီးလျူကြည်ရန်း ဂုဏ်မြွေဆည်လိုက်ပြီး ....

"မင်းတို့သာ အသက်မသေချင်ရင် အေးအေးဆေးဆေး ထွက်သွားကြ .... လေပွေမုန်တိုင်းကို ကြောက်တဲ့အထဲမှာ ငါမပါဘူး"

ဝတ်ရုံညိုက ....

"ကျုပ်တို့က စပါးတွေကို ဝမ်ဆုံရွာသူရွာသားတွေရဲ့ လက်ထဲ ပြန်အပ်မှာပါ .... ခင်ဗျားတို့က သူတို့ရဲ့ ဝမ်းစာစပါးတွေကို ယူလာတော့ သူတို့တစ်တွေ အငတ်ဘေးနဲ့ ရင်ဆိုင်ကြရမှာပေါ့ .... "



သူဌေးကြီးလျူကြည်ရန်းက ခေါင်းကိုခါယမ်းပြလိုက်ပြီး

"ဒါတွေ ငါနားမလည်ဘူး .... ငါနားလည်တာက ငါကြီးပွားချမ်းသာဖို့ပဲ .... မင်းတို့ ထွက် .... အင့် .... "

သူဌေးကြီး လျူကြည်ရန်း၏စကားအဆုံးခင် ဝတ်ရုံညို စီးထားသော မြင်းက ရှေ့သို့ တစ်ချက်ခုန်လိုက်သည်။

ဝတ်ရုံညိုမှာ သူဌေးကြီးလျူကြည်ရန်နှင့် လက်တစ်လှမ်းကွာကို ရောက်လာသည်။

ဝတ်ရုံညို၏လက်ညှိုးမှာ သူဌေးကြီးလျူကြည်ရန်း၏ သွေးကြောကို ပိတ်ပြီးဖြစ်နေသည်။

သူဌေးကြီးလျူကြည်ရန်းမှာ သွေးကြောပိတ်ခံရပြီး လုံးဝ မလှုပ်ရှားနိုင်တော့ချေ။

ကျန် ဝတ်ရုံညို ငါးယောက်လည်း ရိုရှန့်တို့လူစုကြားသို့ မြင်းကို ခုန်းစိုင်းပြီး စီး၍ဝင်လာကြသည်။

ရိုရှန့်ဦးဆောင်သော သူဌေးကြီး၏ အမှုထမ်း ဝတ်စုံပြာများက လက်နက်ကို ဆွဲထုတ်ပြီး တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။

သို့သော် သူတို့အားလုံး တိုက်ခိုက်ရန် အခွင့်အရေးအနည်းငယ်မျှ မရလိုက်ကြ။

ဝတ်ရုံညိုခြောက်ယောက်၏ ခန္ဓာကိုယ်များမှာ ပေါ့ပါးသွက်လက်စွာ ခုန်ပျံ၍ ဝတ်စုံပြာများ၏ သွေးကြောများကို ပိတ်ပြီးဖြစ်နေ

လေသည်။

ဝတ်ရုံညိုခြောက်ယောက်စလုံး သွက်လက်ထက်မြက်သော အဆင့်မြင့် ကိုယ်ဖော့ပညာရှင်များဖြစ်ကြသလို သေွးကြောပိတ်ပညာတွင်လည်း ပြိုင်ဘက်ကင်းအောင် တော်ကြသည်။

အချိန်တစ်ခဏအတွင်းမှာပင် သူဌေးကြီးလျှကြည်ရန်းနှင့် သူ့လူအားလုံး သွေးကြောပိတ်ခံလိုက်ကြရသည်။

မြင်းများပေါ်တွင် မတုန်မလှုပ် ကျောက်ရုပ်ကြီးတွေလို ဖြစ်နေကြသည်။

သူဌေးကြီးလျှကြည်ရန်းနှင့် သူ့လူစုအားလုံး ကိုယ်တွေ့ကြုံကြရပြီဖြစ်၍ လေပွေမုန်တိုင်းအဖွဲ့ အဘယ်ကြောင့် နာမည်ကြီးခြင်းကိုလည်း လက်တွေ့သိသွားကြသည်။

လွန်စွာ စိုးရိမ်ထိတ်လန့်ခြင်းလည်း ဖြစ်မိကြသည်။

အခြေအနေက ဝတ်ရုံညိုခြောက်ယောက်အနေဖြင့် မိမိတို့လူစုကို ပုရွက်ဆိတ်ကလေးများ သတ်သလို လွယ်လွယ်ကူကူနှင့် သတ်ပစ်နိုင်သော အခြေအနေမျိုးဖြစ်ကြောင်း သူဌေးကြီးလျှကြည်ရန်းတို့ တစ်တွေ နားလည်ကြသည်။

ဝတ်ရုံညို ခြောက်ယောက်စလုံး သူတို့၏မြင်းများပေါ်သို့ ပြန်လည်ရောက်နေကြပြီဖြစ်၏။

ဝတ်ရုံညိုတစ်ဦးက သူဌေးကြီးလျှကြည်ရန်းနှင့် မျက်နှာချင်း



ဆိုင်၍ ရောက်လာသည်။ ပြီးမှ ပြတ်သားသော လေသံနှင့် စကားဆိုသည်။

"ဘယ့်နှယ့်လဲ သူဌေးမင်း .... လေပွေမုန်တိုင်းအဖွဲ့ဟာ ဘယ်လိုအဖွဲ့မျိုးဆိုတာ သိပြီပေါ့ .... ဒါကြောင့် လေပွေမုန်တိုင်းအဖွဲ့မှာ ကျုပ်တို့ဟာ အဆင့်သုံးလောက်သာ သိုင်းပညာရှိတဲ့ လူတွေ ခင်ဗျားတို့အားလုံးကို ကျုပ်တို့ လွယ်လွယ်ကလေး သတ်လို့ရပြီ .... "

သူဌေးကြီးလျှကြည်ရန်း၏ မျက်နှာတွင် ကြောက်ရွံ့စိတ်ကြောင့် ဖောချွေးတွေ ပြန်နေသည်။

သူသည် သွေးကြောပိတ်ခံထားရသောကြောင့် ခန္ဓာကိုယ်လုံးဝမလှုပ်ရှားနိုင်သော်လည်း စကားတော့ ပြောနိုင်သည်။ ကြောက်ရွံ့စိုးရိမ်စွာဖြင့် စကားဆိုသည်။

"အ .... အသက်ကိုတော့ ချမ်း .... ချမ်းသာပေးကြပါဗျာ"

ဝတ်ရုံညိုက ....

"ကျုပ်တို့ဟာ သွေးဆာနေတဲ့ လူတွေ မဟုတ်ဘူး .... လူသတ်သမားတွေ မဟုတ်ဘူး .... ခင်ဗျားတို့ရဲ့အသက်ကို လွယ်လွယ်နဲ့ အသေသတ်နိုင်ပေမယ့် မလိုအပ်သေးလို့ သွေးကြောပိတ်ရုံတင်ပိတ်တာ တစ်ခုတော့ရှိတယ် .... နောက်တစ်ခါ ဝမ်ဆုံရွာက တောင်သူလယ်သမားတွေကို အနိုင်ကျင့်သလို တခြားဆင်းရဲသားတွေအပေါ်မှာလည်း အနိုင်ကျင့် ခေါင်းပုံဖြတ်မယ်ဆိုရင်တော့ .... ကျုပ်တို့အသတ်ပဲ .... "

လျှကြည်ရန်းက ....

"နောက်ဆို .... ဒါ .... ဒါမျိုး မဖြစ်စေရပါဘူး .... ကျုပ် ကျုပ် ကတိပေးပါတယ် .... "

ဝတ်ရုံညိုက ....

"ကောင်းပြီ .... ဒါဖြင့် ခင်ဗျားတို့ သွားနိုင်ပြီ .... စပါးလှည်းတွေကို ထားခဲ့ .... ဝမ်ဆုံရွာက ကာယကံရှင်တွေ လက်အရောက်ပြန်ပေးရမယ် .... "

ဝတ်ရုံညိုက ပြောပြောဆို ဆို သူဌေးကြီးလျှကြည်ရန်း၏ မြင်းတင်ပါးကို အသာအယာပုတ်လိုက်ရာ မြင်းမှာ ရှေ့သို့ ဆက်သွားသည်။

လျှကြည်ရန်းက မြင်းပေါ်မှ ပါသွားရင်းမှ ....

"ကျုပ်တို့ကို သွေးကြော ဖြေမပေးတော့ဘူးလား .... "

ဝတ်ရုံညိုက ပြန်အော်ပြောသည်။

"ကိစ္စမရှိပါဘူး .... မကြာခင် သူ့အလိုအလျောက် သွေးကြော ပြန်ပွင့်လာပါလိမ့်မယ် .... "

ဝတ်ရုံညိုခြောက်ယောက်က ဝတ်စုံပြာများစီးသော မြင်းတင်ပါးများကို အသာအယာ ပုတ်ပေးလိုက်ရာ ထိုမြင်းများလည်း ထွက်ခွာသွားကြလေသည်။

ဝတ်ရုံညိုခြောက်ယောက်နှင့် စပါးလှည်းဆယ်စီးသာ ထိုနေရာတွင် ကျန်နေခဲ့ကြသည်။

ထိုည မိုးမချုပ်မီမှာပင် ဝမ်ဆုံရွာမှ သူတို့အတွက် ဝမ်းစာစပါးဆုံးရှုံးသွားကြသော ရွာသူရွာသားများသည် သူတို့၏ ဝမ်းစာစပါးများကို ပြန်၍ ရကြလေသည်။

တရားရှိသူ ကူသူပေါ၏။ တရားမဲ့သူ ကူသူရှား၏။ ဆိုထုံးစကား ပယ်ရှားမရ၊ ပုံသုပထဝီ သက်သေတည်၏။

အကြင်သူသည် တရားရှိသူဖြစ်အံ့၊ အခက်အခဲနှင့် ကြုံသော်လည်း၊ အန္တရာယ်နှင့် ဆုံသော်လည်း ကူသူပေါ ပေမည်။

အကြင်သူသည် တရားမဲ့သူဖြစ်အံ့၊ အန္တရာယ်နှင့် ကြုံသော်လည်း ကူသူမဲ့ပေမည်။

တရားမဲ့သူသည် ခွန်အားကြီးသူဖြစ်စေ၊ အန္တရာယ်ဆိုးမှ ရှောင်ကွင်းမလွတ်နိုင်ပေ။

တရားရှိသူ၏ ဆင်းရဲဒုက္ခသည် သမုဒ္ဒရာထက်မှ ရေပွက်မှာ ခဏသာ ဖြစ်လေသည်။

တရားမဲ့သူ၏ ဆင်းရဲဒုက္ခကား တစ်ခဏမဟုတ်၊ တစ်ဘဝ၊ ထိုမှ တမလွန်တိုင်အောင် ဘဝများစွာ သံသရာဒုက္ခခံစားရမြဲပင်။

ဝမ်ဆုံရွာသူရွာသားတို့သည် ရိုးသားဖြောင့်မတ်သော သူများတည်း။

လျှကြည်ရန်းကား လောဘရမ္မက် ငယ်ထိပ်တက်နေသူ၊

တရားမဲ့သူ ကောက်ကျစ်သူတည်း၊ တရားမဲ့သူ၊ ကောက်ကျစ်သူသည် ကာလစိပါတ် နောက်ပိုးတက်ပြီတည်း။

သူတို့ ဝမ်းစာစပါးများကို ပြန်လည်ရရှိရန် ဆောင်ကြဉ်းပေးခဲ့ကြသော လေပွေမုန်တိုင်းအဖွဲ့ကို ကောင်းချီးသြဘာပေးသံ ချီးကျူးသံများမှာ ဝမ်ဆုံတစ်ရွာလုံး ညံစီလျက်ရှိနေလေသည်။

ဝမ်ဆုံရွာကား ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာအတိ ပြန်ဖြစ်ရလေပြီ။

မိမိအကျိုး၊ ဆောင်သယ်ပိုးက၊ ဆွေမျိုးမဟူ မည်သူမဆို၊ ချစ်ကြည်ညိုလော့၊ အပယ်ရှေးက၊ ညွှန်၍ ကျွံသား၊ သီဟရာဇာ ကေသရာကို ယက်ကာ မြွေခွေး၊ သက်ကယ်ပေး၍၊ သားမြေး ခုနစ်ဆက်၊ ချစ်မပျက်အောင် နှစ်သက်ကြည်ညို၊ ပေါင်းဖက်ကြ၏။

မလို အကျိုး၊ ဆွေမျိုးမမည်၊ မကြည်မလင်၊ မကောင်းလျှင်မူ၊ ကိုယ်တွင်ဖြစ်ပွား၊ သွေးနှင့်သားလည်း၊ ကြီးမားစင်စစ် ရန်သူဖြစ်၏။

အမြစ်အဥ၊ ဆေးအစုကား၊ တစ်ခုသော်မျှ ကိုယ်ကမပါ၊ တောကလာလျက်၊ ချမ်းသာဆောင်တတ်၊ ကျိုးရှိ မြတ်၏။

မှန်ပါ၏။ စီးပွားကို ဆောင်သော် သူတစ်ပါးသည်လည်း မိတ်ဆွေမည်လေ၏။

စီးပွားကို မဆောင်မူ အဆွေသည်လည်း သူတစ်ပါးမည်လေ၏။



ကိုယ်၌တည်သော အနာရောဂါသည် နှစ်သက်ဖွယ် မိတ်မဟုတ်၊ ကြောက်မက်ဖွယ် ရန်သူဖြစ်လေ၏။

ဆေးသည် ကိုယ်၌မတည်၊ ဝေးလံသီခေါင်သော တောတောင် ချောက်ကမ်းပါး၌ တည်၏၊ သို့ပါလျက် လောက၏ အကျိုးစီးပွားကို ဆောင်၏။

သူတစ်ပါးမဟုတ်၊ ရန်သူမဟုတ်၊
မြတ်နိုးဖွယ် မိတ်ဆွေမည်လေ၏။

ဝတ်ရုံညိုတို့သည် သူတစ်ပါးဖြစ်သော်လည်း ဝမ်ဆုံရွာသူရွာသားတို့၏ အကျိုးကို ဆောင်ကြ၏။ ဆေးနှင့်တူသော မိတ်ဆွေများတည်း၊ လျှကြည်ရန်ကား ကိုယ်၌တည်သော အနာသာတည်း။

◇◇◇◇◇

## ၂။

နေရောင်မပျောက်သေးသော်လည်း တစ်လောကလုံး အမှောင်ထုက ကြီးစိုးနေသည်။

မိုးမှောင်ကြီး ကျနေပြီး မိုးကလည်း သဲသဲမဲမဲ ရွာသွန်းလျက်ရှိနေသည်။

လျှပ်ရောင်တွေကလည်း တဝင်းဝင်း တလက်လက်ဖြစ်နေပြီး မိုးချုန်းသံမှာလည်း တဂျုန်းဂျုန်းကျိမ်းကျိမ်းပေါ်ထွက်နေသည်။

အမြဲတမ်း လူသွားလူလာ မပြတ်စည်ကားနေတတ်သော ဈေးလမ်းမကြီးမှာ ယခုအခါ လူသွားလူလာ ကင်းရှင်းနေသည်။

ဈေးလမ်းမကြီးတစ်လျှောက်တွင်ရှိသော ဆိုင်များအားလုံးလိုလို တံခါးများကို ပိတ်ထားကြသည်။



ဤလိုရာသီမျိုးတွင် လူသွားလူလာမရှိနိုင်သဖြင့် အရောင်းအဝယ်လည်း ဖြစ်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဆိုင်များကို ပိတ်ထားကြခြင်း ဖြစ်သည်။

သို့သော် ဆိုင်တစ်ဆိုင်၏ တံခါးမှာမူ ဖွင့်ထားသည်။ ထိုဆိုင်အတွင်းဝယ် ထွန်းညှိထားသော မီးရောင်မှာလည်း အမှောင်ထု နိုး‌နေသော လမ်းပေါ်အထိ ဖြာထွက်လျက်ရှိနေသည်။

လေကလည်း တဟူးဟူးတိုက်ခတ်နေသောကြောင့် ဆိုင်ရှေ့တံခါးပေါက်ဘေးတွင် ချိတ်ဆွဲထားသော သစ်သားဆိုင်းဘုတ်ပြားမှာ ယိမ်းယိုင်လှုပ်ရှားလျက်ရှိနေလေသည်။

သစ်သားဆိုင်းဘုတ်ပြားပေါ်တွင် 'တန့်'ဟူသော စကားလုံးကို ရေးတွင်းထားသည်။

'တန့်'ဟူသော အဓိပ္ပါယ်မှာ အပေါင်ခံခြင်းဟူ၍ အဓိပ္ပါယ်ရလေရာ ဤဆိုင်မှာ အပေါင်ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း သိသာနိုင်သည်။

ဤဆိုင်ကား နံပတ္တာအပေါင်ဆိုင်ပင်တည်း။

အပေါင်ဆိုင်အတွင်း သစ်သားတိုင်များ ကာရံထားသော နောက်ဘက်တွင် အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးခန့်ရှိ လူကြီးတစ်ယောက် ထိုင်နေသည်။

သူသည် ဆိုင်ပေါက်ဝကိုကြည့်ကာ တစ်စုံတစ်ဦးကို စောင့်မျှော်လျက်ရှိသည်။

အပေါင်ခံမည့်လူကို စောင့်မျှော်နေခြင်းပဲလား၊ အခြားမည်သူ့ကို စောင့်မျှော်နေခြင်းဖြစ်လေသလဲဆိုမှု ကာယကံရှင်သူတစ်ဦးမှလွဲပြီး အခြားမည်သူမျှ သိနိုင်လိမ့်မည်မဟုတ်ချေ။

အချိန်ကလည်း မှုံကြိုလိုမိုးသည်းထန်စွာ ရွာသွန်းနေသောအချိန်မျိုးတွင် ပေါင်မည့်လူ လာတော့မည်ထင်ရမှုမရှိချေ။

သို့သော် သူကတော့မှု ဆိုင်ကိုမပိတ်သေးဘဲ စောင့်နေလေသည်။

သူကား အပေါင်ဆိုင်စာရေးကြီး လောင်ချောင်းဖုန်ပင် ဖြစ်လေသည်။

အပြင်ဘက်တွင် ဖြတ်သွားသောလူပုံရိပ် တစ်ဦးတစ်ယောက်မျှ မရှိတော့ချေ။

နေရောင်ပျောက်ကွယ်သွားပြီး အတော်ကလေး မှိုင်းညှို့လာသည်။

စာရေးကြီးလောင်ချောင်းဖုန်မှာ မလှုပ်မယှက် ထိုင်နေမြဲ ထိုင်နေဆဲပင်။

အပေါက်ဝကို ကြည့်မြဲ ကြည့်နေဆဲပင်။

သူသည် အချိန်အကြာကြီး ထိုင်နေခဲ့ရသဖြင့် သူ့ခန္ဓာကိုယ်မှာလည်း မတ်မတ်မရှိတော့ဘဲ ခွေနွမ်းနေသည်။

ထိုစဉ် အပြင်ဘက်မှ ဆိုင်တံခါးဝသို့ လူတစ်ယောက်ရောက်လာသည်။



ထိုလူကို ဆိုင်တွင်းမှ ထွန်းထားသောမီးရောင်ဖြင့် ကောင်းစွာ မြင်ရသော်လည်း သူ့မျက်နှာကိုမူ ကောင်းစွာမမြင်ရချေ။

သူ့မျက်နှာတစ်ခုလုံးကို ဖုံးအောင် ခုပ်ဆိုက်ဆိုက် ဆောင်းထားသော ဝါးခမောက်ကြီးကြောင့် ဖြစ်လေသည်။

ဝါးခမောက်ကြီးအောက်မှ ဖွေးဖွေးပိတ်ထားသော နှုတ်ခမ်းကိုသာ စာရေးကြီးလောင်ချောင်းဖုန် ကောင်းစွာမြင်ရသည်။

စာရေးကြီးလောင်ချောင်းဖုန်၏ ခွေနွမ်းနေသော ခန္ဓာကိုယ်က ခပ်မတ်မတ်ဖြစ်သွားသည်။

ဝါးခမောက်နှင့်လူက တံခါးပေါက်ဝတွင် ရပ်မြဲရပ်နေပြီး သူ့ပါးစပ်အနည်းငယ် လှုပ်သွားသည်။

သူ့ထံမှ အသံခပ်ပြတ်ပြတ်လည်း ထွက်လာသည်။

"ဆိုင်ဖွင့်သေးတယ် မဟုတ်လား .... ကျွန်တော်ပစ္စည်းတစ်ခု ပေါင်ချင်လို့ပါ .... "

စာရေးကြီး လောင်ချောင်းဖုန် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ကမန်းကတန်း ပြန်ပြောလိုက်သည်။

"ဖွင့်ထားပါတယ် .... ဖွင့်ထားပါတယ် .... ဝင်ခဲ့ပါ"

ဝါးခမောက်ဆောင်းသူသည် သူ့ခေါင်းမှ မိုးရေတစ်စက်စက်ကျနေသော ဝါးခမောက်ကြီးကို မချွတ်ဘဲ ဆိုင်တွင်းသို့ ဝင်လာသည်။

စာရေးကြီးလောင်ချောင်းဖုန်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

သူတို့နှစ်ဦး၏ကြားတွင် သစ်သားတိုင်များခြားနေလေသည်။

သစ်သားတိုင်များအခြေတွင် စားပွဲပြားကြီးရှိနေလေရာ ဝါးခမောက်နှင့်လူက စားပွဲပေါ်သို့ အညိုရောင်အဝတ်စနှင့် ပတ်ထားသော လေးထောင့်ကျကျ အထုပ်တစ်ထုပ်ကို ချလိုက်သည်။

စာရေးကြီးလောင်ချောင်းဖုန်မှာ သစ်သားတိုင်များကြားမှ ထိုအထုပ်ကို လှမ်းကြည့်လိုက်ပြီး မေးသည်။

"ဘာပစ္စည်းများ ပေါင်ချင်သလဲ မောင်ရင် ...."

ဝါးခမောက်နှင့်လူက အထုပ်မှ အဝတ်စကို ဖြေနေရင်းမှ စာရေးကြီးလောင်ချောင်းဖုန်၏ အမေးကိုမဖြေဘဲ သူပြောချင်ရာကိုသာ ပြောနေသည်။

"ကျွန်တော့်မိန်းမက နေမကောင်းဘူးလေ .... ဒီကြားထဲ ကလေးကပါ ဖျားနေတယ် .... ကျွန်တော့်မှာ ငွေသိပ်လိုနေတယ် မတတ်နိုင်ဘူးလေ .... ပေါင်ရမှာပဲ .... "

စာရေးကြီးလောင်ချောင်းဖုန် ဘာမှမပြောတော့ဘဲ ဝါးခမောက်နှင့်လူ ဖြေနေသော အဝတ်စကိုသာ ကြည့်နေသည်။

အညိုရောင်အဝတ်စပြေသွားတော့ အမည်းရောင်အဝတ်စနှင့် ရစ်ပတ်ထားသေးကြောင်း တွေ့ရသည်။



ဝါးခမောက်နှင့်လူက အမည်းရောင် အဝတ်စကို ထပ်ဖြေနေပြန်သည်။

အမည်းရောင်အဝတ်စ ကုန်သွားလျှင်တော့ သေတ္တာငယ်ကလေးတစ်လုံး ပေါ်လာလိမ့်မည်ဟု စာရေးကြီး လောင်ချောင်းဖုန်ထဲမှ ခန့်မှန်းလိုက်သည်။

သို့သော် .... အမည်းရောင်အဝတ်စကုန်သွားသောအခါ ပန်းရောင် အဝတ်စနှင့် ရစ်ပတ်ထားသည်ကို တွေ့ရပြန်သည်။

စာရေးကြီးလောင်ချောင်းဖုန် ဘာမှမပြောသေးဘဲ မျက်မှောင်တစ်ချက် ကြုတ်သွားပြီး ဆက်ကြည့်နေသည်။

ဝါးခမောက်နှင့်လူကလည်း ပန်းရောင်အဝတ်ကို ဆက်ဖြေနေပြန်သည်။

စာရေးကြီးလောင်ချောင်းဖုန် သတိထားမိသည့်အချက်မှာ အတွင်းမှပေါ်လာသော အဝတ်စအသားများမှာ ပို၍ကောင်းမွန်လာခြင်းပင် ဖြစ်သည်။

ပန်းနုရောင်ဖဲစကို ဖြေပြီးသောအခါ အဝါရောင်ပိုးစနှင့် ပတ်ထားသည်ကို တွေ့ရပြန်သည်။

အထုပ်ကလေးမှာလည်း သေးသည်ထက် သေးလာသည်။

ဤအဝါရောင်ပိုးစို ဖြေပြီးလျှင်တော့ အတွင်းဘက်မှ ပစ္စည်းပေါ်လောက်ပြီဟု စာရေးကြီးလောင်ချောင်းဖုန် သေချာပေါက်တွက်

ထားသော်လည်း အဝါရောင်ပိုးစကုန်သွားသောအခါ အဖြူရောင်ဝါဂွမ်းကပ်ကလေးဖြင့် ပတ်ထားပြန်သည်ကို တွေ့ရပြန်သည်။

စာရေးကြီးလောင်ချောင်းဖုန် စိတ်မရှည်တော့ချေ။

သူ့မျက်နှာကို ရှုံ့လိုက်ပြီး ....

"မောင်ရင်ရဲ့ ပစ္စည်းက ဘယ်လိုပစ္စည်းမို့ ဒီလောက်တောင် အဝတ်စတွေနဲ့ အထပ်ထပ်ပတ်ထားရတာလဲ .... "

ဝါးခမောက်နှင့်လူက ဘာမှပြန်မဖြေဘဲ ဝါဂွမ်းစောင်ကလေးကို ဖြေလိုက်သောအခါ အတွင်းဘက်မှ သေတ္တာငယ်တစ်လုံးပေါ်လာသည်။ သေတ္တာငယ်ကလေးမှာ အမည်းရောင်ဖြစ်ပြီး ရှည်မျောမျောကလေးဖြစ်၏။

ဝါးခမောက်နှင့်လူက သေတ္တာကလေးကို ဂရုတစိုက်နှင့် ဖွင့်သည်။

သေတ္တာငယ်လေးထဲတွင်တော့ အဖိုးတန်ပစ္စည်းတစ်ခုခုကို မြင်ရတော့မည်ဟု စာရေးကြီးလောင်ချောင်းဖုန် တေးလိုက်သည်။

သို့သော် ....

သေတ္တာငယ်ကလေး ပွင့်သွားသောအခါ စာရေးကြီးလောင်ချောင်းဖုန် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

အနီရောင်ပိုးစဖြင့် ထုပ်ထားသော အထုပ်ကို ထပ်၍တွေ့ရသောကြောင့်ဖြစ်၏။



ဝါးခမောက်နှင့်လူက ပိုးစအနီကို ဆက်ဖြေနေသည်။

အနီရောင်ပိုးစ ပြေသွားသောအခါ ရွှေရောင်ဝင်းလက်နေသော သေတ္တာကလေးပေါ်လာသည်။

ရွှေရောင့်သေတ္တာကလေးမှာ မီးရောင်ဖြင့် ပိုမို၍ ဝင်းလက်နေပြီး စာရေးကြီးလောင်ချောင်းဖုန်၏မျက်နှာကိုပင် လာ၍ဟပ်နေလေသည်။

ထိုရွှေရောင်သေတ္တာကလေးမှာ အကောင်းဆုံးသော ရွှေနှင့် အပြားခေါ်၍ လုပ်ထားသော ရွှေသေတ္တာကလေးမှန်း မြင်ရုံနှင့် စာရေးကြီးလောင်ချောင်းဖုန် သိလိုက်လေသည်။

ထိုအခါမှ စာရေးကြီးလောင်ချောင်းဖုန် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"မောင်ရင်က ဒီသေတ္တာလေးကို အပေါင်ထားမလို့လား ဘယ်လောက်နဲ့ ထားမှာမို့လဲ .... "

စာရေးကြီးလောင်ချောင်းဖုန်မှာ ရွှေသေတ္တာကလေးကို ကြည့်ရင်း ပေးနိုင်မည့်ငွေကိုပင် တွက်ချက်ပြီး နေလေပြီ။ သို့သော် ....

ဝါးခမောက်နှင့်လူ၏စကားကြောင့် စာရေးဆရာကြီးလောင်ချောင်းဖုန် မျက်နှာမဲ့သွားရပြန်သည်။

"ဒီသေတ္တာကလေးက ပေါင်မယ့်ပစ္စည်းမဟုတ်ပါဘူး .... ပေါင်မယ့်ပစ္စည်းက အထဲမှာရှိနေပါတယ် .... "

ဝါးခမောက်နှင့်လူက ခေါင်းကိုမမော့ဘဲ ပြောဆိုရင်း ရွှေသေတ္တာကလေးကို ဖွင့်လိုက်ရာ အထဲတွင် အမဲညိုးရောင်သေတ္တာငယ်လေးတစ်လုံး ပေါ်လာပြန်သည်။

စာရေးကြီးလောင်ချောင်းဖုန် အတော်လေးစိတ်တိုသွားလေသည်။

"နေပါဦး .... မောင်ရင့်ရဲ့ပစ္စည်းတွေ ဘယ်လောက်များ တန်ဖိုးရှိလို့ အဝတ်တွေ အထပ်ထပ် ပတ် .... သေတ္တာတွေ အထပ်ထပ်နဲ့ ထည့်ထားတာလဲ .... "

ဝါးခမောက်အောက်မှ ထိုလူ၏နှုတ်ခမ်း အနည်းငယ်ပြုံးသွားပြီး စာရေးကြီးလောင်ချောင်းဖုန်ရှေ့ကို သူ့သေတ္တာနက်ကလေး တွန်းပို့ကာ ပြောလိုက်သည်။

"စာရေးကြီးကိုယ်တိုင် ဖွင့်ကြည့်ပါခင်ဗျား .... ဒီသေတ္တာကလေးထဲက ပစ္စည်းဟာ ကျွန်ုပ်...းဘွားပိုင် အဖိုးတန်ပစ္စည်းတစ်ခုပါပဲ .... ဒီပစ္စည်းရဲ့တန်ဖိုးကို စာရေးကြီးနားလည်မယ်ဆိုရင်တော့ ပေါင်မယ့်နှုန်းထား...ို ကျွန်တော်ပြောပါ့မယ် .... "

စာရေးကြီး လောင်ချောင်းဖုန်က စိတ်လှုပ်ရှားစွာဖြင့် သေတ္တာငယ်လေးကို အသာအယာဖွင့်လိုက်သည်။

သေတ္တာကလေးထဲတွင် ပစ္စည်းကလေးတစ်ခုခုကို တွေ့ရသည်။



သူ့မျက်လုံးအစုံက အရောင်တဖျပ်ဖျပ် လက်သွားသည်။

ရွှေငွေကျောက်မျက်ရတနာများနှင့် စီခြယ်ထားသော ပစ္စည်းလည်း မဟုတ်ပါ။

စာရေးကြီးလောင်ချောင်းဖုန် တွေ့ရသည့်အရာကား ဓားပုံသဏ္ဌာန်ညှပ်ပြီးထားသော စက္ကူဓားကလေးသာဖြစ်လေတော့သည်။

◈◈◈◈◈

## ၃။

စက္ကူများကို မြင်သည်နှင့် စာရေးကြီးလောင်ချောင်းဖုန်သေတ္တာကို ကမန်းကတန်း ပြန်ပိတ်သည်။ ဝါးခမောက်နှင့် လူကို တစ်ချက်ကြည့်ပြီးမှ ဆိုင်တံခါးဝဆီကိုလည်း မလုံမလဲသော မျက်လုံးအစုံနှင့် ကြည့်သည်။

ပြီးမှ သူ့အသံကို နှိမ့်လိုက်ပြီး နှစ်ကိုယ်ကြား လေသံနှင့်မေးသည်။

"ဒီ .... ဒီပစ္စည်းကို မောင်ရင် ဘယ်ကရသလဲ .... "

စာရေးကြီးလောင်ချောင်းဖုန်၏အသံက တုန်ယင်နေသည်။

ဝါးခမောက်နှင့်လူ ပါးစပ်လှုပ်ရုံမျှ အနည်းငယ်လှုပ်ပြီး ခပ်အေးအေးပြန်ဖြေသည်။



"ကျွန်တော့်ရဲ့ ဘိုးဘွားပိုင်ပစ္စည်းပါလို့ ပြောပြီးပြီပဲ .... "

"ဒီ .... ဒီပစ္စည်းကို မောင် .... မောင်ရင် ဘယ်လောက်နဲ့ ပေါင်မှာလဲ .... "

"လျှံငွေ တစ်ထောင့်ရှစ်ရာရရင် တော်ပါပြီ .... "

"မ .... မများဘူးလား .... "

ဝါးခမောက်နှင့် လူက သူ့ခေါင်းကို အနည်းငယ်မော့လိုက်သည်။

ခမောက်နှင့် အရိပ်ကျနေသဖြင့် သူ့မျက်နှာမှာ အမှောင်ထုဖုံးကွယ်နေသော်လည်း စူးရှတောက်ပြောင်သော မျက်လုံးအစုံကမူ အရောင်တဖျပ်ဖျပ် လက်နေသည်။

ထိုလူ့အကြည့်ကြောင့် လောင်ချောင်းဖုန်က ကမန်းကတန်း ပြောပြန်သည်။

"လျှံငွေတစ်ထောင့်ရှစ်ရာနဲ့ ပေါင်မယ်ဆိုတော့ ငွေကြေးက များနေပါတယ် .... ကျုပ်ရဲ့ဆုံးဖြတ်ချက်နဲ့ မဖြစ်ပါဘူး .... ဒီတော့ ဒီလိုလုပ်ပါလား .... ကျုပ်ရဲ့သူဌေးနဲ့ မောင်ရင်တိုက်ရိုက်တွေ့မှဖြစ်မယ် .... "

ဝါးခမောက်နှင့်လူက ခေါင်းညိတ်လိုက်ပြီး ....

"ကောင်းပါပြီ .... ကျွန်တော် တွေ့ပါ့မယ် .... စာရေးကြီးသာ စီစဉ်ပေးပါ .... "

စာရေးကြီးလောင်ချောင်းဖုန်က သေတ္တာနက်ကလေးကို ရွှေရောင်သေတ္တာထဲ ပြန်ထည့်ပြီး ဝါဂွမ်းကပ်ကလေးနှင့် ပြန်ပတ်သည်။

ပြီးမှ သေတ္တာကလေးကို လက်ထဲမှ ဂရုတစိုက်ကိုင်၍ ဝင်းခြံတံခါးကို ဖွင့်ကာ အတွင်းမှထွက်လာသည်။

"နေဦး မောင်ရင် .... ကျုပ် ဆိုင်တံခါး ပိတ်လိုက်ဦးမယ်"

"စာရေးကြီးရဲ့ သူဌေးက ဘာမှာမို့လဲ .... "

"ဆိုင်အနောက်ဘက်မှာ နေပါတယ် .... ဒါကြောင့် ဆိုင်ရှေ့တံခါးကို ပိတ်ရမှာပါ ... "

ဝါးခမောက်နှင့်လူက ဘာမှထပ်မပြောတော့။

လောင်ချောင်းဖုန်က ဆိုင်တံခါးကို သေချာစွာ ပိတ်လိုက်ပြီး ဝါးခမောက်နှင့်လူကို သူနှင့်အတူ ဆိုင်အနောက်ဘက်သို့ ခေါ်ခဲ့သည်။

ဆိုင်အနောက်ဘက်တံခါးပါမှ ထွက်လိုက်သည်နှင့် ကျယ်ဝန်းသော ခြံဝင်းကြီးထဲသို့ ရောက်လာသည်။

ခြံဝင်းကြီးထဲတွင် သပ်ရပ်စွာ ဆောက်လုပ်ထားသော အဆောက်အအုံ ငါးခုရှိလေသည်။

စာရေးကြီးလောင်ချောင်းဖုန်က ဝါးခမောက်နှင့်လူကို အဆောက်အအုံ သုံးခုကို ဖြတ်ပြီးခေါ်ဆောင်လာသည်။

ဝါးခမောက်နှင့်လူသည် သူဖြတ်သန်းလာခဲ့သော အဆောက်အအုံသုံးခုကို ဂရုစိုက်၍ ကြည့်လာခဲ့ရာ အဆောက်အအုံ သုံးခုလုံး



မှောင်အတိကျနေပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသဖြင့် လူသူနေထိုင်ခြင်းမရှိကြောင်း တွက်ဆမိလေသည်။

ထိုမှ လွန်သောအခါ သစ်သားတံခါးထားသော ဥယျာဉ်ပျက်ကြီးဆီသို့ ရောက်လာသည်။

မိုးမှာစွဲသွားပြီဖြစ်သော်လည်း ဝါးခမောက်နှင့်လူမှာ သူ့ခေါင်းပေါ်မှ ဝါးခမောက်ကို မချွတ်ဘဲ ဆောင်းမြဲ ဆောင်းထားသည်။

ဥယျာဉ်ပျက်ကြီးအလယ်တွင် မီးရောင်မှိန်မှိန်ထွန်းထားသော ရေပ်ပျက်ကလေး တစ်ဆောင်ကို လှမ်းတွေ့ရသည်။

စာရေးကြီးလောင်ချောင်းဖုန်က သစ်သားတံခါးကို ဖွင့်ပေးကာ ဝါးခမောက်နှင့်လူကို ဝင်စေသည်။

ပြီးမှ ....

"ဇရပ်ထဲကို သွားပါ .... ကျောက်ခုံမှ ထိုင်ပါ .... "

စာရေးကြီးလောင်ချောင်းဖုန် ပြောဆိုပြီးသည်နှင့် အနောက်ဘက်သို့ လှည့်ထွက်သွားသည်။

ဝါးခမောက်နှင့်လူက ဥယျာဉ်ပျက်ကြီးထဲ ဝင်လာသည်။

ပန်းပင်များ မရှိတော့ဘဲ ချုံနွယ်ပင်များသာ ဖုံးလွှမ်းနေ သည်။

ကျောက်ပြားခင်းထားသောလမ်းမှ ကျောက်ပြားမှာလည်း ကွဲအက်ကြေပျက်နေကြသည်။

မြေပြင်အပြည့် မြက်ပင်ရှည်ကြီးများလည်း ပေါက်ရောက်နေကြသည်။

ဝါးခမောက်နှင့်လူသည် ဥယျာဉ်အလယ်ရှိ ဇရပ်ကလေးထဲ
ကို ဝင်လာသည်။

ဇရပ်ပျက်ကလေးမှာ အမိုးသာရှိပြီး ပတ်ပတ်လည်အကာမရှိ
သဖြင့် ဘေးပတ်ဝန်းကျင်ကို မြင်နေရသည်။

ဇရပ်အလယ်တွင် ကျောက်စားပွဲတစ်လုံးရှိသည်။

စားပွဲကို ကျောက်ခုံငယ်ကလေး ငါးခုရှိပြီး ဝန်းရံထားသော
ကျောက်ခုံနှစ်ခုံမှာ လုံးဝပျက်စီးနေသည်။

သုံးလုံးသာ အကောင်းပတိရှိသည်။ ကျောက်စားပွဲပေါ်နှင့်
ကျောက်ခုံနှစ်တုံးပေါ်တွင် ဖုန်များ သဲများအထပ်ထပ်တက်နေသော်
လည်း ခုံတစ်လုံးကမူ မကြာခင်ကမှ လူတစ်ယောက်ထိုင်သွားသည့်
အလား ပြောင်ရှင်းနေသည်။

ဝါးခမောက်နှင့်လူက ဖုန်သဲများကင်းသော ခုံပေါ်တွင် ထိုင်
ချလိုက်သည်။

ပြီးနောက် စားပွဲအောက်ကို လက်နှိုက်လိုက်သည်။

အဝတ်ထုပ်ကလေးတစ်ထုပ်ကို စမ်းမိပြီး ဆွဲယူကာ အဝတ်
များကို ဖြေကြည့်သည်။

အဝတ်စများ ပြေသွားသောအခါ အတွင်းဘက်မှ ဖယောင်း
လုံးတစ်လုံးပေါ်လာသည်။

သူသည် မျက်မှောင်ကြုတ်၍ ခဏမျှ စဉ်းစားပြီးနောက်
ဖယောင်းလုံးကို ခွဲလိုက်သည်။



ဖယောင်းလုံးကလေးအတွင်းမှ စာရွက်ကလေးတစ်ရွက်ထွက်
လာသည်။

ဘယ် .... ဆယ့်လေး၊ ညာ .... ဆယ့်ရှစ်။

လီယန်းတံတားထိပ်မှ ပန်းတစ်ပွင့် ....

စာကိုဖတ်ပြီးသည်နှင့် ဝါးခမောက်နှင့်လူသည် စာရွက်ကို
သိမ်းလိုက်ပြီး ထိုင်ရာမှထကာ ဇရပ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။

သူနှင့် မလှမ်းမကမ်းတွင် တံတားတစ်ခုကို လှမ်းမြင်ရသည်။
သူက တံတားဆီသို့ လျှောက်လာသည်။

တံတားမှာ သစ်သားတံတားဖြစ်ပြီး ရေကန်တစ်ကန်ပေါ်
ဖြတ်ထိုးထားသော တံတားဖြစ်လေသည်။

ဝါးခမောက်နှင့်လူသည် တံတားထိပ်တွင် ရပ်လိုက်ပြီး တံ
တားဘယ်ဘက် လက်ရန်းတိုင်များကို တစ်တိုင်ချင်း ရေတွက်ခဲ့ရင်း
တံတားပေါ်ကို လျှောက်လာခဲ့သည်။

တံတားလက်ရန်းတိုင် ဆယ့်လေးတိုင်သို့ ရောက်သောအခါ
တိုင်ထိပ်မှ ဘုကလေးကိုကိုင်၍ ဘယ်ဘက်ကို သုံးပတ်လှည့်လိုက်
သည်။

ပြီးတော့ တံတားထိပ်ကို ပြန်လာသည်။ ညာဘက်ရှိ လက်
ရန်းတိုင်များကို ရေတွက်ပြီး လျှောက်လာပြန်သည်။

ဆယ့်ရှစ်တိုင်မြောက်ကိုရောက်လျှင် တိုင်ထိပ်ရှိ ဘုကလေး

ကို ညာဘက်ကို့ လှည့်လိုက်သည်။

ဘုလုံးကလေးက သူ၏လက်ထဲကို ကျွတ်ပြီးပါလာသည်။ ဘုကျွတ်သွားသော တိုင်မှာ အခေါင်းကြီးဖြစ်နေရာ အခေါင်းထဲကို ဝါးခမောက်နှင့်လူက လက်နှိုက်လိုက်သည်။

လက်ပြန်ထုတ်လိုက်သောအခါ သူ့လက်ထဲတွင် ရှည်မျော မျော ဝါးကျည်တောက်ကလေးတစ်ခု ပါလာသည်။

ဝါးကျည်တောက်ကလေးထဲတွင် ပိုးပဝါလိပ်ကလေး တစ် လိပ်ကို တွေ့ရသဖြင့် ဆွဲထုတ်ယူကာ ဖြန့်ကြည့်သည်။

ပိုးပဝါပေါ်တွင် စာများရေးထားသည်ကို တွေ့ရသဖြင့် သူ သည် စာကို အစမှအဆုံး ဖတ်သည်။

စာဖတ်ရင်းမှ သူ့မျက်နှာမှာ ကျေနပ်ဝမ်းသာခြင်းအသွင်မျိုး ကို ဆောင်လာသည်။

စာဆုံးသွားသောအခါ သူသည် သူ့အင်္ကျီရင်ဖုံးထဲမှ အမည်း ရောင် စာရွက်တစ်ရွက်ကို ထုတ်ယူပြီး သေချာစွာ လိပ်ကာ ဝါးကျည် တောက်ကလေးထဲ ထည့်သွင်းလိုက်သည်။

ဝါးကျည်တောက်ကလေးကိုလည်း လက်ရန်းတိုင်အခေါင်း ထဲကို ပြန်ထည့်ပြီး ဘုလုံးဖြင့် ပြန်ပိတ်လိုက်သည်။

ပြီးမှ သူသည် ပိုးပဝါစကိုယူပြီး တံတားတစ်ဖက်ထိပ်သို့ ဆက်လျှောက်လာသည်။



တံတားတစ်ဖက်ထိပ်တွင် ထူးခြားစွာ ပွင့်နေသော ပန်းပင်ကြီး တစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းက တံတားပေါ်သို့ ကိုင်းကျနေသည်။

သူသည် ပန်းပွင့်တစ်ပွင့်ကို ခူးယူလိုက်ပြီး စာရေးထားသော ပဝါထဲကို ထည့်ကာ ပဝါဖြင့် ၎င်းပန်းကို လုံးချေလိုက်သည်။

ပဝါကို ဖြန့်လိုက်သောအခါ ပဝါပေါ်တွင်ရေးသားထားသော စာများအားလုံး ဖျက်ပြီးဖြစ်နေသည်။

သူက ပဝါကို ရေကန်ထဲသို့ ပစ်ချခဲ့ပြီး ဥယျာဉ်တံခါးဆီ ကို ပြန်လျှောက်လာခဲ့သည်။

ဥယျာဉ်တံခါးပေါက်ဝတွင် အပေါင်ဆိုင်စာရေးကြီး လောင် ချောင်းဖုန် ရပ်စောင့်နေသည်ကို တွေ့ရသည်။

လောင်ချောင်းဖုန် ဘယ်အချိန်က ရောက်နေပြီး သူ့ကိုစောင့် နေကြောင်း ဝါးခမောက်နှင့်လူက မသိပါချေ။

စာရေးကြီးလောင်ချောင်းဖုန်၏လက်ထဲတွင် လျှံငွေများ ကိုင် ထားသည်။

သူ့ရှေ့ကို ဝါးခမောက်နှင့်လူ ရောက်လာသောအခါ ငွေထုပ် ကို လှမ်းပေးပြီး ပြောသည်။

“ဟောဒီမှာ စုစုပေါင်း လျှံငွေတစ်ထောင့်ရှစ်ရာတိတိ .... မောင်ရင် သေချာရေတွက်ပြီး ယူသွားပေတော့ .... ”

ဝါးခမောက်နှင့် လူက ငွေထုပ်ကို လှမ်းယူပြီး ....

"ကျေးဇူးတင်ပါတယ် .... ရေတွက်ဖို့ မလိုပါဘူး .... "

သူသည် ငွေထုပ်ကို အင်္ကျီရင်ဘတ်ထဲကိုထည့်ပြီး ဝင်းနံရံဆီ လျှောက်သွားကာ ဝင်းနံရံမှ လွှားခနဲ ခုန်ကျော်၍ မြေပြင်ကို ထွက်လာခဲ့သည်။

မြေပြင်သို့ ဝါးခမောက်နှင့်လူ ရောက်လာသောအခါ မိုးက တဖွဲဖွဲရွာလာပြန်၏။

တစ်လောကလုံးလည်း အမှောင်ထုက ကြီးစိုးနေသည်။

ဝါးခမောက်နှင့်လူမှာ မိုးရွာထဲတွင်ပင် အပေါင်ဆိုင်ကို ကျောခိုင်း၍ ခပ်သွက်သွက်ကလေး လျှောက်လာသည်။ သူ့ရင်ထဲတွင် ကျေနပ်ဝမ်းသာနေသည်။

ကိစ္စရပ်တစ်ခုကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ သူ့ကိုယ်သူ ဂုဏ်ယူနေမိသည်။

သို့သော် .... သူသတိမပြုသောအချက်မှာ သူ့နောက်ဘက် မလှမ်းမကမ်းမှ အမည်းရောင်ဝတ်စုံကိုယ်စီကို ဝတ်ဆင်ထားသော လူ နှစ်ယောက် နောက်ယောင်ခံလိုက်လာခြင်းကိုပင် ဖြစ်သည်။

ဝတ်စုံနက်နှစ်ယောက်စလုံး၏ ကျောတွင်ဓားကိုယ်စီ လွယ်ထားသည်။

သူတို့အင်္ကျီရင်ဘတ်တွင် စာလုံးတစ်လုံးစီကို ပန်းချည်နီနှင့် ရေးထိုးထားသည်။



'ရဲ'ဟူသော စာလုံးပင်ဖြစ်သည်။

သူတို့ကား ရဲ့စန်းတောင်စခန်း သုံးဆယ့်ခြောက်မှ နှစ်ယောက်ပင် ဖြစ်၏။

သူတို့အင်္ကျီရင်ဘတ်ပေါ်တွင် ထိုးထားသော ရဲ့စာလုံး၏ အဓိပ္ပါယ်မှာ ရဲ့စန်းတောင်စခန်း သုံးဆယ့်ခြောက်၏ အမှတ်အသားပင် ဖြစ်လေတော့သည်။

◈◈◈◈◈

## ၄။

ရဲ့စန်းတောင် စခန်းသုံးဆယ့်ခြောက်မှ ဂိုဏ်းချုပ်ကြီးမှာ မြောင်ဖေးဟူပင် ဖြစ်လေသည်။

သူသည် အသက်ရှစ်ဆယ်ပြည့်ရန် တစ်နှစ်သာလိုတော့သည်။

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူမှာ လေးပေစီရှည်လျားသော လုံတိုနှစ်ချောင်းကို ကျွမ်းကျင်စွာ ကိုင်တွယ်တိုက်ခိုက်တတ်သော သိုင်းအကျော်အမော်ကြီးတစ်ယောက် ဖြစ်လေသည်။

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူမှာ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်လေသည်။

သူသည် နယ်မြေဒေသငါးခုတွင် လွှပ်ရှားဆိုးသွမ်းနေသော ဒုစရိုက်ဂိုဏ်းကြီးငါးဂိုဏ်းကိုလည်း သူ့စိတ်ကြိုက် ညွှန်ကြားပေးလွှမ်းမိုးနိုင်သူဖြစ်၏။



ဒုစရိုက်သိုင်းသမားများအပေါ် သူ၏တန်ခိုးအာဏာများ ကြီးမားလွန်းလှသည်။

သူသည် အခြားဒုစရိုက်ဂိုဏ်းခေါင်းဆောင်များဆီသို့ သွားနေစရာ မလိုချေ။

ထိုဒုစရိုက်ခေါင်းဆောင်များ သူ့ထံလာပြီး လက်ဆောင်ပဏ္ဏာများ ဆက်သကြရသည်။ သူ့အမိန့်ကို လာရောက်ခံကြရသည်။

သူသည် သူ့စခန်းချရာ ရဲ့စန်းတောင်ပေါ်မှ ဆင်းသက်လာခြင်းမရှိသည်မှာ နှစ်ပေါင်းများစွာပင် ကြာသွားချေပြီ။ ဂိုဏ်းထဲတွင် ပါဝင်နေသူများမှာ နလုံးရည် လက်ရုံးရည်ပါ ပြည့်ဝကြသည့် ထိပ်သီးသိုင်းသမားများသာ ဖြစ်ကြသောကြောင့် ထိုလူများ လှုပ်ရှားရုံဖြင့် ကိစ္စအဝဝ ပြီးမြောက်ခဲ့သည်သာ များလေသည်။

နှစ်ပေါင်းများစွာ ရဲ့စန်းတောင်ပေါ်က မဆင်းသက်ခဲ့သော ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူမှာ ယခုတော့ တောင်ပေါ်မှ ဆင်းခဲ့ရပြီး တိုက်ယန်းမြို့အနီးတွင်ရှိသော ပိုင်ကျားရွာကလေးသို့ ရောက်နေရလေပြီ။

ထိုသို့ ရောက်နေရခြင်းမှာလည်း တစ်စုံတစ်ဦးကို ကြိုဆိုဧည့်ခံရန်အတွက် ဖြစ်လေသည်။

မည်သူမဆို သူ့ကိုသာ တောင်ပေါ်တွင် လာတွေ့ရရိုး ထုံးစံရှိပေရာ ယခုကဲ့သို့ ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက တောင်ပေါ်ကဆင်းပြီး တစ်စုံတစ်ယောက်ကို ကြိုဆိုဧည့်ခံရန် စီစဉ်နေခြင်းအတွက် သူ့ဂိုဏ်းဝင်များအားလုံးပင် အံ့ဩနေကြရသည်။

ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူ ကြိုဆိုဧည့်ခံမည့် သူမှာလည်း နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ကြောင်းလည်း တွက်ဆမိကြ၏။

သို့သော် .... မည်သူမည်ဝါဖြစ်ကြောင်းကိုမူ မည်သူမျှ မခန့်မှန်းနိုင်ချေ။

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူ ကြိုဆိုဧည့်ခံပွဲလုပ်မည့် အိမ်ကြီးမှာ ကျယ်ဝန်းသော ခြံကြီးအလယ်ရှိ လူမနေသည့် အိမ်ကြီးတွင်ဖြစ်သည်။

ဝင်းခြံ ပတ်ပတ်လည်တွင်လည်း မြင့်မားသော အုတ်နံရံများသာ ရှိသည်။

ယခု ကျင်းပမည့် ဧည့်ခံပွဲကို ကျင်းပနိုင်ရန်အတွက် လွန်ခဲ့သော သုံးရက်ခန့်ကပင် ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူ၏ တပည့်များက ရဲ့စန်းတောင်ပေါ်မှ ရောက်လာပြီး ကြိုတင်စီစဉ်ထားကြရသည်။

လုံခြုံရေးအတွက်လည်း ထိုနေ့မှစ၍ ကြိုတင်ကာ အစောင့်အကြပ်များ ချထားရသည်။

ဧည့်ခံပွဲကျင်းပမည့်အချိန်မှာ ညသန်းခေါင်ကျော် ဝါးသုံးချက်ခေါက် အချိန်ဖြစ်သည်။

ဧည့်ခန်းဆောင်ထဲတွင် ဧည့်ခံပွဲအတွက် ပြင်ဆင်ထားသည်မှာ စားပွဲ၊ ကုလားထိုင်များများစားစားတော့ မဟုတ်ချေ။

စားပွဲကြီးတစ်လုံးနှင့် ထိုင်ခုံလေးလုံးသာ ဖြစ်လေသည်။



ဧည့်ခန်းမဆောင်ထဲတွင်မူ မီးအိမ်များကို ထိန်ထိန်လင်းလင်းအောင် ထွန်းထားသည်။

သန်းခေါင်တိုင်သည်နှင့် ....

ထိုင်ခုံလေးခုံရှိသည့်အနက် သုံးလုံးပေါ်တွင် လူသုံးယောက်ရောက်ရှိနေပြီး ထိုင်ခုံတစ်လုံးမှာ လူလွတ်နေသေးသည်။

ထိုင်ခုံတစ်လုံးတွင် ထိုင်နေသူမှာ ဂိုဏ်းချုပ်ကြီးမြောက်ဖေးဟူပင် ဖြစ်၏။

သူသည် ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထားပြီး အဝတ်ခါးပတ်အနီရောင်ကို ပတ်ထားသည်။

သူသည် အရုပ်အမောင်းကောင်းလှသူတစ်ဦးဖြစ်ပြီး မျက်နှာတွင်ရှိသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများမှာ ဆွတ်ဆွတ်ဖြူနေကြသည်။

သူ့မျက်လုံးအစုံမှာ အရွယ်နှင့်မလိုက်အောင် ထူးထူးခြားခြား တောက်ပြောင်နေပြီး သူ့ခန္ဓာကိုယ်ကလည်း ကြွက်သားများအပြည့်ဖြင့် သန်မာထွားကျိုင်းခြင်းကို ဖော်ကျူးနေသည်။

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူ၏ ဘယ်ဘက်ဘေးရှိ ကျန်ခုံတွင် ထိုင်နေသူမှာ ဦးခေါင်းကြီးကြီး၊ နားရွက်ကားကားနှင့် အသက်ငါးဆယ်ကျော်ခန့်ရှိသူတစ်ယောက် ဖြစ်၏။

သူ့ကိုယ်တွင် ဝတ်စုံဖြူကို ဝတ်ဆင်ထားသည်။ ထိုသူ၏ လည်ပင်းတွင် ကလေးလက်သီးဆုတ်ခန့်မျှရှိသော လူအရိုးခေါင်းပုံ

သဏ္ဍာန်ထုလုပ်ထားသည့် ကျောက်စိမ်းရုပ်ကလေးများကို ပုတီးကုံးသဖွယ် ဆွဲထားလေသည်။

သူကား ရတနာအရိုးခေါင်းဘွဲ့ရသော အိုးအိဖိန်းပင်ဖြစ်သည်။

အိုးအိဖိန်းသည် ဂိုဏ်းအသင်းအဖွဲ့နှင့် လှုပ်ရှားသူမဟုတ်ဘဲ တစ်ကိုယ်တော် လှုပ်ရှားနေသော ဒုစရိုက်သိုင်းသမားကြီးတစ်ယောက်ဖြစ်လေသည်။

သူသည် တစ်ကိုယ်တော် လှုပ်ရှားနေခြင်းဖြစ်သော်လည်း ထက်မြက်လွန်းလှသူဖြစ်သောကြောင့် သူ့နာမည်မှာ ဒုစရိုက်သမားများအလယ်တွင် ကျော်ကြားလွန်းလှလေသည်။

အိုးအိဖိန်းနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသူများမှာ မျက်နှာပြင်တွင် အသားပိုဘုလုံးခုနစ်လုံးထွက်နေပြီး ခါးကုန်းနေသော ခါးကုန်းကြီးတစ်ယောက်ဖြစ်၏။

မျက်မှာမှ အသားပိုဘုလုံးများကြောင့် သူ့မျက်လုံးမှာ ကြည့်ရဆိုးလှ၏။

သူ့အသက်မှာခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးရှိနေလေပြီ။

သူသည်လည်း ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သော နဂါးဂိုဏ်း၏ ဦးစီးဦးဆောင် ဂိုဏ်းချုပ်ကြီး ယန်းဖန်ပင်ဖြစ်သည်၊

ခေါင်းကိုးလုံးနဂါးဘွဲ့ကို ရထားသူဖြစ်လေသည်။



ခေါင်းကိုးလုံးယန်းဖန်၏ နဂါးနီဂိုဏ်းသည် မြစ်ဝါမြစ်ကမ်းတစ်လျှောက်ရှိ နယ်မြေများကို လွှမ်းမိုးထားသည်။

မြစ်ဝါမြစ်ကမ်းနံဘေးတစ်လျှောက်တွင် အသက်မွေးဝမ်းကျောင်း ပြုနေရသော တံငါသည်များ၊ တောင်သူလယ်သမားများ အားလုံး သူ့နာမည်ကို ကြားရုံနှင့် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြရ သည်။

ဤစည့်ခံပွဲမှာ ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက ရတနာအရိုးခေါင်း အိုးအိဖိန်းနှင့် ခေါင်းကိုးလုံးနဂါးယန်းဖန်တို့ အဓိကထားပြီး ဧည့်ခံသော ဧည့်ခံပွဲ မဟုတ်ပါချေ။

အဓိကထားပြီး ဧည့်ခံရန် ဖိတ်ကြားထားသူမှာ ယခုအချိန်ထိ ရောက်မလာသေးပါချေ။

ခြံဝင်းအပြင်ဘက်မှ ဝါးနှစ်ချက်ခေါက်သံ ထွက်ပေါ်လာသည်။

အထူးဖိတ်ကြားထားသော ဧည့်သည်မှာ ရောက်မလာသေးသဖြင့် ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူမှာ တည်ငြိမ်စွာထိုင်နေသော်လည်း တံခါးအပြင်ဘက်ကိုမူ သူ့မျက်လုံးက မကြာခဏ ရောက်သွားတတ်သည်။

ကျန်နှစ်ယောက်မှာလည်း ငြိမ်သက်စွာပင် ထိုင်နေလေရာ ဧည့်ခန်းမကြီးတစ်ဆောင်လုံး အပ်ကျသံကိုပင် ကြားနိုင်လောက် အောင် တိတ်ဆိတ်နေသည်။

ရတနာအရိုးခေါင်းအိုးအိဖိန်းနှင့် ခေါင်းကိုးလုံးနဂါးယန်းဖန်

တို့မှာ အိမ်ရှင်ဖြစ်သော ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူကို မေးခွန်းတွေများစွာ မေးလိုလှသော်လည်း မြောင်ဖေးဟူက စကားမစသဖြင့် သူတို့လည်း ငြိမ်နေကြရသည်။

သို့ဖြင့် အချိန်တရွေ့ရွေ့ ကုန်ဆုံးလာပြီး ဝါးသုံးချက်ခေါက်သံ ပေါ်ထွက်လာပြန်သည်။

ထိုအခါမှ ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက ခပ်တိုးတိုးချောင်းတစ်ချက်ဟန့်လိုက်သည်။

လွန်စွာ တိတ်ဆိတ်လွန်းနေသော အချိန်ဖြစ်သောကြောင့် သူ့ချောင်းဟန့်သံက အတော်ကလေး ကျယ်လောင်သွားသည်။

သူ့ထံမှ စကားသံခပ်သဲ့သဲ့လည်း ပေါ်ထွက်လာသည်။

"အိမ်း .... ဝါးသုံးချက်တောင် ခေါက်ပြီ ချိန်းဆိုဖိတ်ကြားထားတာတော့ ဒီအချိန်ပဲ .... ရောက်လာလုပါပြီလေ .... "

အိုးအိဖိန်းနှင့် ယန်းဖန်တို့အကြည့်က မြောင်ဖေးဟူဆီသို့ ရောက်လာသည်။ အိုးအိဖိန်းက ကြားသာရုံ လေသံဖြင့် မေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးဖိတ်ကြားထားတဲ့ ဧည့်သည်ဟာ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်တို့ ခုထက်ထိ စဉ်းစားလို့မရသေးပါဘူး"

ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူက ခပ်သဲ့သဲ့ပြုံးလိုက်ပြီး ....

"လာတော့ ခင်ဗျားတို့ တွေ့ကြရမှာပေါ့ဗျာ .... ခဏလောက်သည်းခံပြီး စောင့်ကြည့်ပါဦး .... "



ခေါင်းကိုးလုံးနဂါး ယန်းဖန်က ....

"ကျွန်တော်တို့ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေတယ် အစ်ကိုကြီးမြောင် .... အစ်ကိုကြီးမြောင်လို ပုဂ္ဂိုလ်မျိုးက ဖိတ်စာပို့ပြီး တိတိကျကျ ဖိတ်ထားတယ် .... ဒီမှာ အစ်ကိုကြီးမြောင် ရောက်နေတာလည်း အတော်ကလေးကြာသွားပြီ .... ဒါပေမယ့် အစ်ကိုကြီးမြောင် ဖိတ်ကြားတဲ့သူက အခုထိ ရောက်မလာတော့ မလေးမစားပုံစံမျိုး ဖြစ်နေပြီ .... "

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက အပြုံးမပျက်ဖြင့် ....

"ကျုပ်ဖိတ်ထားတဲ့လူကလည်း နယ်နယ်ရရမဟုတ်ဘူးလေ ဒါကြောင့်လည်း ကျုပ်ကိုယ်တိုင် တောင်ပေါ်ကတောင် ဆင်းပြီး ဒီမှာ စောင့်ကြိုဧည့်ခံနေရတာပေါ့ .... "

အိုးအိဖိန်းက ....

"ဒီဧည့်သည်ဟာ ပြိုင်စံရှားသိုင်းအကျော်အမော်တစ်ယောက်ပဲလား .... ဂိုဏ်းချုပ်ကြီးဟာ တော်ရုံတန်ရုံလူကို ဒီလိုကြိုဆိုဧည့်ခံမှာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သိထားကြပါတယ် .... "

ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူက ခေါင်းညိတ်၍ ....

"ဟုတ်တယ်ဗျ .... ကျုပ်ဖိတ်ထားတဲ့ သူဟာ လက်ရုံးရည်နှလုံးရည်ပါ အတော်ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ .... သိုင်းလောကသားတိုင်း သူ့နာမည်ကို သိကြပါတယ် .... ခင်ဗျားတို့နှစ်ယောက်လည်း သိပါတယ် .... ဒါပေမယ့် ဘယ်သူမှ သူ့မျက်နှာကို အခုထိ မမြင်ဖူးကြသေးဘူး .... ကျုပ်တို့လည်း မမြင်ဖူးသေးဘူး .... "

ယန်းဖန်က သိချင်စိတ် ပြင်းပြလာပြီး ....

"ဘယ်သူများလဲ အစ်ကိုကြီးမြောင် .... ကျွန်တော်တို့ကို ဖွင့်ပြောပြပါတော့ .... "

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက တစ်လုံးချင်း ပြန်ပြောလိုက်သည်။

"စက္ကူဓားသမား အို့ယိဝမ်း .... "

"ဟင် .... "

"ဗျာ .... "

အိုးအိဖိန်းနှင့် ယန်းဖန်တို့နှစ်ယောက်စလုံး အံ့သြတုန်လှုပ်သွားကြသည်။

မျက်စိမျက်နှာလည်း ပျက်ကုန်ကြသည်။

ယန်းဖန်က တုန်ယင်သောအသံဖြင့် မေးသည်။

"အစ် .... အစ်ကိုကြီး .... ပြောတာ လေပွေမုန်တိုင်းအဖွဲ့ရဲ့ ဦးစီးဦးဆောင် အို့ယိဝမ်းလား .... "

"ဟုတ်တယ် သူပဲ .... "

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက ခေါင်းညိတ်၍ ဖြေသည်။ ပြီးမှ ဆက်၍ ....

"အို့ယိဝမ်းဟာ တကယ်လျှို့ဝှက်ပြီးနေတဲ့သူဆိုတာ အားလုံးအသိပဲ .... သူ့မျက်နှာမှန်ကို သူ့အဖွဲ့ဝင်တွေက လွဲပြီး တခြား ဘယ်သူမှ မမြင်ဖူးကြသေးဘူး .... "



အိုးအိဖိန်းက ....

"ဒီလောက် လျှို့ဝှက်တဲ့လူကို ဂိုဏ်းချုပ်ကြီးက ဘယ်လို အဆက်အသွယ်ရပြီး ဖိတ်ကြားနိုင်ခဲ့တာလဲ .... "

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက ဝင့်ကြွားစွာဖြင့် ပြုံးလိုက်ပြီး

"ဒီကိစ္စအတွက် ကျုပ်ဟာ ကျုပ်ရဲ့တစ်ရာလောက်ကို စေလွှတ်ပြီး စုံစမ်းခိုင်းရတယ် .... လွယ်တော့ မလွယ်လှဘူး .... ဒါပေမယ့် နောက်တော့ သူ့ကိုဖိတ်ကြားနိုင်မယ့် နည်းလမ်းကို တွေ့ခဲ့ပြီး လျှို့ဝှက်တဲ့နည်းနဲ့ သူ့ဆီကို ဖိတ်စာပို့နိုင်တယ်ခါပါတော့ .... "

ယန်းဖန်က ....

"လေပွေမုန်တိုင်းအဖွဲ့ဟာ သူတို့ဘာသာ သီးသန့်လှုပ်ရှားနေတဲ့ အဖွဲ့ပဲ .... ဘယ်ဂိုဏ်း ဘယ်အဖွဲ့နဲ့မှလဲ ပူးပေါင်းဆောင်ရွက်ခြင်း မရှိဘူးလို့ ကျွန်တော်တို့ ကြားသိထားကြရတယ် .... အစ်ကိုကြီး ဖိတ်ထားတာကို အို့ယိဝမ်းက အလေးထားပြီး လာပါ့မလား .... "

မြောင်ဖေးဟူက ခေါင်းညိတ်၍ ....

"ကျုပ်ကလည်း နာမည်ဂုဏ်သတင်းကြီးတဲ့ လူတစ်ယောက်ပဲ .... ကျုပ်လိုလူမျိုးက လေးလေးစားစား အရေးတယူနဲ့ ဖိတ်တာ အို့ယိဝမ်း လာရလိမ့်မပေါ့ .... "

ယန်းဖန်က ....

"သူ့ကို အစ်ကိုကြီးဖိတ်ကြားထားတာဟာ သူနဲ့ နဂါးညိုနှောင် အာမခံဌာန အရောင်းအဝယ်ကိစ္စကို ဆွေးနွေးမလို့လား .... "

"အရောင်းအဝယ်"ဆိုသော စကားမှာ သူတို့စရိုက်လောကသားများသုံးသော လုယက်တိုက်ခိုက်ခြင်းကို အဓိပ္ပါယ်ဆောင်သည့် စကားမျိုးဖြစ်လေသည်။

ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူက မဖြေသေးဘဲ အိုးအိဖိန်းနှင့် ယန်းဖန်တို့ကို ကြည့်၍ မေးခွန်းပြန်ထုတ်သည်။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ သဘောထားကို ပြောကြပါဦး"

ယန်းဖန်က မဆိုင်းမတွ ပြန်ပြောသည်။

"ဒီကိစ္စမှာ လေပွေမုန်တိုင်းအဖွဲ့လည်း ဝင်ပါမယ်ဆိုရင် ကျွန်တော်တို့တစ်တွေ သူ့ကိုလည်း ခွဲဝေပေးရမယ်ဆိုတော့ ဝေစုနည်းမသွားဘူးလား ...."

အိုးအိဖိန်းကလည်း ဝင်ပြောသည်။

"ကျွန်တော့်သဘောကို ပြောရရင်တော့ ကျွန်တော်အလုပ်လုပ်မယ့် နဂါးညီနောင်အာမခံဌာနကိစ္စမှာ ဂိုဏ်းအဖွဲ့ပူးပေါင်းမှုနည်းလေ .... ကောင်းလေပဲလို့ ထင်မိပါတယ် .... ဂိုဏ်းချုပ်ကြီး ဒီကိစ္စမှာ လူများရင် အပြင်ကို ပေါက်ကြားသွားနိုင်ပါတယ် .... တစ်ယောက်တစ်ပေါက်နဲ့ စကားလည်း များနိုင်ပါတယ် ...."

ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူ ခေါင်းကို ခါယမ်းလိုက်ပြီး ....

"မဟုတ်ဘူးသေးလေ .... မဟုတ်သေးဘူး .... ခင်ဗျားတို့ သေချာတွေးကြည့်ကြ .... ဒီတစ်ခေါက် နဂါးညီနောင်ဌာနက သယ်ယူပို့ဆောင်ပေးမယ့် ပစ္စည်းတွေဟာ ဘယ်လောက်အထိ တန်ဖိုးများ



တယ်ဆိုတာ .... ခင်ဗျားတို့ အသိပဲ ဒါကြောင့် သူတို့ဟာ ဒီပစ္စည်းတွေကို အစွမ်းကုန် ကာကွယ်နိုင်ဖို့ စီစဉ်ကြမှာပဲ .... နဂါးညီနောင်အာမခံဌာနက သယ်ယူမယ့် ဒီပစ္စည်းတွေအကြောင်း အပြင်ကိုလည်း ပေါက်ကြားနေပြီလေ .... သိပ်ပြီးလျှင်တဲ့ အိုယိဝမ်းကလည်း သိနေမှာ အမှန်ပဲ ...."

"ဒါတော့ .... သူတို့လည်း သိမှာပါ ...."

"ကျုပ်ကြားထားရသလောက်တော့ ဒီပစ္စည်းတွေဟာ မြို့စားကြီး ချင်း တစ်သက်လုံးစုဆောင်းထားတဲ့ ချမ်းသာသမျှ ပစ္စည်းတွေအကုန်လုံးပဲတဲ့ .... ဒီပစ္စည်းတွေကိုသာ ကျုပ်တို့ရလိုက်လို့ကတော့ ဒီတစ်သက်စားလို့ကုန်မှာ မဟုတ်တော့ဘူး .... ဒီလောက်ပစ္စည်းတွေများနေမှတော့ အိုယိဝမ်းကို ဝေစုတစ်ပုံပေးရတာ ဘယ်လောက်မှ မနစ်နာသွားနိုင်ပါဘူး .... ပထမသုံးပုံပုံဖို့ ရည်ရွယ်ထားပေမယ့် အခုလေးပုံပုံရမှာပဲ .... အဲ .... အိုယိဝမ်းဆီက အများကြီးအထောက်အကူရလာနိုင်တယ် ...."

ယန်းဖန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"အိမ်း .... အစ်ကိုကြီးပြောတာတော့ ဟုတ်ပါတယ် .... ကျွန်တော်တို့ သုံးယောက်ရမယ့် ဝေစုထဲက နည်းနည်းစီသာ လျော့သွားကြမှာပါ .... အိုယိဝမ်းရဲ့ အထောက်အကူလည်း အများကြီးရလာနိုင်တယ် .... ဒါပေမယ့် အိုယိဝမ်းက ကျွန်တော်တို့နဲ့ ပူးပေါင်းပါ့မလား ...."

ဂိုဏ်းချုပ်ကြီး မြောက်ဖေးဟူ ချက်ချင်းပြန်မဖြေနိုင်ဘဲ တွေဝေသွားသည်။

◇◇◇◇◇

## ၅။

ခဏနေမှ ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူ စဉ်းစဉ်းစားစားနှင့် ပြန်ဖြေ၏။

"ကျုပ်တို့တွေ ဆွေးနွေးကြည့်ရင် သူလက်ခံလိမ့်မယ်ထင်ရတာပဲလေ .... ဒါကြောင့်လည်း ကျုပ် အရင် အပင်ပန်းခံပြီး သူနဲ့ ဆွေးနွေးနိုင်ဖို့ အပင်ပန်းခံ ကြိုးစားရတာပေါ့ .... "

သူတို့သုံးယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြပြန်သည်။

အချိန်မှာ တရွေ့ရွေ့ကုန်လွန်လာသဖြင့် စက္ကူဓားသမား အို့ယိဝမ်း လာမှလာပါ့မလားဟု ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူပင် တွေးလာမိသည်။

တိတ်ဆိတ်ငြိမ်သက်မှုမှာ လွှမ်းမိုးသွားပြန်သည်။

အိမ်အပြင်ဘက်မှ ဝါးရုံကြီးကို လေတိုက်၍ ထွက်ပေါ်လာသော သစ်ရွက်ခတ်သံကိုပင် သူတို့အခန်းထဲမှ ကြားနေရသည်။

"ဒေါက် .... "

ထိုစဉ် တိတ်ဆိတ်မှုကို ဖောက်ထွင်းလျက် စားပွဲပေါ်သို့ အရာဝတ္ထုတစ်ခုခု ကျသံပေါ်လာသည်။

အားလုံး၏ မျက်လုံးများက အရာဝတ္ထုကလေးဆီရောက်သွားသည်။

ဝါးကျည်တောက်ကလေးတစ်ခုဖြစ်ပြီး သူတို့ကြည့်လိုက်စဉ်မှာပင် ဝါးကျည်တောက်ကလေးမှာ ကွဲသွားကာ အတွင်းမှ စာရွက်အနက်ကလေးတစ်ရွက် ပေါ်လာသည်။

စာရွက်မှာလည်း ပြန့်သွားပြီး ရေးထားသော စာများလည်း ပေါ်လာသည်။

၎င်းစာရွက်အနက်ကလေးမှာ လွန်ခဲ့သော ရက်အတွင်းက စုံပဟေဠိအပေါင်းဆိုင်တွင် ဝါးခမောက်နှင့်လူ တံတားလက်ရန်းတိုင်ထဲ၌ ထည့်ထားခဲ့သော ဖိတ်စာနက်ပင် ဖြစ်လေသည်။

မြောင်ဖေးဟူတို့ သုံးယောက်စလုံး မျက်မှောင်ကြုတ်သွားကြပြီး တစ်ဦးမျက်နှာကို တစ်ဦးကြည့်လိုက်ကြသည်။

ထိုဝါးကျည်တောက်ကလေးမှာ ဧည့်ခန်းဆောင်၏ ညာဘက်ပြတင်းပေါက်မှ ဝင်လာခြင်းဖြစ်၏။

သုံးယောက်စလုံး ဝုန်းခနဲ ထရပ်လိုက်ကြပြီး ထိုပြတင်းပေါက်ဆီသို့ ထလာကြသည်။



အမှောင်ဖုံးနေသော ပြတင်းပေါက်အပြင်ဘက်ကို လှမ်းကြည့်ကြသည်။

အပြင်ဘက်တွင် လေတိုးသံမှအပ အခြားထူးခြားသော အသံကို မကြားရချေ။ လူရိပ်လူယောင်ကိုလည်း မမြင်ရချေ။

မြောင်ဖေးဟူက လေသံမတိုးမကျယ်နှင့် ခေါ်လိုက်၏။

"အို့ယိဝမ်း ရောက်လာပြီလား .... ဧည့်ခန်းဆောင်ထဲကို ကြွခဲ့ပါ .... "

"ကျွန်တော် ရောက်လာပါပြီ .... နောက်ကျတဲ့အတွက် ခွင့်လွှတ်ပါ .... "

အသံတစ်သံ ထွက်ပေါ်လာပြီး ၎င်းအသံမှာ ပြတင်းပေါက်အပြင်ဘက်မှ ပေါ်ထွက်လာခြင်းမဟုတ်ဘဲ သူတို့နောက်ကျောဘက်မှ ပေါ်ထွက်လာခြင်းဖြစ်သဖြင့် မျက်လုံးပြူးသွားကြသည်။

တစ်ပြိုင်တည်းပင် နောက်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်ကြလေသည်။

စားပွဲအောက်ရှိ ပထမလွတ်နေသော ထိုင်ခုံပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ကြရသည်။

ထိုသူ့လက်ထဲတွင် အရက်ထည့်ထားသော ကြွေပန်းကန်တစ်လုံးကို ကိုင်ထားသည်။

ထိုလူက ထိုင်ရာမှ ထရပ်လိုက်ပြီး မြောင်ဖေးဟူတို့ သုံးယောက်ကို ဦးညွှတ်နှုတ်ဆက်သည်။

သူ့ခန္ဓာကိုယ်က ကြံ့ခိုင်တောင့်တင်းပြီး ခါးတွင် ခုတ်ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။

ကိုယ်ပေါ်တွင် ဝတ်စုံဖြူကို ဝတ်ဆင်ထားကာ သူ့မျက်နှာကိုလည်း အနက်ရောင်ပဝါပါးပါးနှင့် ဖုံးအုပ်ထားသည်။

ထို့ကြောင့် သူ့မျက်နှာကို သဲကွဲစွာ မမြင်ရချေ။

မြောင်ဖေးဟူက စားပွဲဆီ ပြန်လျှောက်လာရင်း ....

"အိုယိဝမ်းလား .... "

ဝတ်စုံဖြူက ခပ်အေးအေးပြန်ပြောသည်။

"နောင်ကြီးဖိတ်ကြားထားသူ စစ္စကျူသိုင်းသမား အိုယိဝမ်းဖြစ်နေမှတော့ ကျွန်တော်ကလည်း အိုယိဝမ်းပဲ ဖြစ်ရမှာပေါ့ .... "

မြောင်ဖေးဟူ၊ ယန်းဖန်နှင့် အိုးအိဖိန်းတို့ သုံးယောက်စလုံး သူတို့၏ မူလထိုင်ခုံများတွင် နေရာပြန်ယူလိုက်ပြီး ဝတ်စုံဖြူ၏ မျက်နှာကို မြင်နိုင်အောင် ကြည့်ကြသော်လည်း ပဝါအနက်ခံနေသဖြင့် သဲကွဲစွာ မမြင်ရချေ။

မြောင်ဖေးဟူက ....

"ကျုပ်ဖိတ်ကြားထားတာကတော့ စစ္စကျူးဓားသမား အိုယိဝမ်းပါပဲ .... ဒါပေမယ့် ခင်ဗျားရဲ့ မျက်နှာကို ခုလိုပဝါနဲ့ ဖုံးထားတော့ ကျုပ်တို့အနေနဲ့ ခင်ဗျားကို ဘယ်သူဘယ်ဝါဆိုတာ ဘယ်သိနိုင်ပါ့မလဲ .... "

ဝတ်စုံဖြူက ကြားဖြတ်ပြီး ....



"နေပါဦး .... အိုယိဝမ်းကို နောင်ကြီးတို့က မြင်ဖူးထားကြလို့လား .... ကျွန်တော့်မျက်နှာကိုမြင်ရုံနဲ့ ကျွန်တော့်ကို စစ္စကျူးဓားသမား အိုယိဝမ်းဆိုတာ သိနိုင်ကြပါ့မလား .... "

မြောင်ဖေးဟူက ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျုပ်တို့ အိုယိဝမ်းရဲ့မျက်နှာကို မမြင်ဖူးကြပါဘူး .... "

ဝတ်စုံဖြူက ....

"ဒါဆိုရင် .... ကျွန်တော့်မျက်နှာမှာ ပဝါအုပ်မထားလည်း ကျွန်တော့်ကို အိုယိဝမ်း ဟုတ်မဟုတ်ကို နောင်ကြီးတို့ သိနိုင်ကြမှာမဟုတ်ပါဘူး .... ကျွန်တော့်ရဲ့အကျင့်က အပြင်ကိုထွက်တဲ့အခါ လူစိမ်းတွေနဲ့ ဆက်ဆံတဲ့အခါ အခုလိုပဲ မျက်နှာကို ပဝါအုပ်ထားတတ်ပါတယ် .... ဒီအချက်ကို ခွင့်လွှတ်ပါ .... "

မြောင်ဖေးဟူတို့ သုံးယောက်မှာ အိုယိဝမ်း၏ မျက်နှာကို မြင်နိုင်ရန် အခွင့်အရေးရကြတော့မည်မဟုတ်သဖြင့် စိတ်ပျက်သွားကြ၏။

သို့သော် .... သူတို့၏ အဓိကရည်ရွယ်ချက်မှာ နဂါးညီနောင် အာမခံဌာနကိစ္စကိုသာ ဆွေးနွေးရန်ဖြစ်လေရာ ထိုအကြောင်းကို ဆက်မပြောကြတော့ချေ။

မြောင်ဖေးဟူက ....

"ထားပါတော့လေ .... စကားအဖြစ်သာ ပြောတာပါ .... ကျုပ်တို့ မသိအောင် ဒီအခန်းထဲကို ရောက်အောင် လာနိုင်ကတည်းက

ခင်ဗျားဟာ အိုယိဝမ်းဆိုတာ ယုံကြည်ပါတယ် .... ကျုပ်ကိုတော့ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျားသိပြီးသားဖြစ်မှာပါ .... သူတို့နှစ်ယောက်နဲ့ မိတ်ဆက်ပါရစေ .... "

ဝတ်စုံဖြူက ....

"ဒီနောင်ကြီးနှစ်ယောက်ကိုလည်း ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် သိထားပြီးသားပါ .... ဒီနောင်ကြီးနှစ်ယောက်ရဲ့ ဂုဏ်သတင်းဟာလည်း ကျော်ကြားကြပါတယ် .... နောင်ကြီးယန်းဖန်နဲ့ နောင်ကြီး အိုးအိဖိန်းတို့ရဲ့ ဒီလိုတွေ့ရတာ ကျွန်တော် အလွန်ပဲ ဝမ်းသာပါတယ် .... "

အိုယိဝမ်းလို လူမျိုးက သူတို့ကို သိနေသည်ဆိုသဖြင့် ယန်းဖန်နှင့် အိုးအိဖန်းတို့နှစ်ယောက်စလုံး ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်ကြသည်။

မြောင်ဖေးဟူကိုယ်တိုင် ပ႑ကန်လုံးကလေးများထဲသို့ အရက်ကို ငှဲ့ထည့်လိုက်ပြီး သူ၏အရက်ခွက်ကို မြှောက်ကာ ....

"ကျုပ်တို့ရဲ့ ဆွေးနွေးပွဲ အောင်မြင်ပါစေဆိုတဲ့ အထိမ်းအမှတ်နဲ့ တစ်ခွက်စီလောက် သောက်ကြပါစို့ .... "

မြောင်ဖေးဟူက ဦးစွာ သူ့အရက်ခွက်ကို သောက်လိုက်ရာ ကျန်လူသုံးယောက်လည်း သူတို့ အရက်ခွက်ကိုယ်စီကို မြှောက်၍ သောက်လိုက်ကြသည်။

ပြီးနောက် ဝတ်စုံဖြူက မြောက်ဖေးဟူကို ကြည့်လိုက်ပြီး



"နောင်တော်ကြီးအနေနဲ့ ကျွန်တော့်ကို ဖိတ်ခေါ်ဆွေးနွေးချင်တာက နဂါးညီနောင်အာမခံဌာနက ညယ်ယူမယ့် ပစ္စည်းကိစ္စဖြစ်လိမ့်မယ်လို့ ယူဆပါတယ် .... ဟုတ်ပါသလား .... "

မြောင်ဖေးဟူ အံ့အားသင့်သွားပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်၍ ....

"ဟုတ်ပါတယ်ဗျာ .... ဟုတ်ပါတယ် .... အချင်းချင်းတွေမို့ ကျုပ်တို့တွေ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးကြတာပေါ့ .... ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားအနေနဲ့ ဘယ်လိုသဘောထားရှိတယ်ဆိုတာ ကျုပ်တို့သိပါရစေ အိုယိဝမ်း .... "

ထိုစဉ် မီးခိုးရောင်ဝတ်စုံများ ဝတ်ဆင်ထားသူများက ဘန်းကိုယ်စီကိုင်၍ စားပွဲပေါ်သို့ အငွေ့တထောင်းထောင်းထနေသော ဟင်းပန်းကန်များကို လာချပေးသည်။

ဟင်းရနံ့များက ဧည့်ခန်းဆောင်ထဲတွင် မွှေးကြိုင်သွားသည်။

မီးခိုးရောင် ဝတ်စုံနှင့်လူများ ဧည့်ခန်းဆောင်ထဲက ပြန်ထွက်သွားတော့မှ ဝတ်စုံဖြူနှင့်လူက မြောင်ဖေးဟူကို ကြည့်၍ ပြန်မေး၏။

"နောင်တော်ကြီးက ကျွန်တော့်ကို ဆွေးနွေးဖို့ ဖိတ်ခေါ်တဲ့လူမို့ နောင်တော်ကြီးရဲ့ဆန္ဒကိုသာ ဦးဆုံးသိပါရစေလား .... "

မြောင်ဖေးဟူက ....

"ကောင်းပြီလေ .... ကျုပ်ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်

နဂါးညီနောင် အာမခံဌာနက အခုတစ်ခေါက် သယ်ယူမယ့်ပစ္စည်းတွေဟာ ဘယ်လောက်အထိ အဖိုးတန်တယ်ဆိုတာ .... ခင်ဗျားလည်း သိပြီးနေမှာပါ .... ကျုပ်တို့လို လူမျိုးတွေအနေနဲ့ ဒီပစ္စည်းကို ဘယ်လိုမှ လက်လွှတ်မခံနိုင်ကြပါဘူး .... "

"မှန်ပါတယ် နောင်ကြီး .... "

"ဒီတော့ ဒီပစ္စည်းကို လုယူတဲ့အခါ ကျုပ်တို့တစ်တွေနဲ့ ခင်ဗျားရဲ့အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ် .... ဒီပစ္စည်းကို ရလာတဲ့အခါ ကျုပ်တို့လေးယောက် ဒီပစ္စည်းကို လေးပုံခွဲပြီး ယူကြမယ် .... ယန်းဖန်နှင့် အိုးအိမ်ဖိန်းတို့ကတော့ သဘောတူပြီးသား .... ခင်ဗျားရဲ့ သဘောဆန္ဒကိုပဲ သိချင်ပါတယ် .... အို့ယိဝမ်း .... "

အိုးအိမ်ဖိန်းကပါ ဝင်ပြောသည်။

"အိုးယိဝမ်း .... ခင်ဗျားကသာ ကျုပ်တို့နဲ့ ပူးပေါင်းမယ်ဆိုရင် .... ကျုပ်ရမယ့် ဝေစုထဲက သုံးပုံထပ်ပုံပြီး တစ်ပုံကို ခင်ဗျားတို့ သုံးယောက်ကို ထပ်ခွဲဝေပေးပါ့မယ် .... ကျုပ်ကတော့ တစ်ကိုယ်တော်ဆိုတော့ ခင်ဗျားတို့လို ထပ်ပြီးခွဲဝေပေးရမယ့် တပည့်လက်သားတွေ မရှိဘူးလေ .... ဒါကြောင့်ပါ .... "

မျက်နှာတွင် ပဝါနက်ဖုံးထားသော အို့ယိဝမ်းက ....

"ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ခွဲဝေယူဖို့ကိစ္စကို ထားပါဦးလေ နဂါးညီနောင်အာမခံဌာနက ပို့မယ့်ပစ္စည်းတွေဟာ ဘယ်လိုပစ္စည်းမျိုးတွေလဲ .... ဘယ်လောက်အထိ တန်ဖိုးရှိသလဲဆိုတာကော .... နောင်



ကြီးတို့ သိထားကြသလား .... "

မြောင်ဖေးဟူက ပြုံးလိုက်ပြီး ....

"ကျုပ်တို့တစ်တွေ သတင်းအတိအကျ ရထားပြီးသားပါ ---- အို့ယဝမ်း ဒီပစ္စည်းတွေကို သယ်ယူခတင် ပိုင်ရှင်က နဂါးညီနောင်အာမခံဌာနကို သယ်ယူပို့ဆောင်ခ လျှံငွေလေးသိန်းပေးရသတဲ့ .... သယ်ယူပို့ဆောင်ခကိုတောင် ဒီလောက်ပေးနေမှတော့ ပစ္စည်းတန်ဖိုးဟာ ဘယ်လောက်များတယ်ဆိုတာ တွက်ဆကြည့်ရင် သိနိုင်ပါတယ်"

"ဟုတ်ပါပြီ နောင်တော် .... "

အို့ယိဝမ်းဖြတ်မေးသဖြင့် မြောင်ဖေးဟူက ဆက်ပြောသည်။

"ဒီပစ္စည်းတွေကို နဂါးညီနောင်အာမခံဌာနဟာ ထိုက်ယန်းမြို့ကနေ ရှန်းစီးနယ် ထိန်အန်းမြို့အရောက် တာဝန်ယူပြီး ပို့ပေးကြရလိမ့်မယ် .... စတင်ပို့ဆောင်မယ့် အချိန်ကတော့ သန်ဘက်ခါ အရုဏ်ဦးအချိန်မှာပဲ .... နဂါးညီနောင် အာမခံဌာန ပိုင်ရှင်လည်းဖြစ် .... အုပ်ချုပ်ရေးမှူးလည်းဖြစ်တဲ့ ပြိုင်ဘက်ကင်းနယ်စားလုံပိုက်ထောင်ကိုယ်တိုင် ဒီခရီးမှာ လိုက်စောင့်ရှောက်ပြီး ပို့ဆောင်လိမ့်မယ် .... "

အို့ယိဝမ်းက ....

"သူတို့တစ်တွေ ဘယ်လိုအစီအစဉ်နဲ့ ပို့ဆောင်ကြမယ်ဆိုတာကော နောင်ကြီး ဘယ်လိုကြားသိထားသလဲ .... ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းကို ပို့ဆောင်ရာမှာ သာမန်ကုန်ပစ္စည်းပို့သလိုတော့ ပေါ့ပေါ့ဆဆ ပို့ကြမှာ မဟုတ်ဘူး .... "

မြောင်ဖေးဟူက ....

"ဒါတွေကို ကျုပ်သိတန်သလောက် သိထားပါတယ် .... လုံပိုက်ထောင်ဟာ သူ့ရဲ့အမှုထမ်းတွေထဲက အတော်ဆုံးသိုင်းသမားတွေအားလုံးကို ထိုက်ယန်းဖူမြို့ကို ခေါ်ထားတယ် .... သူတို့ဟာ ကွန့်တဲ့လမ်းမအတိုင်း အနောက်ဘက်ကို ဆင်းကြလိမ့်မယ် .... တစ်လမ်းလုံး တင်းကျပ်တဲ့စည်းကမ်းတွေ ချမှတ်ထားလိမ့်မယ် .... နေ့ဘက်ခရီးသွားချိန်မှာ လိုက်ရမယ့် လူမှန်သမျှ မြင်းပေါ်က လုံးဝမဆင်းစေရဘူး .... ညဘက်ဆိုရင်လည်း မီးတွေကို ထိန်နေအောင် ထွန်းညှိထားကြလိမ့်မယ် .... ပစ္စည်းပါတဲ့ မြင်းလှည်းပတ်ပတ်လည်မှာ အစောင့်တွေ အထပ်ထပ်ချထားပြီး အမြဲတမ်းရှိနေကြလိမ့်မယ် ...."

မှန်ပေသည်။

အိုယိဝမ်းသည် ဒုစရိုက်ခေါင်းဆောင်တစ်ယောက်ဖြစ်သော်လည်း လူနုံလူဖျင်းတစ်ယောက်တော့ မဟုတ်ပေ။

ရှေးနီတိစကားသည် ရှိခဲ့ပေ၏။

ရဲရင့်သောသူသည် လက်နက်ကင်း၍ စစ်မြေအရပ်သို့ မသွားရာ။ ပညာရှိသည် ကျမ်းဂန်ကင်း၍ စကားမဆိုရာ။

အန္တရာယ်ရှည်သော ခရီးကိုသွားသော ကုန်သည်သည် အဖော်ကင်း၍ မသွားရာ။ အရပ်တစ်ပါးသို့ စီးပွားဆောင်၍သွားသောသူသည် အဖော်ကင်း၍ မသွားရာ။

ဆိုသည့်စကားကို နားလည်သဘောပေါက်သူဖြစ်သည်။



မြောင်ဖေးဟူကား အိုယိဝမ်းလို ဒုစရိုက်သမားဖြစ်သော်လည်း လောဘရမ္မက် ငမ်းငမ်းတက်၍ အသိမျက်ကန်းရှုးနမ်းနေသူကည်း။

အိုယိဝမ်းကား ....

လျင်မြန်ခြင်းဖြင့် မြင်းကောင်း၏ ကျေးဇူးကို သိကုန်၏။

လေးသောဝန်ကို ဆောင်ခြင်းဖြင့် နွား၏ကျေးဇူးကို သိကုန်၏။

နို့ညှစ်ခြင်းဖြင့် နို့ထွက်သောနွားမ၏ ကျေးဇူးကို သိကုန်၏။

ကြံစည်လျှို့ဝှက်ရာ၌ ပြောဆိုနိုင်ခြင်းဖြင့် ပညာရှိသူ၏ ကျေးဇူးကို သိကုန်၏ဟူသော စကားကို နားလည်ထားသူဖြစ်သတည်း။

"ဟား .... ဟား .... ဟား .... "

မြောင်ဖေးဟူစကားအဆုံးတွင် အိုယိဝမ်းက ရယ်စရာတစ်ပုဒ်ကို ကြားလိုက်ရသည့်အလား အားပါးတရ ရယ်မောလိုက်လေရာ မြောင်ဖေးဟူတို့ သုံးယောက်စလုံး ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

◇◇◇◇◇

၆။

---

အို့ယိဝမ်း အဘယ်ကြောင့် ရယ်မောသည်ကို တွေးမရသဖြ
မြောင်ဖေးဟူကပင် မေးသည်။

"ကျုပ်စကားက ရယ်စရာများဖြစ်နေလို့လား အို့ယိဝမ်း ...
ကျုပ်ပြောတာတွေက မမှန်လို့လား .... "

အို့ယိဝမ်းက အရယ်ရပ်လိုက်ပြီး ....

"နောင်တော်ကြီး ကြားထားရတဲ့ သတင်းတွေဟာ သတင်
မှန်တွေပါ .... ဒါပေမယ့် နဂါးညီနောင်အာမစ်ဌာနဟာ ဒီသတင်းက
ကျွန်တော်တို့လိုလူမျိုးတွေ ကြားအောင် တမင် ဖြန့်ထားတဲ့ သတင်
မှားတွေဆိုတာတော့ နောင်တော်ကြီးသိစေချင်ပါတယ် .... ဒီသတင်
ကိုသာ ယုံစားပြီး ကျွန်တော်တို့တစ်တွေ ဆောင်ရွက်ကြမယ်ဆိုရင်
တော့ ကောင်းကောင်းကြီးလှည့်စားခံရမှာပဲ .... "



ဂိုဏ်းချုပ်ကြီးမြောင်ဖေးဟူ မျက်မှောင်ကြုတ်သွားပြီး ....

"ခင်ဗျားက ဘယ်လိုကြားထားလို့လဲ အို့ယိဝမ်း .... "

အို့ယိဝမ်းက ....

"ကျွန်တော် ကြားထားတာကတော့ လုံပိုက်ထောင်ဟာ သူ
သွားမယ့်ခရီးစဉ်မှာ တကယ်သယ်ရမယ့်ပစ္စည်းကို ဘယ်သွားမှာ
မဟုတ်ဘူး .... ပစ္စည်းအတုတွေကိုပဲ သယ်သွားမှာ .... တကယ့်
အဖိုးတန်ပစ္စည်းတွေကိုတော့ အခြားလမ်းကနေ ပို့လိမ့်မယ် ....
တကယ့်ပစ္စည်းအစစ်ကို သူ့ရဲ့လက်ထောက်ဖြစ်ဖြစ် .... ညီရင်းတစ်
ယောက်ဖြစ်တဲ့ လုံပိုက်ချန်းက သန်ဘက်ခါညနေမှ ဖူးပေါင်လမ်းမ
ဘက်ကနေ ထိန်အန်းမြို့ကို သယ်သွားလိမ့်မယ် .... "

ထိုစကားကြောင့် မြောင်ဖေးဟူတို့ သုံးယောက်စလုံး အံ့ဩ
တကြီး ဖြစ်သွားသည်။

မြောင်ဖေးဟူက မျက်လုံးအပြူးသားဖြင့် ဖြတ်မေးသည်။

"ဒီသတင်း အမှန်ပဲလား .... "

အို့ယိဝမ်းက ဆက်ပြောသည်။

"ဒါတင် ဘယ်ကဦးမလဲ .... လုံပိုက်ထောင်ဟာ လွှန်ခဲ့တဲ့
ငယ်ငါးရက်လောက်ကတည်းက သိုင်းလောကပြိုင်ဘက်ရှားသိုင်းအကျော်
အမော်တွေကို ဖိတ်ခေါ်ပြီး ဒီပစ္စည်း သယ်ယူပို့ဆောင်ရေးကိစ္စမှာ
သူတို့ကို ဝိုင်းဝန်းကူညီဖို့ အကူအညီတောင်းခံခဲ့တယ် .... ကူညီမယ့်
လူတွေကိုလည်း သူတို့ရတဲ့ သယ်ယူပို့ဆောင်ခငွေထဲက ခွဲဝေပေးပါ

မယ်လို့လည်း ပြောထားတယ် .... သူ့ကို သိုင်းအကျော်အမော်လေး ယောက်က အကူအညီပေးကြလိမ့်မယ် .... "

အိုးအိဖိန်းကဲ မျက်မှောင်ကြုတ်သွားပြီး ....

"သိုင်းရာဇာ လျူယင်ဟာ သိုင်းပညာထက်မြက်ရုံမက သူ မတူအောင် ဉာဏ်ပညာထက်မြက်သူပဲ .... သူ့ကို ဉာဏ်ကြီးရှင်သိုင်း ရာဇာလို့တောင် ခေါ်ကြတယ် .... နှစ်လမ်းခွဲပြီး ပစ္စည်းကို သယ်သွား ဖို့ အကြံကို လျူယင်က ပေးတာပဲဖြစ်ရမယ် .... "

ယန်းဖန်က ....

"တစ်ခုတော့ ရှိတယ် .... သူတို့ တကယ်လုပ်မှာက အို့အိ ယမ်းကြားထားသလို ပစ္စည်းအစစ်ကို လုံပိုက်ချန်းနဲ့ မပေးလိုက်ဘဲ လုံပိုက်ထောင်နဲ့ ပါသွားရင် ဘယ်လိုလုပ်မလဲ .... "

ဂိုဏ်းချုပ်ကြီး မြောင်ဖေးဟူက ခပ်အေးအေးပင် ပြောသည်။

"ဒါဆိုလည်း လွယ်ပါတယ်လေ .... ကျုပ်တို့လေးဦး နှစ် သုတ်ခွဲပြီး လမ်းနှစ်လမ်းစလုံးကို လိုက်ကြတာပေါ့ .... ဒါဆို ဘယ်သူ နဲ့ပဲ ပစ္စည်းအစစ်ပါသွားသွား မလွတ်နိုင်တော့ပါဘူး .... "

အို့ယိဝမ်းက သူ့လက်ကို ကာလိုက်ပြီး ....

"နေပါဦးလေ .... နောင်ကြီးတို့အနေနဲ့ ဘယ်လိုပဲ စီစဉ်စီစဉ် ကြိုက်သလို စီစဉ်ပါ .... ဒါပေမယ့် နောင်ကြီးတို့ရဲ့အစီအစဉ်ထဲမှာ တော့ ကျွန်တော့်ကို ထည့်မတွက်ပါနဲ့ .... "

မြောင်ဖေးဟူက အို့ယိဝမ်းကို မျက်လုံးအပြူးသားဖြင့် ကြည့် လိုက်ပြီး ....



"ဘာဖြစ်လို့လဲ အို့ယိဝမ်း .... ဒီကိစ္စကို ကြံစည်ဖို့မလွယ်လို့ ခင်ဗျားက နောက်ဆုတ်တော့မလို့လား .... "

အို့ယိဝမ်းက ခေါင်းကိုခါယမ်းပြီး အေးအေးဆေးဆေး ပြန် ပြောလိုက်သည်။

"ဒီလောက် တန်ဖိုးများလှတဲ့ ပစ္စည်းတွေကို ရယူဖို့ ကိစ္စ ဟာ ကျွန်တော်တို့ လေမွေမုန်တိုင်းအဖွဲ့ဟာ ဘယ်လိုနည်းနဲ့မှ နောက် မဆုတ်နိုင်ပါဘူးလေ .... ဒီပစ္စည်းတွေ မရရအောင် ယူဖို့ ကျွန်တော် တို့ လေမွေမုန်တိုင်းအဖွဲ့က ရယူနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ဘယ် သူနဲ့မှ ဘယ်အဖွဲ့အစည်းနဲ့မှ မပူးပေါင်းနိုင်ပါဘူး .... ဒီလိုကိစ္စမျိုးတွေ မှာ ကျွန်တော်တို့အဖွဲ့ဟာ ဘယ်လိုနဲ့မှ ပူးပေါင်းဆောင်ရွက်တယ်လို့ လည်း အစဉ်အလာ မရှိခဲ့ကြပါဘူး .... "

မြောင်ဖေးဟူက ....

"ကျုပ်တို့နဲ့ ဘာဖြစ်လို့ မပူးပေါင်းချင်တာလဲ .... "

အို့ယိဝမ်းက ....

"ကျွန်တော်တို့ လေမွေမုန်တိုင်းအဖွဲ့ရဲ့ သဘောထားနဲ့ ခံယူ ချက်ကို နောင်ကြီးတို့တစ်တွေလည်း ကောင်းကောင်းကြီး ကြားသိထား ကြမှာပါ .... ကျွန်တော်တို့ဟာ ရိုးရိုးသားသား လုပ်ကိုင်စားသောက် ရင်း ကြီးပွားချမ်းသာလာတဲ့ လူတွေရဲ့ပစ္စည်းကို ဘယ်တော့မှ မလု ယက် မတိုက်ခိုက်ဘူး .... ဆင်းရဲသားတွေအပေါ်မှာ မတရားသဖြင့် ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ချမ်းသာလာတဲ့ လူမျိုးတွေရဲ့ ဥစ္စာ

ပစ္စည်းတွေကိုလည်း မရှိဆင်းရဲသားတွေကို ပေးဝေပစ်တယ် .... အခု လည်း မြို့စားကြီးချင်းဟာ မတရားသဖြင့် အာဏာသုံးပြီး သူကြီးပွား ချမ်းသာဖို့အတွက် ပြည်သူတွေအပေါ်မှာ မတရားသဖြင့် ပြုမူခဲ့တယ် ဒါကြောင့် သူပိုင်တဲ့ပစ္စည်းတွေကို ကျွန်တော်တို့ မရရအောင် ယူဖို့ ဆုံးဖြတ်ကြတာပဲ .... ကျွန်တော်တို့ဟာ တိုက်ခိုက်လို့ရတဲ့ ဥစ္စာပစ္စည်း တွေကို ကိုယ်ကျိုးအတွက် ဘယ်တော့မှ မသုံးဘူး .... ဒါပေမယ့် နောင်တော်ကြီးတို့ကတော့ ဒီလိုမဟုတ်ဘူး .... "

အိုယိဝမ်းက စကားကိုဖြတ်လိုက်ပြီး မြောင်ဖေးဟူတို့ သုံး ယောက်ကို အကဲခတ်ကြည့်သည်။

သုံးယောက်စလုံး ဘာမှပြန်မပြောကြဘဲ ငြိမ်နေကြတော့မှ သူ့စကားကို ဆက်ပြောသည်။

"နောင်တော်ကြီးတို့ကတော့ ဘယ်သူ့ရဲ့ဥစ္စာပစ္စည်းကိုမဆို ကိုယ်ကျိုးရှိမယ်ဆိုရင် နည်းလမ်းအမျိုးမျိုးနဲ့ ရအောင်ယူခဲ့တဲ့ သူတွေ ရလာတဲ့ ဥစ္စာပစ္စည်းတွေကိုလည်း ကိုယ်ကျိုးသက်သက်ပဲ သုံးစွဲခဲ့ကြ တဲ့ သူတွေ .... ဓာတ်တူသားချင်း မစားကောင်းလို့ .... နို့မို့ နောင်တော် ကြီးတို့ဆီက ဥစ္စာပစ္စည်းတွေကိုတောင် ကျွန်တော်တို့က မရ ရတဲ့ နည်းနဲ့ ယူပြီး .... ဆင်းရဲသားတွေကို ဝေပေးလိုက်ချင်သေးတယ်"

အိုယိဝမ်း၏စကားက မှန်နေသဖြင့် မြောင်ဖေးဟူတို့ သုံး ယောက်မှာ ပြန်လည်မချေပနိုင်ဘဲ ငြိမ်နေကြရသည်။ အိုယိဝမ်းက ဆက်ပြောသည်။



"မြို့စားကြီးချင်းဟာ ပြည်သူတွေသာ ပိုင်ဆိုင်ထိုက်တဲ့ ဒီ ပစ္စည်းတွေကို သူ့ကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်ထားတာမို့လို့ ဒီပစ္စည်းတွေဟာ ပြည်သူလူထုတွေ လက်ထဲပဲ ပြန်ရောက်သင့်ပါတယ် နောင်ကြီးတို့လို လူမျိုးတွေရဲ့ လက်ထဲကို ပြန်မရောက်သင့်ပါဘူး ဒါကြောင့် ကျွန်တော်တို့ လေပွေမုန်တိုင်းအဖွဲ့ဟာ ဒီကိစ္စမှာ ဘယ်သူနဲ့ မှ မပူးပေါင်းဘဲ ကျွန်တော်တို့ဘာသာ ဆောင်ရွက်ကြမှာပါ .... "

စိတ်တိုနေသဖြင့် မျက်နှာကြီးနီနေသော မြောင်ဖေးဟူက လေ ပါတတ်ဆတ်နှင့် ပြောသည်။

"ခင်ဗျားတို့ လေဗွေအဖွဲ့ဟာ လူဆယ့်ရှစ်ယောက်သာ ပါဝင် ဖွဲ့စည်းထားတဲ့ အဖွဲ့ပါ .... နဂါးညီနောင်ဟာ သိုင်းအကျော်အမော် ကြီး လေးယောက်ရဲ့ အကူအညီကို ယူပြီး ဒီပစ္စည်းကို သယ်ယူဖို့ ဆောင်ကြမယ်ဆိုတော့ .... ခင်ဗျားတို့ အင်အားလောက်နဲ့ ဘယ်လို ပြန်နိုင်မှာလဲ .... "

အိုယိဝမ်းက ခပ်အေးအေးပင် ပြန်ပြောသည်။

"ဒီကိစ္စမှာ အင်အားများဖို့ထက် အကွက်စေ့စေ့ လူနည်းနည်း နဲ့ စီစဉ်နိုင်ဖို့သာ အဓိကပါ .... နောင်တော်ကြီး ကျွန်တော်ပြောရဲပါ တယ် .... ကျွန်တော်တို့ လေပွေမုန်တိုင်းအဖွဲ့နဲ့ ထိုက်ယန်းဖူမြို့က မြစ်ဝါမြစ်ကို ဒီပစ္စည်းမကျော်ခင် အရယူနိုင်ကြပါလိမ့်မယ် .... "

ယန်းဖန်က ....

"တကယ်လို့ ခင်ဗျားပြောသလိုမှ မြစ်ဝါမြစ်ကို ကျော်တဲ့

အထိ ဒီပစ္စည်းကို ခင်ဗျားတို့ အရမယူနိုင်ခဲ့ရင်ကော .... "

အို့ယိဝမ်းက မဆိုင်းမတွ ပြန်ပြောသည်။

"မြစ်ဝါမြစ်ကို ကျော်လို့မှ ဒီပစ္စည်းကို ကျွန်တော်တို့ အ
မယူနိုင်ခဲ့ကြရင် ကျွန်တော်တို့ လေပွေမုန်တိုင်းအဖွဲ့ဟာ ဒီပစ္စည်း
ယူရေးအတွက် မကြိုးစည်တော့ပါဘူး .... လုံးဝလက်လျှော့ပါ့မ
မြစ်ဝါမြစ်တစ်ဖက်ကမ်းကို ရောက်ရင် .... နောင်ကြီးတို့တစ်တွေ
စည်မယ်ဆိုရင်လည်း ကျွန်တော်တို့ကပါ အကူအညီပေးပါဦးမ
ဒီလိုအကူအညီပေးလို့ ကျွန်တော်တို့အတွက် ဝေစု လုံးဝပေးစရာမ
ပါဘူး .... "

မြောင်ဖေးဟူ အိုးအိဖိန်းနှင့် ယန်းဖန်တို့သုံးယောက် ပြုံးလို
ကြပြီး တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြသည်။ ပြီးမှ မြောင်ဖေး
က အို့ယိုဝမ်းကိုကြည့်ပြီး ....

"ဒီကတိကို ခင်ဗျားတကယ် တည်မလား .... "

အို့ယိဝမ်းက ....

"ကျူပ်ဟာ ပြောပြီးသားစကားကို ဘယ်တော့မှ ပြန်မပြ
တတ်ဘူးဆိုတာ .... နောင်တော်ကြီးတို့လည်း ကြားထားမှာပါ ...

မြောင်ဖေးဟူက ....

"ကောင်းပြီလေ .... ဒီလိုဆိုရင်တော့ ကျူပ်တို့ သဘော
တယ် .... ခင်ဗျားရဲ့ နယ်နိမိတ်ကို ဘယ်အထိ သတ်မှတ်မယ်ဆို
တိတိကျကျပြောပါ .... "



အို့ယိဝမ်းက ....

"မြစ်ဝါမြစ်ကို ကျွန်တော့်ရဲ့နယ်နိမိတ်ကုန်ဆုံးတဲ့နေရာလို့ သတ်မှတ်မယ်လေ .... မြစ်ဝါမြစ်တစ်ဖက်ကမ်းကို ရောက်သွားတဲ့အထိ ကျွန်တော်ကြိုးစည်မယ် .... တစ်ဖက်ကမ်းကို ရောက်သွားလို့မှ ပစ္စည်းကိုမရရင်တော့ ကျွန်တော် လက်လျှော့လိုက်တော့မယ် .... မြစ်ဝါမြစ်ကို ရောက်တဲ့အထိ ခရီးစဉ်အားလုံးဟာ နဂါးညီနောင်အာမခံဌာနက သွားမယ့်ခရီးတစ်ဝက်တိတိပဲ .... နောက်ထပ် ခရီးစဉ်တစ်ဝက် ကျန်သေးတယ် .... "

မြောင်ဖေးဟူတို့သုံးယောက် မျှော်လင့်ချက် ကြီးစွာဖြင့် အားတက်သဲရော ပြုံးလိုက်ကြသည်။

မြောင်ဖေးဟူက ....

"ကောင်းပြီလေ .... ကျူပ်တို့တစ်တွေ ကျေကျေနပ်နပ်သဘောတူတယ် .... မြစ်ဝါမြစ်တစ်ဖက်ကမ်းကို ရောက်တဲ့အထိ ခင်ဗျားတို့ကို ကျူပ်တို့တွေ ဘယ်လိုမှ အနှောင့်အယှက် မပေးဘူး အကူအညီလိုရင်တောင် ပေးဦးမယ် .... "

အို့ယိဝမ်းက ....

"ကိစ္စမရှိပါဘူး .... ဘယ်သူ့ရဲ့ အကူအညီမှ ကျွန်တော်တို့ မလိုပါဘူး .... "

မြောင်ဖေးဟူက ....

"ရပါတယ် .... ကျူပ်တို့တွေ သက်သာတာပေါ့ .... မြစ်ဝါ

မြစ်တစ်ဖက်ကမ်းကို ရောက်ရင်တော့ ကျုပ်တို့ရဲ့ နယ်နိမိတ်ပဲနေ့ခင်များတို့ နောက်ဆုတ်သွားကြပေတော့ .... "

အိုယိဝမ်းက ....

"စိတ်ချပါ .... ကိုင်း .... ဒီအစီအစဉ်ကို သဘောတူတယ်ဆိုရင်တော့ နောက်ထပ်အထူးပြောစရာ မလိုတော့ပါဘူးလို့ ထင်ပါတယ် .... ကျွန်တော်တို့ အမြန်ခွင့်ပြုပါတော့ .... "

ပြောပြောဆိုဆို အိုယိဝမ်းထိုင်ရာမှ ထရပ်လိုက်သည်။ မြောင်ဖေးဟူတို့ သုံးယောက်လည်း ထိုင်ရာမှ ထရပ်လိုက်ကြသည်။

မြောင်ဖေးဟူက ....

"ကောင်းပါပြီ .... ခင်များကို အပြင်ရောက်တဲ့အထိ လိုက်မပို့နိုင်တာတော့ ခွင့်လွှတ်ပါ .... "

မြောင်ဖေးဟူ စကားအဆုံးတွင် အိုယိဝမ်း ချာခနဲ လှည့်ပြီး ပြတင်းပေါက်မှ ပျံလွှားတစ်ကောင်လို ထွက်သွားသည်။

မြောင်ဖေးဟူသည် ကိုယ့်ကိုယ်ကိုသာ ဒေါသဖြစ်နေမိတော့သည်။

ပညာရှိသောသူသည် မိမိအပြစ်ကို သူတစ်ပါးအား မသိစေရာ။

သူတစ်ပါးတို့၏အပြစ်ကိုကား သိအောင် ပြုရာ၏။

အဘယ်ကဲ့သို့နည်းဟူမူ ....

လိပ်တို့သည် လက်၊ ခြေ၊ ဦးခေါင်းတို့ကို လျှို့ဝှက်ကုန်သကဲ့



သို့ မိမိအပြစ်ကို လျှို့ဝှက်ရာ၏။ သူတစ်ပါး၏ အပြစ်ကိုလည်း မှတ်ရာ၏။

မြောင်ဖေးဟူသည် ပညာမဲ့သူယုတ်နှင့်တူ၍ အိုယိဝမ်းသည် လိပ်နှင့်တူသူတည်း။

◈◈◈◈◈

အတန်ကြာသည်အထိ မြောင်ဖေးဟူ၊ ယန်းဖန်နှင့် အိုးအိဖိန်းတို့ ငိုင်ပြီး ငြိမ်နေကြသည်။

နောက်မှ ယန်းဖန်က စကားစသည်။

"ပစ္စည်းကို လုယူရေးကိစ္စမှာ လေပွေမုန်တိုင်းအဖွဲ့ကို ပထမဦးဆုံး လှုပ်ရှားဖို့ အခွင့်အရေးပေးလိုက်တာ မှားသွားပြီလို့ ကျွန်တော်တော့ထင်တယ် အစ်ကိုကြီး .... ဘာဖြစ်လို့လဲဆိုတော့ လေပွေမုန်တိုင်းရဲ့ လှုပ်ရှားမှုမှန်သမျှ တစ်ခါမှ မအောင်မြင်ဘူးဆိုတာ မရှိသေးလို့လဲ .... "

မြောင်ဖေးဟူ ပြုံးလိုက်ပြီး ....

"အရင်က အမြဲတမ်း အောင်မြင်မှုတွေ ရခဲ့တယ်ဆိုတာ မှန်ပါတယ် .... ယန်းဖန် .... ဒါပေမဲ့ ခုကိစ္စမှာတော့ ဘယ်နည်းနဲ့မှ အောင်မြင်မှုမရစေဘူးဆိုတာ ကျုပ်အတပ်ပြောနိုင်တယ် .... "



ယန်းဖန်က ....

"ဘာဖြစ်လို့ .... အစ်ကိုကြီးက အခုလိုအတတ်ပြောနိုင်ရတာလဲ .... "

"ဟား .... ဟား .... ဟား .... "

မြောင်ဖေးဟူက ယန်းဖန်၏အမေးကို မဖြေသေးဘဲ ပခုံးနှစ်ဖက် သိမ့်သိမ့်တုန်သွားအောင် အားပါးတရ ရယ်မောလိုက်သည်။

ပြီးမှ ယန်းဖန်နှင့် အိုးအိဖိန်းတို့ကို မသိနားမလည်သောကလေးများသဖွယ် ကြည့်လိုက်ပြီး ....

"ခင်ဗျားတို့က ကျုပ်ဒီလောက်ပြောနေမှတော့ သဘောပေါက်ဖို့ ကောင်းပြီပေါ့ .... ကျုပ် ခုလို တိတိကျကျ ပြောနိုင်တာက ထိုက်ယန်းဖူမြို့ကနေ မြစ်ဝါမြစ်ကို ရောက်တဲ့အထိ လမ်းတစ်လျှောက်မှာ ကျုပ်တို့အနေနဲ့ နဂါးညီနောင်အာမခံဌာနကို တိတ်တဆိတ်အကူအညီပေးမယ်ဗျာ .... ဒါဆို ဒီပစ္စည်းဟာ ဘယ်လိုလုပ်ပြီး လေပွေမုန်တိုင်းအဖွဲ့နောက်ကို ပါနိုင်ပါ့မလဲ .... "

ထိုအခါမှ ယန်းဖန်နှင့် အိုးအိဖိန်းတို့နှစ်ယောက်လည်း သဘောပေါက် နားလည်ကြပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြသည်။

"ဟုတ်တယ် .... ဂိုဏ်းချုပ်ကြီးရေ .... ဟုတ်တယ် .... "

"ဒီလိုလုပ်သင့်တယ်ဆိုတာ .... ခုမှ ကျွန်တော်သဘောပေါက်တော့တယ် .... အင်ကိုကြီးမြောင် .... အဲ .... ဒါပေမယ့် တစ်ခုတော့ ရှိတယ် .... "

"ဘာများလဲ ယန်းဖန် .... "

ယန်းဖန်၏မျက်နှာက လေးနက်သွားပြီး ....

"အိုယီဝမ်းဟာ ကျွန်တော်တို့နဲ့ ပူးပေါင်းဖို့ အစကတည်းက အစီအစဉ်ရှိမထားဘဲနဲ့ သူကြားထားတဲ့ သတင်းတွေကို ကျွန်တော်တို့ သိအောင် ဘာဖြစ်လို့ ပြောပြနေတာလဲ .... ရိုးရိုးသားသားမှ ဟုတ်ရဲ့ လားလို့ ကျွန်တော်သံသယဖြစ်မိတယ် .... "

မြောင်ဖေးဟူက အပြုံးမပျက် ပြန်ပြောသည်။

"အိုယီဝမ်းဟာ လူပါးတစ်ယောက်ဆိုတာ ခင်ဗျားတို့မေ့သွားပြီလား .... သူကြားထားတဲ့ သတင်းတွေကို ကျုပ်တို့လည်း ကြားထားလိမ့်မယ်ဆိုတာ အိုယီဝမ်း သဘောပေါက်တွက်မိတယ် .... ဒါကြောင့် သူက သဘောထားကြီးတဲ့ အနေမျိုးနဲ့ ပြောသွားတာပဲ .... "

အိုးအိဖိန်းက ....

"သူ့သတင်းတွေက မမှန်ဘူးလား ဂိုဏ်းချုပ်ကြီး .... "

မြောင်ဖေးဟူက ....

"ခင်ဗျားတို့နှစ်ယောက်စလုံး မသိတဲ့ အချက်တစ်ချက်ကို ကျုပ်ဖွင့်ပြောရဦးမယ် .... နဂါးညီနောင်အာမခံဌာနမှာ ကျုပ်ရဲ့လူယုံ တပည့်တစ်ယောက်ကို အမှုထမ်းခိုင်းထားတယ် .... ဒီတော့ နဂါးညီနောင် အာမခံဌာနရဲ့ သတင်းမှန်သမျှ ကျုပ်အကုန်သိရမှာပဲပေါ့ "

စကားအဆုံးတွင် မြောင်ဖေးဟူက လက်ခုပ်နှစ်ချက်တီးလိုက်သည်။



လက်ခုပ်သံနှင့် မရှေးမနှောင်းမှာပင် အခန်းထဲသို့ မီးခိုးရောင် ဝတ်စုံနှင့် လူတစ်ယောက်ဝင်လာပြီး မြောင်ဖေးဟူကို ဦးညွှတ်အရို အသေပေးသည်။

မြောင်ဖေးဟူက မေးသည်။

"ရဲ့ရှင်း .... ချင်ဖိန်းတစ်ယောက် ရောက်မလာသေးဘူးလား"

ရဲ့ရှင်းက ရိုရိုသေသေ ပြန်ဖြေသည်။

"ရောက်နေပါပြီ ဂိုဏ်းချုပ်ကြီး .... "

"ဒါဖြင့် ငါ့ဆီကို မြန်မြန်လွှတ်လိုက်စမ်း .... "

ရဲ့ရှင်း ဦးညွှတ်ပြီး တံခါက်ပေါက်မှ ပြန်ထွက်သွားသည်။

ခဏသာကြာပြီး အခန်းထဲသို့ အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသော လူတစ်ယောက်ဝင်လာသည်။

သူ့မျက်နှာမှာ ခပ်သွယ်သွယ်ရှိပြီး မျက်လုံးအစုံက စူးရှတောက်ပကာ ပါးစပ်က တင်းတင်းစေ့ထားသည်။

သူသည် မြောင်ဖေးဟူ ရှေ့တွင်ရပ်လိုက်ပြီး ဦးညွှတ်အရို အသေပေးလိုက်၏။

မြောင်ဖေးဟူက စတင်စကားဆိုသည်။

"ချင်ဖိန်း .... မင်းရောက်နေတာ ကြာပြီလား .... "

ချင်းဖိန်က ရိုရိုသေသေပင် ပြန်ပြောသည်။

"အတော်ကလေး ကြာသွားပါပြီ ဂိုဏ်းချုပ်ကြီး .... "

"ဒါဖြင့် စောစောက ငါတို့နဲ့ အိုယီဝမ်းပြောတာတွေကို မင်းကြားမှာပေါ့ .... သူ့ကိုတော့ မင်းမြင်လိုက်တယ် မဟုတ်လား .... "

"ဟုတ်ကဲ့ ကြားပါတယ် .... မြင်ပါတယ် ဂိုဏ်းချုပ်ကြီး"

"သူဟာ အိုးယိဝမ်းအစစ်မှ ဟုတ်ရဲ့လား .... မင်းကော ဘယ်လိုထင်သလဲ .... အိုးယိဝမ်းက သူ့ကိုယ်စား သူယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ယောက်ကို လွှတ်လိုက်တာမျိုးကော မဖြစ်နိုင်ဘူးလား သူ့မျက်နှာကို ပဝါနဲ့ ဖုံးထားပြီးတော့ ငါ့အနေနဲ့ ခန့်မှန်းရခက်နေတယ် မင်းကော ဘယ်လိုထင်သလဲ .... "

ချင်ဖိန်းက စဉ်းစားလိုက်ပြီး ....

"ကျွန်တော်လည်း အိုးယိဝမ်းရဲ့မျက်နှာကို မမြင်ဖူးလို့ ထင်မြင်ယူဆချက်ပေးဖို့ ခက်နေပါတယ် .... "

မြောင်ဖေးဟူ မျက်မှောင်ကြုတ်သွားပြီး ....

"စုံပွာအပေါင်ဆိုင်ကို ငါပေးလိုက်တဲ့ ဖိတ်စာ မင်းကိုယ်တိုင်သွားပို့တာ မဟုတ်လား .... အိုးယိဝမ်းကို မင်းမမြင်ခဲ့ဖူးလား .... "

ချင်ဖိန်းက ကိုယ်ကိုကိုင်းညွတ်လိုက်ပြီး ....

"အဲဒီတုန်းက အိုးယိဝမ်းနဲ့ ကျွန်တော် မတွေ့ခဲ့ရပါဘူး ဂိုဏ်းချုပ်ကြီး .... စုံပွာအပေါင်ဆိုင်ကို ကျွန်တော်ရောက်သွားတော့ အပေါင်ဆိုင် စာရေးကြီးက ကျွန်တော့်ကို အနောက်ဘက်ဥယျာဉ်ပျက်ကြီးထဲ ခေါ်သွားပါတယ် .... ဥယျာဉ်ပျက်ကြီးထဲက တံတားအခေါင်းထဲက ဝါးကျည်တောက်ထဲမှာ ဖိတ်စာကို ကျွန်တော်ထည့်ခဲ့ရတာပါ .... "

ချင်ဖိန်းမှာ စုံပွာအပေါင်ဆိုင်ကို သွားခဲ့သော ဝါးခမောက်နှင့် လူပင် ဖြစ်လေသည်။



သူသည် ထိုညက အဖြစ်အပျက်ကို သေချာစွာ ပြောပြလိုက်သည်။

မြောင်ဖေးဟူက သေချာစွာ နားထောင်ပြီးမှ ....

"ချင်ဖိန်း .... မင်းပြောတာ အမှန်တွေချည်းပဲနော် .... "

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော်မလိမ်ညာဝံ့ပါဘူး .... "

"မင်းထွက်လာကာနီး အပေါင်ဆိုင်စာရေးကြီးက မင်းကို ဘာပေးလိုက်သေးသလဲ .... "

"လျှံငွေ တစ်ထောင့်ရှစ်ရာတိတိကို ပေးလိုက်တာပါ .... ဂိုဏ်းချုပ်ကြီးကို အပ်ဖို့ ဒီငွေကို ကျွန်တော် သိမ်းထားပါတယ် ...."

ချင်ဖိန်းက ပြောပြောဆိုဆို သူ့ရင်ဖုံးအင်္ကျီထဲမှ ငွေထုပ်ကို ယူလိုက်သည်။

ပြီးမှ မြောင်ဖေးဟူကို တရိုတသေ လှမ်းပေးလိုက်သည်။

မြောင်ဖေးဟူက ငွေထုပ်ကို လှမ်းမယူသေးဘဲ ....

"နေပါဦး .... အပေါင်ဆိုင်စာရေးကြီးက ဒီလောက်များတဲ့ ငွေတွေကို မင်းလက်ထဲ ဘာလို့ပေးရတာလဲ .... "

"ကျွန်တော်ကြားထားသလောက် ပြောရမယ်ဆိုရင် စုံပွာအပေါင်ဆိုင်ဟာ သူတို့ကို ဆက်သွယ်ချင်တဲ့ အပြင်လူတွေ ဆက်သွယ်နိုင်အောင် လေပွေမုန်တိုင်းအဖွဲ့က ဖွင့်ထားတဲ့ အပေါင်ဆိုင်ပါ .... အဲဒီအပေါင်ဆိုင်ကို ကျွန်တော့်လို ရောက်သွားတဲ့လူတွေဆိုရင် နှုတ်ပိတ်တဲ့သဘောနဲ့ ဒီလိုငွေမျိုးကို ပေးတတ်လေ့ရှိပါတယ် .... "

မြောင်ဖေးဟူ သဘောပေါက်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ်၍ ....

"အိမ်း .... လေမွှေမုန်တိုင်းအဖွဲ့ဟာ အတော့်ကို ပါးရည်နပ်ရည်ရှိတဲ့ အဖွဲ့ပဲ .... သူတို့က ငွေကြေးများများနဲ့ သူတို့ဆီရောက်လာတဲ့လူကို နှုတ်ပိတ်တတ်တာကိုး .... အေးလေ .... ဒီငွေဟာ မင်းနဲ့ထိုက်လို့ မင်းရတဲ့ငွေပဲ ချင်ဖိန်း .... ငါနဲ့ မဆိုင်ပါဘူး .... မင်းပဲသုံးလိုရာ သုံးပါ .... "

ချင်ဖိန်းက ကျေးဇူးတင်ပါကြောင်း ဦးညွှတ်ပြောဆို၍ ငွေထုပ်ကို သူ၏ရင်ဖုံးအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

မြောင်ဖေးဟူက စဉ်းစားလိုက်ပြီး ချင်ဖိန်းကို မေးခွန်းထုတ်သည်။

"ချင်ဖိန်း .... နဂါးညီနောင် အာမခံဌာနက မြို့စားကြီးချင်းရဲ့ ပစ္စည်းတွေကို ဘယ်နေ့ဘယ်အချိန်မှာစပြီး သယ်ယူမယ်လို့ မင်းကြားရသေးသလဲ .... "

ချင်ဖိန်းက ချက်ချင်းပြန်ဖြေသည်။

"သန်ဘက်ခါ ရောင်နီပျိုးချိန်မှာ စပြီးသယ်ယူကြမှာပါ ဝိုက်းချုပ်ကြီး .... ဟန်ပြအနေနဲ့ ကုန်တင်လှည်းဟာ ဦးဆုံးခရီးထွက်ပါလိမ့်မယ် .... ညနေဘက်ကျမှ တကယ့်ပစ္စည်းအစစ်ကို တင်ပြီး .... လှိုက်ချုန်းက ဦးဆောင်သွားပါလိမ့်မယ် .... "

"သိုင်းရာဇာ လျှူယင်ကကော ဘယ်အဖွဲ့နဲ့ လိုက်မှာလဲ"



"ကျွန်တော် ကြားထားသလောက်တော့ သိုင်းရာဇာလျှူယင်နဲ့ ကျိုကွေ့ရှာသူကြီး ချူးတာ့တို့နှစ်ယောက်က ပစ္စည်းအစစ်တွေ သယ်သွားမယ့် လုံပိုက်ချုန်းနဲ့ ပါသွားကြပါလိမ့်မယ် .... ကွမ်လိုနယ်သိုင်းသမားကြီး ဝမ့်စိုယွန့်ကတော့ ဦးဆုံး ထုံကွမ်းလမ်းမကနေ မြောက်ဘက်ကို ဆန့်တက်သွားမှာ .... ရေလှိုင်းသိုင်းသမား လောင်ဆွေဖုန်းကတော့ ချိုင်တိတ်မြို့ကနေ ကြိုစောင့်နေပါလိမ့်မယ် .... "

အိုးအိဒိန်း စားဖွဲ့ကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး အားပါးတရ ဝင်ပြောသည်။

"ဟာ .... ဒီလိုသာ သူတို့တစ်တွေ လူခွဲပြီးသွားကြမယ်ဆိုရင် .... ပစ္စည်းကိုယူဖို့ ကိစ္စက သိပ်ပြီးခက်ခက်ခဲခဲရှိတော့မှာ မဟုတ်ဘူးပေါ့ .... "

ယန်းဖန်က ခေါင်းကိုခါယမ်းပြီး ....

"မဟုတ်သေးဘူးလေ .... ဒီလိုသာဆိုရင် ဒီပစ္စည်းဟာ ကျုပ်တို့အတွက် မဖြစ်တော့ဘဲ .... အို့ယိဝမ်းတို့အတွက် ဖြစ်သွားမှာပေါ့ .... ဖြစ်လို့လဲဆိုတော့ ဝူပေါင်ဆိပ်ကမ်းနဲ့ ချိုင်တိတ်မြို့ဟာ မြစ်ဝါမြစ်ရဲ့ အနောက်ဘက်က ဆိပ်ကမ်းမှာရှိနေတယ် မဟုတ်လား .... သူတို့ပုန်းတွေ ဖပေါင်းဆုံခင် လမ်းခရီးဟာ လေမွှေမုန်တိုင်းအဖွဲ့က ယူထားတဲ့ နယ်နိမိတ်ပဲ .... "

မြောင်ဖေးဟူက လက်ကိုကာပြလိုက်ရာ ယန်းဖန်နှင့် အိုးအိဒိန်းတို့၏စကား ရပ်သွားကြသည်။

မြောင်ဖေးဟူက ချင်ဖိန်းကို ဆက်မေးသည်။

"ချင်ဖိန် .... ပစ္စည်းတွေဟာ ဘယ်လောက်များသလဲ .... သေတ္တာဘယ်နှစ်လုံးနဲ့ ထည့်မှာလဲ .... "

"ပစ္စည်းတွေကတော့ သေတ္တာတစ်လုံးပါပဲ ဂိုဏ်းချုပ်ကြီး ကျွန်တော်မြင်ရတာတော့ အရှည်လေးပေ .... အမြင့်သုံးပေလောက်သာ ရှိတဲ့ သေတ္တာတစ်လုံးပါပဲ .... ဒါပေမယ့် သိပ်ပြီး လေးလွန်းလို့ လေးငါးခြောက်ယောက် မ,ကြရပါတယ် .... "

ခြောက်ဖေးဟူ မျက်လုံးအစုံမှာ ဝင်းလက်သွားပြီး ....

"ဟာ .... ဒါဆို ရွှေစင်တုံးတွေများ ဖြစ်နေမလား .... ဒါဆိုရင်တော့ လျှံငွေသိန်းငါးဆယ်လောက် ခြောက်ဆယ်လောက်ရှိမှာ"

"ကျွန်တော်ကြားရတာကတော့ ဂိုဏ်းချုပ်ကြီးမှန်းထားတာထက် လေးငါးဆပိုတဲ့ အဖိုးတန်ပစ္စည်းတွေ ပါတယ်လို့ သိရပါတယ်"

မြောင်ဖေးဟူ၏ စိတ်ထဲတွင် လျှံငွေသိန်းနှစ်ရာကျော်ဟု တွေးလိုက်မိပြီး လောဘစိတ်လည်း ဖြစ်လာမိသည်။

သူသည် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ....

"ကောင်းပြီ .... ချင်ဖိန်း .... မင်းကိုငါ တာဝန်နှစ်ခုပေးမယ် တစ်ခုက ဒီပစ္စည်းသေတ္တာ တခြားလူတွေရဲ့လက်ထဲကို ပါမသွားအောင် အတတ်နိုင်ဆုံး မင်းကာကွယ်စောင့်ရှောက်ပါ .... နောက်တစ်ခုက မင်းပြန်သွားရင် လေပွေမုန်တိုင်းအဖွဲ့ လမ်းခုလတ်ခရီးတစ်ဝက်ကို မရောက်ခင်မှာ ဒီပစ္စည်းကို ရအောင် လုယက်တိုက်ခိုက်လိမ့်မယ်



ဆိုတဲ့ သတင်းကို လုံပိုက်ထောင်တို့ ညီအစ်ကိုသိသွားအောင် မင်းနည်းမင်းဟန်နဲ့ သတင်းဖြန့်ပါ .... မြစ်ဝါမြစ်အရှေ့ဘက်ကမ်းကို မရောက်မချင်း စိတ်မချရဘူးဆိုတာ သူတို့သိပါစေ .... "

ချင်ဖိန်း ဦးညွှတ်၍ ....

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး .... ဂိုဏ်းချုပ်ကြီးညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်းဖြစ်အောင် ကျွန်တော်ကြိုးစားဆောင်ရွက်ပါ့မယ် .... "

"ကောင်းပြီ ချင်ဖိန်း .... တို့အကြံအစည်အောင်လို့ကတော့ မင်းတစ်သက် ချမ်းချမ်းသာသာ နေရပြီသာ မှတ်ပေတော့ .... ကိုင်း မင်းပြန်နိုင်ပြီ .... "

ချင်ဖိန်းက ဦးညွှတ်အရိုအသေပေးပြီး ဧည့်ခန်းဆောင်မှ ထွက်ခွာသွားလေသည်။

မြောင်ဖေးဟူက ကျေနပ်အားရစွာနှင့် ပြုံးလိုက်ပြီး ယန်းဖန်နှင့် အိုးအိဖိန်းတို့ကို ကြည့်ကာ ပြောဆိုသည်။

"ချင်ဖိန်းဟာ ကျုပ်အပေါ် ဘယ်လောက်သစ္စာရှိတယ် .... ဘယ်လောက်အထိ အားထားထိုက်တယ်ဆိုတာ ခင်ဗျားတို့လက်တွေ့မြင်ကြပြီ မဟုတ်လား .... "

ယန်းဖန်နှင့် အိုးအိဖိန်းတို့နှစ်ယောက် ခေါင်းကို သွက်သွက်ညိတ်၍ ထောက်ခံကြသည်။

ပြီးမှ ယန်းဖန်က ....

"ဒါနဲ့ ချင်ဖိန်းဟာ နဂါးညီနောင်အာမခံဌာနမှာ ဘယ်လိုတာဝန်မျိုးကို ထမ်းဆောင်ပါသလဲ အစ်ကိုကြီး .... "

မြောင်ဖေးဟူက ရယ်လိုက်ပြီး ....

"သူ့ရဲ့အဆင့်ကတော့ သိပ်မရှိလှပါဘူး .... ဒါပေမယ့် သူ့ရဲ့တာဝန်ကတော့သိပ်ကြီးတယ် .... ပစ္စည်းတွေပါမယ့် လှည်းကို သူကမောင်းရမှာမို့လို့ပဲပေါ့ .... "

ယန်းဖန်နှင့် အိုးအိဖိန်းတို့ နှစ်ယောက်စလုံး ဝမ်းသာပီတိဖြစ်သွားကြလေတော့သည်။

◇◇◇◇◇

၇။

---

အရှေ့ဘက်ဆီမှ ရောင်နီသမ်းလာချိန်တွင် နဂါးညီနောင်အာမခံဌာန၏ ဝင်းတံခါးမကြီးမှာ ပွင့်သွားလေသည်။

ချင်ဖိန်းမှာ ဝတ်စုံစိမ်းကို ဝတ်ဆင်ထားပြီး ခေါင်းတွင် မြက်မောက်တစ်လုံးကို ဆောင်းထားသည်။

သူ့ခြေတွင်လည်း မြက်ဖိနပ်ကို စီးထားပြီး ခြေသလုံး နှစ်ဖက်ကိုမူ ပိတ်စခြေပိတ်နှင့် ပတ်ထား၏။

ချင်ဖိန်း၏ အမူအရာမှာ တက်ကြွဖျတ်လတ်နေသည်။

သူသည် မြင်းလှည်းမောင်းသူ၏ နေရာတွင်ထိုင်လျက်ရှိနေသဖြင့် တံခါးမကြီး ပွင့်သွားလျှင် ပွင့်သွားချင်း သူ့ကိုဦးစွာမြင်နိုင်လေသည်။

မြင်းလှည်း၏ အမိုးအကာသားများကိုလည်း လုံလုံခြုံခြုံ နိုင်နိုင်မာမာဖြစ်အောင် စီစဉ်ပေးထားသည်။

လေဒဏ်မိုးဒဏ်ကိုသာမက နေပူဒဏ်ကိုပါ ကောင်းစွာ နိုင်လေသည်။

မြင်းလှည်းအမိုး၏ ထောင့်လေးထောင့်တွင်မူ သုံးမြှောင့် သဏ္ဌာန် အလံတစ်ခုစီ စိုက်ထူထားပြီး အလံပေါ်တွင်မူ နဂါးညီနောင် အာမခံဌာန၏ အမှတ်တံဆိပ်ဖြစ်သော နဂါးနှစ်ကောင် ခေါင်းချင်းဆိုင်၍ လွန့်မြူးနေဟန်ကို ရေးသားထားသည်။

မြင်းလှည်းကို အဆင့်မြင့်သိုင်းသမား နှစ်ဆယ့်လေးယောက်က မြင်းကိုယ်စီစီး၍ ပတ်ပတ်လည် စောင့်ကြပ်ထားသည်။

မြင်းလှည်း၏ ရှေ့နောက်တွင်လည်း ထိပ်တန်းသိုင်းသမား လူသုံးဆယ်ကျော်က ထပ်မံဝန်းရံ၍ စောင့်ရှောက်ထားကြပြန်သည်။

ထို့ပြင် ကျိုကွေးရွာသူကြီး ချူးတော့၊ ဉာဏ်ကြီးရှင်သိုင်းရာဇာ လျူယင်နှင့်အတူ အာမခံဌာန၏ အကြီးအကဲနှစ်ဦးဖြစ်သော လုံပိုက်ထောင်၊ လုံပိုက်ချန်းတို့ ညီအစ်ကိုလည်း လိုက်ပါကြမည်ဖြစ်၏။

အားလုံးပင် မြင်းကိုယ်စီနှင့်ဖြစ်ကြပြီး မြင်းကုန်းနှီးဘေးတွင် ရေဘူးအိတ်တစ်လုံးစီ၊ ရိက္ခာခြောက်ထည့်ထားသော အိတ်တစ်လုံးစီ ပါကြလေသည်။

ပစ္စည်းကို တာဝန်ယူပို့ဆောင်ကြမည့် ဦးစီးဦးဆောင်လူကြီး များသည် သူတို့ကြားသိထားရသော သတင်းများကြောင့် သူတို့၏ မူလ အစီအစဉ်ကို ဖျက်လိုက်ကြ၏။



မူလ နှစ်သုတ်ခွဲသွားပြီး တစ်သုတ်က ပစ္စည်းအတုနှင့် အယောင်ပြသွားကာ၊ ကျန်တစ်သုတ်က ပစ္စည်းအစစ်သယ်ယူ၍ လျှို့ဝှက်ထွက်ခွာသွားရန် စီစဉ်ထားကြ၏။

ယခုတော့ လေပွေမုန်တိုင်းအဖွဲ့က မြစ်ဝါမြစ်အနောက်ဘက် ကမ်းကို မရောက်ခင် လမ်းခရီးတွင် ပစ္စည်းကို တိုက်ခိုက်လုယက်လိမ့်မည်ဟူသော သတင်းကို အတိအကျရထားသဖြင့် အစီအစဉ်ကို ချက်ချင်းပြောင်းလိုက်ရပြီး သူတို့တစ်တွေ တစုတဝေးတည်းသွားရန် အားချင်း စီစဉ်လိုက်ရခြင်းဖြစ်လေသည်။

လေပွေမုန်တိုင်းအဖွဲ့အကြောင်းကို လုံပိုက်ထောင်တို့မှာ ကောင်းစွာ သိထားကြ၏။

ထိုအဖွဲ့မှာ တွေ့မရှောင် တိုက်ခိုက်လုယက်သော အဖွဲ့ မဟုတ်ပေ။

သို့သော် တကယ်တမ်း တိုက်ခိုက်လုယက်ပြီဆိုလျှင်လည်း မအောင်မြင်ဖူးသည်ဟူ၍ မရှိခဲ့ချေ။

လုံပိုက်ထောင်တို့သည် လေပွေမုန်တိုင်းအဖွဲ့ကိုတော့ လုံးဝ အထင်မသေးရဲချေ။

ချင်ဖိန်းမောင်းသော ပစ္စည်းတင်လှည်း အာမခံဌာနဝင်း တံခါးပေါက်မှ ထွက်သည်နှင့် မြင်းကိုယ်စီ စီးထားကြသော သိုင်းသမား များသည် လှည်းကို ဝန်းရံ၍ လိုက်လာကြသည်။

စပြီး ထွက်လာကြတည်းက မြင်းများကို တရကြမ်းစိုင်းနှင်၍ အပြေးထွက်လာကြသည်။

ကျာပွတ်ရိုက်သံ၊ မြင်းခွာသံတွေ သောသောညံသွားသည်။

မြင်းလှည်းကို ဆွဲသော မြင်းကြီးနှစ်ကောင်မှာလည်း အားကောင်းမောင်းသန်လျက် တစ်ဟုန်ထိုး ပြေးသည်။

မြင်းကိုယ်စီနှင့် သိုင်းသမားများကလည်း မြင်းလှည်း၏ ရှေ့နောက်ဝဲယာမှ အမြဲတမ်းလိုက်လာကြသည်။

သူတို့တစ်တွေ တစ်ရှိန်ထိုး ခရီးနှင်ခဲ့ရာ လီနှစ်ဆယ်ခန့်သို့ အရောက်တွင် နေမင်းကြီးမှာလည်း ဝင့်ဝင့်မြူးမြူး ထွက်လာသည်။

မြင်းများလည်း ချွေးတွေစို့ပြီး မောပမ်းလာသည်။

ဉာဏ်ကြီးရှင်သိုင်းရာဇာ လျူယင်က ဘေးဘီကို တစ်ချက်ကြည့်လိုက်ပြီး အုပ်ချုပ်ရေးမှူး လုံပိုက်ထောင်ကို ပြောသည်။

"ကျွန်တော်တို့ ခဏနားကြရင် ကောင်းမယ် .... မြင်းတွေ သိပ်ပင်ပန်းသွားရင် ရှေ့ခရီးမှ ပိုပြီးနှောင့်နှေးသွားလိမ့်မယ် .... "

လုံပိုက်ထောင်က ခေါင်းကိုညိတ်၍ သူ့လက်ထဲမှ မြင်းရိုက်ကျာပွတ်နှင့် ရှေ့မှ တောအုပ်ကို ထိုးပြကာ ....

"ဟိုတောအုပ်ထဲမှာ လှိုကျူးဆိုတဲ့ ခြံဝင်းကြီးတစ်ခုရှိတယ် အဲဒီမှာ ခဏနားကြဖို့ ကျုပ်စီစဉ်ထားပါတယ် .... ကျုပ်ရဲ့လူယုံတော်တွေကိုလွှတ်ပြီး ကျုပ်တို့လာရင် သောက်ဖို့ ရေနွေးကြမ်းစီစဉ်နိုင်းထား



တယ် .... မြင်းတွေကိုလည်း ရေသောက်နိုင်အောင် စီစဉ်ထားလိမ့်မယ် .... အဲဒီကိုရောက်မှ နားကြတာပေါ့ .... "

နဂါးညီနောင်အာမခံအဖွဲ့သည် ဆက်လက်၍ လာကြရာ မကြာမီ တောအုပ်အတွင်းသို့ ရောက်လာသည်။

တောအုပ်ထဲတွင် ခြံဝင်းကျယ်ကြီး တစ်ခြံကိုလည်း တွေ့ကြရသည်။

ခြံဝင်း၏ ရှေ့တံခါးအနီးသို့ ရောက်ကြလျှင် ခြံထဲတွင် စားပွဲများ ခင်းထားပြီး စားပွဲပေါ်တွင် လက်ဖက်ရည်ကြမ်းအိုးများ ပန်းကန်လုံးများကို အသင့်ပြင်ဆင်ထားကြောင်း မြင်ရလေသည်။

ခြံရှေ့တွင်လည်း မြင်းများသောက်ရန် သစ်သားခွက်ကြီးများနှင့် ရေအပြည့်ရှိနေသည်။

ခြံဝင်းအတွင်းရှိ စားပွဲတစ်လုံးအနီးတွင်မူ ဆံပင်များ ဖွေးဖွေးဖြူနေပြီဖြစ်သော အဘိုးအိုဝ၊စ်ယောက် မလှုပ်မယှက် ရပ်နေသည်။

သူ့အဝတ်အစားကို မြင်ရုံနှင့် အစေအပါးတစ်ယောက်ဖြစ်ကြောင်း သိသာလှသည်။

သူ့လက်ထဲတွင်မူ သေတ္တာသေးသေးကလေးတစ်လုံးကို ကိုင်ထားသည်။

ထိုအဘိုးအို၏ အမူအရာက ဦးညွှတ်ထားလျက် သူ၏သခင် လုံပိုက်ထောင်ကို အရိုအသေပေးနေဟန်မျိုးဖြစ်၏။

ညဏ်ကြီးရှင် သိုင်းသမားလျှုယင်သည် ခြံတွင်း ခြံပြင်အခြေအနေကို ချက်ချင်းကြည့်လိုက်ပြီး လက်ဝှေ့ယမ်းပြလျက် နဂါးညီနောင်အာမခံအဖွဲ့ဝင်အားလုံးကို အမိန့်ပေးသည်။

"အားလုံး မြင်းပေါ်က မဆင်းကြနဲ့ .... လှည်းကို ဒီအတိုင်းပဲ ဝိုင်းပြီးထား .... လေးယောက်ပဲ ခြံထဲကိုသွားပြီး ရေနွေးကြမ်းနဲ့ ပန်းကန်တွေကို ယူ .... ပြီးတော့ လူစေအောင် လိုက်တိုက် .... မြင်းတွေကိုလည်း ရေပုံးနဲ့ ရေခပ်ပြီး လိုက်တိုက် .... အစုအတိုင်း မြင်းရော လူပါ ပုံစံမပျက်နေကြ .... "

လျှုယင်၏ အစီအစဉ်မှာ ပစ္စည်းလုံခြုံရေးအတွက် လွန်စွာလျော်ကန်သင့်တော်လှသဖြင့် လုံပိုက်ထောင်ကလည်း သဘောကျသည်။

ဤခရီးစဉ်တွင် ညဏ်ကြီးရှင် သိုင်းရာဇာလျှုယင်နှင့် ကျိုးကွေးရွာလူကြီး ချူးတာ့၏ စကားကိုလည်း မိမိတို့ စကားကဲ့သို့ နာခံကြရမည်ဟု လုံပိုက်ထောင်နှင့် လုံပိုက်ချန်းတို့က အမိန့်ပေးထား၍ အဖွဲ့ဝင်များ အားလုံးလိုက်နာကြသည်။

သိုင်းသမားလေးယောက်သာ မြင်းပေါ်မှဆင်းပြီး ခြံထဲကို ဝင်သွားကြသည်။

ခြံထဲတွင် ရပ်နေသော အဘိုးအို၏အနီးကို ရောက်သောအခါ သိုင်းသမားလေးယောက်စလုံး ရှေ့ကိုဆက်မသွားကြတော့ဘဲ ခြေလှမ်းတန့်ရပ်သွားကြသည်။



သူတို့သည် နောက်ကိုပင် ပြန်ဆုတ်လာကြသည်။

ထိုအချင်းအရာကို မြင်လိုက်ရသောအခါ လုံပိုက်ထောင်သည် မြင်းကိုစီးလာပြီး မေးလိုက်သည်။

"ဘာဖြစ်နေကြတာလဲ .... "

သိုင်းသမားတစ်ဦးက ဦးညွှတ်ရင်း ရပ်နေသေးသော အဘိုးအိုကို လက်ညှိုးထိုးပြပြီး ထစ်ထစ်ငေါ့ငေါ့နှင့် ပြောသည်။

"ဘကြီးလောင်လျှု .... ဘကြီးလောင်လျှု .... သူ ....သူ"

သူသည် စကားဆုံးအောင်ပင် မပြောနိုင်ချေ။

လုံပိုက်ချန်းလည်း လုံပိုက်ထောင်အနီးသို့ ရောက်လာသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး .... "

"ညီလေး .... မင်းက ပစ္စည်းပါတဲ့လှည်းကို သတိထားပြီး စောင့်ကြည့် .... အစ်ကိုကြီး သွားကြည့်လိုက်ဦးမယ် .... "

လုံပိုက်ထောင် ပြောပြောဆိုဆို မြင်းပေါ်မှ ခုန်ဆင်းကာ ခြံအထဲကို ပြေး၍ ဝင်ခဲ့သည်။

သူ့နောက်မှ လျှုယင်လည်း ပြေးလိုက်လာသည်။

အဘိုးအိုလောင်လျှုအနီးသို့ ရောက်လာသောအခါ အဘိုးအိုအဖြစ်ကို ကြည့်ပြီး နှစ်ယောက်စလုံး အံ့သြတကြီးဖြစ်သွားကြသည်။

အဘိုးအိုလောင်လျှုသည် မတ်တတ်ရပ်လျက် အနေအထားမှ မျက်လုံးအပြူးသားနှင့် မြေပြင်ကို စိုက်ကြည့်နေသည်။

ပါးစပ်ကိုလည်း ဟထားကာ ပါးစပ်အတွင်းမှ သွားရည်မှ ပြ
ပင် ကျနေသည်။

သူ့လက်ထဲတွင်မူ သေတ္တာငယ်ကလေးကို ဆုပ်ကိုင်ထား
သည်။

သူ့ခန္ဓာကိုယ်က လုံးဝမလှုပ်ရှားသလို မျက်တောင်လည်း
တစ်ချက်မခတ်ချေ။

ထိုအဘိုးအိုမှာ လုံပိုက်ထောင်၏ လူယုံတော်ကြီးဖြစ်၏။

လုံပိုက်ထောင်က စိုးရိမ်စွာဖြင့် စတင်ပြောသည်။

"ဒါ .... အိုယိဝမ်းရဲ့ လက်ချက်ပဲဖြစ်မှာပဲ .... "

လျှူယင်က အဘိုးအိုလက်ထဲမှ သေတ္တာသေးသေးကလေး
ကို ယူရန် လက်လှမ်းလိုက်သည်။

လုံပိုက်ထောင်က လျှူယင်လက်ကို ဖမ်းဆွဲပြီး ....

"နေဦး .... သေတ္တာပေါ်မှာ အဆိပ်ဖျန်းထားရင် ခက်မယ်"

လျှူယင်က ခေါင်းကိုခါယမ်းပြီး ....

"အိုယိဝမ်းဟာ အဆိပ်မသုံးတတ်ပါဘူး .... တကယ်လို့
သာ သူသာ အဆိပ်သုံးတတ်မယ်ဆိုရင် .... ကျွန်တော်တို့တွေ သောက်
မယ့် ရေနွေးကြမ်းထဲကို အဆိပ်ခတ်ပြီး တစ်နေရာရာက စောင့်ကြည့်
နေမှာပေါ့ .... ဒီအဘိုးကြီးကို ဒီလိုတောင်လုပ်မှာ မဟုတ်ဘူး .... "

ထိုအခါ လုံပိုက်ထောင်ကို လျှူယင်လက်ကို လွှတ်ပေးလိုက်
သည်။



လျှူယင်က အဘိုးအိုလောင်လျှူလက်ထဲက သေတ္တာကလေး
ကို ယူလိုက်သည်။

သေတ္တာကလေးကို ဖွင့်ကြည့်လိုက်သောအခါ ဖြူဖွေးသော
စက္ကူစားကလေးတစ်ခုကို တွေ့ရသည်။

စက္ကူစား၏ အောက်တွင် အနီရောင်စက္ကူနှင့် ရေးထားသော
စာကို မြင်ကြရသည်။

လုံပိုက်ထောင်နှင့် လျှူယင်တို့နှစ်ယောက် ခေါင်းချင်းဆိုင်
ပြီး စာကို ဖတ်ကြည့်ကြသည်။

*လေပွေမုန်တိုင်းအဖွဲ့ဟာ မတရားသဖြင့် ချမ်းသာ
ကြွယ်ဝလာတဲ့သူတွေဆီက ဥစ္စာပစ္စည်းတွေကို မတရားအဖိ
နှိပ်ခံ ဆင်းရဲသားတွေအတွက် သုံးစွဲပါတယ်၊ ယခု နောင်ကြီး
တို့ သယ်ယူပို့ဆောင်လာသော ပစ္စည်းများမှာလည်း မတရား
သဖြင့် ချမ်းသာလာတဲ့ မြို့စားကြီး ချင်းရဲ့ပစ္စည်းတွေဖြစ်နေ
တာမို့၊ ကျွန်တော်တို့တစ်တွေ မရရအောင် ကြိုးစားယူကြမှာ
ဖြစ်ပါတယ်။*

*ထို့ကြောင့် နောင်ကြီးတို့တစ်တွေ အစစအရာရာ
သတိရှိပါလေ။*

*စက္ကူစားသမား*

*အိုယိဝမ်း*

စာဖတ်ပြီးသည်နှင့် လုံပိုက်ထောင် မျက်နှာမဲ့သွားသည်။

"တယ်လည်း ကြွားလုံးထုတ်တဲ့ကောင်ပါလား .... ဒီလို သတိပေးစာပို့ပြီး ကျုပ်တို့ဆီက ပစ္စည်းကို ယူမယ်ဆိုတော့ သူ့ကိုယ်သူ အတော်အထင်ကြီးပုံပဲ .... "

လျှုယင်က လေးလေးနက်နက် ပြောပြန်သည်။

"အို့ယိဝမ်းဟာ ဒီလိုသတိပေးပြီး ပစ္စည်းကို လုယူမယ်ဆိုကတည်းက သူ့မှာ ပိုင်ပိုင်နိုင်နိုင် စီစဉ်ထားလို့ပဲ ဖြစ်မယ် .... ကျွန်တော်တို့ ဘယ်လိုပဲ စီစဉ် စီစဉ် သူသိနေတာကိုက သူ့အတွက် တစ်ပန်းသာနေပြီ .... ခုပဲ ကြည့်ပါလား .... ခရီးဘယ်လောက်မှ မရောက်သေးဘူး .... သူက သတိပေးနေပြီ .... "

ထိုအခါမှ လုံပိုက်ထောင် စိုးရိမ်စိတ်ဝင်လာပြီး အနီးအနားကို မျက်လုံးပြူးဆန်ပျာကြည့်သည်။

"သူများ ဒီနားမှာ အခုရှိနေသလား .... "

"အခုချက်ချင်းကြီးတော့ သူဟာ ကျွန်တော်တို့ကို ဒုက္ခပေးမယ်မထင်ပါဘူး .... အဲ .... အခုချိန်ကစပြီး သူ့ရဲ့တိုက်ခိုက်မှုကို အချိန်မရွေး ကျွန်တော်တို့ ကြုံရလိမ့်မယ် .... သူအနေနဲ့လည်း လွယ်လွယ်တော့ ကြံစည်ရဲမှာ မဟုတ်ပါဘူး .... ဒီတစ်ခါ သူရင်ဆိုင်ရမယ့် ကျွန်တော်တို့ဟာ ဘယ်လိုလူတွေလဲဆိုတာ သူကောင်းကောင်းတွက်မိမှာပါ .... "

လုံပိုက်ထောင်က ခေါင်းညိတ်၍ ....



"ဟုတ်တယ် .... ဒီခရီးစဉ်မှာ ကျုပ်တို့ညီအစ်ကိုနှစ်ယောက် ပြင် ခင်ဗျားတို့လို ပုဂ္ဂိုလ်မျိုးရယ် .... ချူးတာ့လို ပုဂ္ဂိုလ်မျိုးရယ် ပါလာတာပဲ .... အို့ယိဝမ်း ဘယ်လောက်ပဲစွမ်းစွမ်း .... ဒီလူတွေကိုတော့ မယှဉ်နိုင်ပါဘူး .... "

လျှုယင် ဘာမှမပြောတော့ဘဲ စက္ကူဓားနှင့် စာကို သူ့ရင် အကျီထဲ ထည့်လိုက်ပြီး ရှေ့ကို ခြေနှစ်လှမ်းတိုး၍ အဘိုးအိုလောင် လျှု၏ ကျောကို လက်ဝါးနှင့် ဖုန်းခနဲ တစ်ချက်ပုတ်လိုက်သည်။

အဘိုးအိုလောင်လျှု၏ ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက်တုန် သွားပြီး သတိရလာသည်။

သူသည် လုံပိုက်ထောင်ကို မြင်မြင်ချင်း မြေတွင်ဒူးထောက် ထိုင်လိုက်ပြီး ....

"ကျွန်တော် သတိလစ်သွားမိပါတယ် သခင်ကြီး .... ရန်သူ က ကျွန်တော့်ကို .... "

အဘိုးအို၏ စကားမဆုံးခင် လုံပိုက်ထောင်က ဖြတ်ပြော သည်။

"လောင်လျှု .... ခင်ဗျားဟာ ကျုပ်အားထားလောက်အောင် မြဲတမ်း ချွတ်ယွင်းချက်မရှိဘဲ ဆောင်ရွက်ခဲ့တဲ့သူပါ .... ဒီတစ်ခါ ရေးကြီးလွန်းလို့ ခင်ဗျားကို သေသေချာချာ မှာထားပါလျက်နဲ့ ခု ဖြစ်ရတာ ဘယ်ကောင်းမလဲ ပြောပါဦး .... ဘယ်လိုဖြစ်တာလဲ"

အဘိုးအိုလောင်လျှုက ....

"ကျွန်တော် သတိထားပြီး ဆောင်ရွက်တာတော့ အမှန် သခင်ကြီး .... ကျွန်တော် ရေနွေးကြမ်းတည်နေတုန်း ခြံရှေ့မှာ ရသေ့ တစ်ပါးရောက်လာပြီး ခရီးပန်းလို့ ရေနွေးကြမ်းတစ်ခွက်လော သောက်ပါရစေလို့ တောင်းပါတယ် .... သူတော်စင်လည်းဖြစ် မိန် သားလည်းဖြစ်လို့ ကိစ္စမရှိလေတန်ဘူး အောက်မေ့ပြီး ကျွန်တော် နွေးကြမ်းတစ်ခွက်ပေးပါတယ် .... ရသေ့မက ကျွန်တော့်ကျော ပုတ်ပြီး အကြောပိုက်လိုက်ပေ ့တာပါပဲ .... "

မျက်မှောင်ကြုတ်၍နားထောင်နေသော လျှုယင်က ကြ ဖြတ်၍ မေးသည်။

"အဲဒီရသေ့မက အသက်ဘယ်လောက်ရှိမယ်ထင်သလဲ"

အဘိုးအိုလောက်လျှုက စဉ်းစားလိုက်ပြီး ....

"အသက်နှစ်ဆယ့်ခုနစ် .... နှစ်ဆယ့်ရှစ်လောက် ရှိပါ မယ် .... သူ့မျက်နှာမှာလည်း ကျောက်ပေါက်မာတွေရှိတယ် ....

လုံပိုက်ထောင်က ....

"လောင်လျှု .... ခင်ဗျားကို ကျုပ်အမြဲတမ်း သတိပေးစက ပြောထားတာ မေ့သွားတာကိုး .... သိုင်းလောကမှာ ထူးခြားတဲ့ အ အပြင်မျိုးရှိတဲ့လူတွေ .... အထူးသဖြင့် ဘုန်းကြီး ရသေ့ သူတော် ယောင်ဆောင်တဲ့လူတွေကို သတိထားရမယ်လို့ .... အဲ .... အ



သမီးနဲ့ ကိုယ်လက်မသန်စွမ်းတဲ့လူတွေကို ပိုပြီးသတိထားရမယ်"

လျှုယင်က ကြားဖြတ်ပြီး ....

"ကဲပါဗျာ .... အို့ယိဝမ်းတို့လို ပုဂ္ဂိုလ်မျိုးတွေနဲ့ ယှဉ်ရတာ ဆိုတော့ အပြစ်တင်လို့ မဖြစ်ပါဘူး .... အားလုံးကို ရေနွေးကြမ်း တိုက်ပြီးရင် ကျုပ်တို့တစ်တွေ မြန်မြန်ခရီးဆက်ကြမှဖြစ်မယ် .... ခရီး ဖင့်နေရင် အို့ယိဝမ်း ပိုပြီးကြံစည်နိုင်တယ် .... "

လုံပိုက်ထောင် မျက်မှောင်ကြုတ်ပြီး ....

"ရေနွေးကြမ်းကို စိတ်ချရပါ့မလား .... အဆိပ်ခတ်ထားရင် ခက်နေမယ် .... "

လျှုယင်ခေါင်းကို ခါယမ်းပြီး ....

"သူ့အဆိပ်ခတ်ချင်မှတော့ ဒီစာကိုရေးပြီး သတိပေးမှာတောင် မဟုတ်ပါဘူး .... ဒီလိုနည်းမျိုးနဲ့လည်း အို့ယိဝမ်းဟာ မလုပ်တတ်ပါ ဘူး .... စိတ်ချလက်ချသာ ကျွန်တော်တို့လူတွေကို တိုက်လိုက်ပါ မြင်းတွေကိုလည်း ရေအဝသောက်ထားပါစေ .... "

ထို့နောက် လုံပိုက်ထောင်သည် ပထမအစီအစဉ်အတိုင်း လူလေးယောက်ကို ရေနွေးကြမ်းများ ယူစေ၍မြင်းပေါ်မှ လူများကို လိုက်လံတိုက်စေသည်။

မြင်းများကိုလည်း ရေအဝတိုက်စေသည်။

ကျွန်လူအားလုံးမှာ မြင်းပေါ်မှမဆင်းကြရဘဲ မြင်းလှည်းကို

ပုံစံမပျက် ဝိုင်းဝန်းစောင့်ကြပ်နေကြသည်။

မြင်းများကိုကော လူများပါ ရေနှင့် ရေမွေးကြမ်းကို သောက်ပြီးကြသောအခါ ထူးထူးခြားခြား မည်သို့မှုမဖြစ်ကြချေ။

လျှူယင်က လုံပိုက်ထောင်ကို ပြောသည်။

"ဒီကနေ ကျွန်တော်တို့ ဆက်သွားကြမယ်ဆိုရင် ကူးယင်စန်းတောင်ကို ရောက်လိမ့်မယ် .... ကူးယင်စန်းတောင်ကို တစ်ပတ်ပတ်ကြီးကွေ့သွားမှာ လျှူလျှန်းစန်းတောင်ဒေသကို ရောက်မှာပဲ .... ခရီးက ကြမ်းပြီး အန္တရာယ်များနိုင်တာမို့ အခုကတည်းက ကျွန်တော်တို့ ဒီထက်ကောင်းတဲ့ လုံခြုံရေးအစီအစဉ်တွေ လုပ်ကြမှဖြစ်မယ်"

လုံပိုက်ထောင်က ....

"ခင်ဗျားကောင်းမယ်ထင်သလိုသာ စီစဉ်ပါ .... လျှူယင်ခင်ဗျားရဲ့ အတွေးအခေါ်နဲ့ အကြံဉာဏ်ကို ကျုပ်ယုံကြည်စိတ်ချပြီးသားပါ .... ဘယ်လိုလုပ်မလဲ .... "

လျှူယင်က ....

"ကျွန်တော်တို့အဖွဲ့က လူဆယ်ယောက်စီကို နှစ်သုတ်ခွဲ ရှေ့ပြေးအဖြစ် လွှတ်ချင်တယ် .... လူငါးယောက်စီ ဆယ်လီအကွာအဝေးက သွားပါစေ .... အဲဒီနောက်ကမှ ကျွန်တော်တို့ထဲကခေါင်းဆောင်နှစ်ယောက်နဲ့ အဖွဲ့သားငါးယောက်စီ လိုက်မယ် .... ကျန်တဲ့လူတွေအားလုံးကတော့ ပစ္စည်းလှည်းကို ဝန်းရံပြီး လိုက်ကြမယ် .... လှည်း



နောက်က သုံးလီအကွာလောက်ကမှ အဖွဲ့ခေါင်းဆောင် နှစ်ယောက်နဲ့ အဖွဲ့ဝင်ငါးယောက် လိုက်ကြမယ် .... ဒါမှ ပစ္စည်းတင်တဲ့ လှည်းရှေ့ နောက်မှာတစ်ခုခုဖြစ်ရင် ကြိုတင်သိနိုင်မယ် .... အားလုံး ခရီးပြင်းတော့ နှင်ကြရမှာပဲ .... ညသန်းခေါင်မတိုင်ခင် လျှူလျှန်းစန်းတောင်ခြေကို ရောက်ဖို့ အရေးကြီးတယ် .... "

လုံပိုက်ထောင် သဘောမပေါက်ဟန်ဖြင့် လျှူယင်ကို ကြည့်ပြီး ....

"ဟင် .... ဒါဆို လျှူလျှန်းစန်းတောင်ခြေက ညသန်းခေါင်ကြီး ကျုပ်တို့ခရီးဆက်ကြရမှာလား .... "

လျှူယင်က ....

"လျှူလျှန်းစန်းတောင်ခြေမှာ ဝေဟွေဆိုတဲ့ ရွာကလေးတစ်ရွာရှိပါတယ် .... အဲဒီမှာ ရွာသူရွာသားတွေဟာ လယ်ယာအလုပ်ကိုသာမက မြင်းမွေးမြူရေးအလုပ်ကိုပါ လုပ်ကိုင်ကြပါတယ် .... ဝေဟွာရွာသူကြီး ပိုင်ဟာ ကျွန်တော်နဲ့ ရင်းနှီးသိကျွမ်းကြတဲ့ မိတ်ဆွေတွေပါ အဲဒီရွာမှာပဲ ကျွန်တော်တို့ ခွင့်တောင်းပြီး နားကြတာပေါ့ .... ရွာက မြင်းတွေနဲ့ ကျွန်တော်တို့ရဲ့ မြင်းတွေနဲ့လည်း အလဲအလှယ်လုပ်လို့ရတယ် .... ညတွင်းချင်းပဲ ခရီးဆက်ကြမယ်ဆိုရင် မိုးလင်းတာနဲ့ ဇော့ရှိမင်းလမ်းမကြီးကို ရောက်သွားနိုင်တယ် .... ဇော့ရှိမင်းလမ်းမကြီးရောက်သွားရင်တော့ ကျွန်တော်တို့အတွက် အများကြီးလုံခြုံသွားနိုင်တယ်"

လုံပိုက်ထောင်သည် သဘောတူပြီး လျူယင်၏အကြံဉာဏ်အတိုင်း သူ့အဖွဲ့ဝင်များကို စီစဉ်ကာ ခရီးဆက်ခဲ့ကြလေသည်။

◇◇◇◇◇

## ၉။

နဂါးညီနောင်အာမခံဌာနအဖွဲ့ဝင်များသည် တစ်နေကုန်ပင် ခရီးပြင်းနှင်လာခဲ့ကြသည်။

သူတို့သည် လမ်းတွင် နားသည်ဆိုရုံမျှ ခဏသာရပ်ပြီး နားကြသည်။

သူတို့ အာမခံလုပ်ငန်းသက်တမ်းတစ်လျှောက်တွင် တစ်ခါမှ ဤမျှလောက် မပင်ပန်းကြသေးချေ။

ညနေခင်းအချိန်သို့ ရောက်သောအခါ သူတို့သည် လီဒေးရာကျော့်ခရီးကို ရောက်လာခဲ့ကြသည်။

လျူလျန်းစန်းတောင်ကိုလည်း လှမ်းမြင်ကြရပြီဖြစ်၏။

တောအုပ်ကို လွန်မြောက်သောအခါ တောင်ကုန်းအခြေတွင် ရွာတစ်ရွာကို လှမ်းမြင်ကြရသည်။

ရွာထဲမှ အိမ်အချို့ဆီမှ မီးခိုးတလူလူ လွင့်ပါးတက်နေသည်ကိုလည်း တွေ့ရလေရာ ချက်ပြုတ်နေကြခြင်းဖြစ်ကြောင်း သိနိုင်ပေသည်။

အားလုံးပင် ထမင်းပူပူ၊ ဟင်းပူပူနှင့် အရက်ကောင်းကောင်းကို သောက်၍ အပန်းဖြေလိုကြပြီဖြစ်၏။

သူတို့သည် မြင်းများကို ပိုပြီးစိုင်းနှင်ကြသည်။ ရှေ့ပြေးအဖွဲ့ ရှိနေသောကြောင့် ရှေ့မှအန္တရာယ်ကို စိုးရိမ်စရာမလိုကြချေ။

ရွာနားသို့ ရောက်လာကြသောအခါ ရွာဆီမှ သူတို့နှင့် မျက်နှာချင်းဆိုင် ပြေးလာသော မြင်းတစ်စီးကို မြင်ကြရသည်။

သူတို့၏ ရှေ့ပြေးလွှတ်လိုက်သော အဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး လက်ထဲတွင် အလံနီကို ဝှေ့ယမ်း၍ လာနေခြင်းဖြစ်လေရာ တစ်ခုခုတော့ ထူးခြားပြီပဲ သိလိုက်ကြ၏။

"ဘာဖြစ်လို့လဲဟေ့ .... "

လုံပိုက်ထောင်က ဆီး၍မေးလိုက်ရာ ထိုလူက အမောတကောပြောသည်။

"ရွာပြင်မှာ သတိပေးစာတန်းတစ်တန်းကို ကျောက်တုံးမှာ ရေးထားတာ တွေ့လို့ .... ကျွန်တော်လာပြီး အကြောင်းကြားတာပါ ကျွန်တော်တို့တစ်တွေ ရွာထဲအထိ မဝင်ကြသေးပါဘူး .... "

လုံပိုက်ထောင်တို့ အံ့သြသွားပြီး တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြ၏။



ပြီးမှ လုံပိုက်ထောင်က မေးသည်။

"ဘယ်သူက ရေးထားတဲ့ သတိပေးစာလဲ .... ဘယ်လိုရေးထားသလဲ မြန်မြန်ပြောစမ်း .... "

"ကျောက်တုံးပေါ်ထွင်းပြီး ရေးထားတဲ့စာကတော့ နဂါးနှစ်ကောင် အာမခံဌာနက လူတွေရော မြင်းတွေပါ အားလုံး ရွာထဲကို မဝင်ပါနဲ့လို့ ရေးထားပါတယ် .... "

လျှူယင်က ....

"ကျွန်တော်တို့နှစ်ယောက် လိုက်ကြည့်ကြရအောင် .... အရင်တုန်းက ဒီလိုစာမျိုး ရေးမထားပါဘူး .... "

လျှူယင်နှင့် လုံပိုက်ထောင်တို့နှစ်ယောက်သည် ကျန်လူများကို ပုံစံမပျက်နေစေကာ သတင်းလာပေးသူကို ရှေ့မှလမ်းပြစေလျက် လိုက်ပါလာခဲ့ကြသည်။

ရွာနှင့် တစ်လီခန့်အကွာသို့ ရောက်သောအခါ လမ်းဘေးရှိ ကျောက်တုံးကြီးပေါ်တွင် ရေးထွင်းထားသော စာတန်းကို မြင်ကြရလေသည်။

လျှူယင်နှင့် လုံပိုက်ထောင်တို့ မြင်းပေါ်မှဆင်းပြီး သေချာစွာ ကြည့်ကြလေသည်။

ရေးသားထားသောစာမှာ ....

**ရွာထဲမှာ ထောင်ချောက်ဆင်ထားတယ်။**

**အာမခံဌာနက လူည်းရောလူတွေပါ မဝင်သင့်ပါ။**

**ဤနေရာမှစပြီး အထူးသတိထား၍ ခရီးဆက်ပါ။**

စာကို ဖတ်ပြီးနောက် လုံပိုက်ထောင် မျက်မှောင်ကြုတ်သွားပြီး ....

"ဘယ်သူရေးသွားတဲ့စာပါလိမ့် .... ရေးတဲ့လူတော့ စေတနာနဲ့ သတိပေးပုံပဲ .... ကျုပ်တို့အဖွဲ့ရဲ့အကျိုးကို လိုလားတဲ့ မိတ်ဆွေတစ်ယောက်ယောက် ရေးထားတာ ဖြစ်မယ်ထင်တယ် .... "

လျှုယင်က စကားမပြောသေးဘဲ ကျောက်တုံးအနီးကို မျက်နှာသေချာစွာ ကပ်ကြည့်သည်။

ကျောက်တုံးဘေးပတ်ဝန်းကျင်မှ မြက်ခင်းကိုလည်း ကြည့်ရှုလေ့လာသည်။

လုံပိုက်ထောင်က မအောင့်အည်းနိုင်တော့ဘဲ ....

"ဘာများ ထူးထူးခြားခြား တွေ့မိသေးသလဲ .... "

လျှုယင်က စဉ်းစဉ်းစားစားနှင့် ပြောသည်။

"ဒီစာရေးတဲ့လူဟာ တကယ်ပဲ ကျွန်တော်တို့ အကျိုးကို လိုလားလို့ စိတ်ကောင်းနှလုံးကောင်းနဲ့ စာကိုရေးခဲ့တာလား .... ဒါမှမဟုတ် ဘယ်လိုအကြံယုတ်တွေရှိလို့ ရေးတာလဲဆိုတာ .... ကျွန်တော် စဉ်းစားနေတာပါ .... "

လုံပိုက်ထောင်က ....

"ဒီစာရေးတာဟာ စေတနာကောင်းနဲ့ သတိပေးတာပဲ ဖြစ်ရမှာပါ .... နို့မို့ ဒီလိုစာမျိုး ဘယ်ရေးမလဲ .... "

လျှုယင်က ခေါင်းကိုခါယမ်းပြီး ....



"ဒီလို တစ်ထစ်ချတွက်လို့တော့ မဖြစ်ဘူး .... ဘာဖြစ်လို့လဲဆိုတော့ .... ကျောက်တုံးကြီးအောက်က မြက်ခင်းပြင်ကို ကြည့် .... ပြီးတော့ မြက်ခင်းပေါ်မှာ ခြေရာတွေလည်း နင်းထားတယ် .... ဒါကို ကြည့်ခြင်းအားဖြင့် ကျောက်တုံးကြီးဟာ အစက ဒီမှာမရှိဘူး .... တစ်နေရာကနေ ကျောက်တုံးကြီးကို ဒီလမ်းဘေး သယ်လာပြီး ကျင်းကန်းအတွင်းအားကိုသုံးပြီး လက်ညှိုးနဲ့ စာကို ထွင်းရေးခဲ့တာပဲ"

လုံပိုင်ထောင် အံ့ဩသွားပြီး ....

"ဟင် .... ဒါဆို ဒီစာရေးတဲ့လူဟာ သိုင်းပြီးသိုင်းပညာအဆင့်မြင့်မားတဲ့ လူတစ်ယောက်ပေါ့ .... "

လျှုယင်က ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ဒါပေမယ့် ဒီလိုသိုင်းသမားတစ်ယောက်က ဘာဖြစ်လို့ သူ့ရဲ့နာမည်ကို မရေးခဲ့တာလဲဆိုတာ ကျွန်တော်တို့ စဉ်းစားရမယ် .... "

"ဒါကတော့ သူ့နာမည်ကို ဖော်ထုတ်အသုံးမပြုလိုဘဲ ကျုပ်တို့ကို လျှို့ဝှက်ကူညီချင်လို့ ဖြစ်မှာပေါ့ .... "

"ဒါဆိုရင်လည်း သူဟာ ကျွန်တော်တို့ကို ကြိုတင်ပြီးသာ သတိပေးသင့်တာပေါ့ .... အခုတော့ နေဝင်မိုးချုပ်တော့မယ် .... ဒီအနီးအနားမှာ တခြားရွာတွေလည်း မရှိဘူး .... ခုချိန်မှာ လူတွေကောမြင်းတွေပါ ပန်းနေကြတော့ ရွာတစ်ရွာမှာ ဝင်မနားဘဲ ဘယ်လိုမှ ခရီးဆက်နိုင်ကြမှာ မဟုတ်ဘူး .... "

လုံပိုက်ထောင်က တစ်စုံတစ်ခုကို တွေးမိဟန်နှင့် ဆတ်ခနဲ ဖြစ်သွားပြီး ....

"ဟာ .... ကျုပ်တစ်ခု တွေးမိတယ် .... ဒီစာရေးတဲ့လူဟာ အို့ယိဝမ်းကိုယ်တိုင်ကော မဖြစ်နိုင်ဘူးလား .... ဒီစာကြောင့် ကျုပ်တို့ ရွာထဲမဝင်ရဲဘဲ ခရီးဆက်ကြမယ်ဆိုရင် လမ်းခရီးမှာဆိုတော့ သူ့အတွက် ပိုပြီး လုယက်တိုက်ခိုက်ရတာ လွယ်မှာပေါ့ .... "

လျှူယင်က ခေါင်းညိတ်၍ ....

"အိမ်း .... ဒါလည်း ဖြစ်နိုင်တာပဲ .... ဒါပေမယ့် သူတိုက်ခိုက်ချင်တယ်ဆိုရင် လမ်းခရီးမှာလည်း တိုက်ခိုက်နိုင်တာပဲ .... ရွာထဲမှာ တိုက်ခိုက်မယ်ဆိုရင်လည်း တိုက်ခိုက်မှာပဲ .... အခုလိုအခြေအနေမျိုးကို ရောက်မှတော့ ကျွန်တော်တို့တွေ ရွာထဲကို ဝင်ကြရမှာပဲ .... အထူးတော့ သတိထားကြရမှာပေါ့ .... "

လုံပိုက်ထောင်ကလည်း ခေါင်းညိတ်၍ ....

"ရွာထဲမှာ ကြာကြာမနေဘဲ ခေါ်မြန်မြန်အနားယူ စားသောက်ပြီး ခရီးဆက်ကြမယ်ဆိုရင် ပိုကောင်းမယ် .... "

"ဒီလိုပဲ လုပ်ရမှာပေါ့ .... ကျန်တဲ့လူတွေကိုတော့ ရွာပြင်ကပဲ စောင့်နေပါစေဦး .... ကျွန်တော်တို့နှစ်ယောက် အထဲဝင်ပြီး အခြေအနေ ကြည့်ကြသေးတာပေါ့ .... ရွာသူကြီးပိုင်နဲ့ အရင်ဆုံးတွေ့ရင်တော့ အခြေအနေ သိရမှာပဲ .... ရွာသူကြီးပိုင်နဲ့ တွေ့ပြီးမှ အဖွဲ့ကို ခေါ်သင့် ခေါ်တာပေါ့ .... "



ထို့နောက် လုံပိုက်ထောင်၊ လျှူယင်နှင့် အဖွဲ့ခေါင်းဆောင် သိုင်းသမားလေးယောက်တို့သာ ရွာထဲကို ဝင်လာကြပြီး ကျန်လူများကို ရွာပြင်တွင် စောင့်ကျန်နေခဲ့စေသည်။

ဝေဟွာရွာ၏ အနောက်ဘက်တွင် မြက်ခင်းလွင်ပြင်ကြီးရှိနေပြီး ၎င်းမြက်ခင်းလွင်ပြင်ကြီးနောက်တွင် တောင်ကုန်းမြင့်ကြီးတစ်ခု ရှိနေသည်။

တောင်ကုန်းနှင့် မလှမ်းမကမ်းတွင် စမ်းချောင်းကလေးရှိနေပြန်သည်။

မြက်ခင်းပြင်ကြီးအစပ်ရှိ ဝေဟွေရွာစွန်တွင် ခြံဝင်းကျယ်ကြီးရှိကာ မြင်းများကို မွေးမြူထားလေသည်။

ဝေဟွေရွာမှ အိမ်ထောင်စု လေးငါးဆယ်ခန့်ရှိပြီး လူဦးရေ ခုနစ်ရာခန့် ရှိလေသည်။

ဦးစွာ လျှူယင်နှင့် လုံပိုက်ထောင်တို့မှာ ရွာတံခါးမှ အစောင့်များကို တွေ့၍ ရွာသူကြီးပိုင်နှင့် တွေ့ဆုံလိုကြောင်း ဦးစွာအကြောင်းကြားခိုင်းရသည်။

မကြာမီ ရွာသူကြီးပိုင် ကိုယ်တိုင်ရောက်လာပြီး လျှူယင်တို့ကို ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုလေသည်။

"မိတ်ဆွေတို့ကို ကျုပ်စောင့်နေတာ .... ညနေခင်းကတည်းကပဲ .... ဘာဖြစ်လို့ နောက်ကျနေတာလဲ .... ချက်ထားတဲ့ ထမင်းဟင်းတွေ ေအးကုန်လို့တောင် ထပ်ပြီး နွှေးထားရတယ် .... "

ရွာသူကြီးပိုင်၏စကားကြောင့် လျှူယင်တို့တစ်တွေ အံ့ဩသွားကြလေသည်။

ရွာသူကြီးပိုင်၏စကားကိုလည်း သဘောပေါက်နားမလည်နိုင်အောင် ဖြစ်ကြရသည်။

ရွာသူကြီးပိုင်က လျှူယင်နှင့် လုံပိုက်ထောင်ကိုကြည့်ပြီး ....

"လျှူယင်ကိုတော့ မိတ်ဆွေရင်းချာမို့ ကောင်းကောင်းကြီးသိနေပါပြီ .... ဒီမိတ်ဆွေကတော့ နဂါးညီနောင်အာမခံဌာနက အုပ်ချုပ်ရေးမှူး လုံပိုက်ထောင်ပဲ မဟုတ်လား .... မိတ်ဆွေတို့တစ်တွေ ခရီးဝေးက လာကြရတယ်ဆိုတော့ သိပ်ပြီးပင်ပန်းနွမ်းနယ်နေကြမှာပေါ့ .... ကျုပ်ရဲ့အိမ်မှာ လူတွေနားဖို့ မြင်းတွေထားဖို့ အားလုံးရှင်းလင်းထားပါတယ် .... ကျန်တဲ့လူတွေကို ရွာထဲ ဘာဖြစ်လို့ ခေါ်မလာကြတာလဲ .... "

လျှူယင် အံ့ဩစိတ်ကို မဖြိုသိပ်နိုင်တော့ဘဲ မေးရတော့သည်

"နေပါဦး သူကြီး .... ကျွန်တော်တို့ ရောက်လာမယ့်အကြောင်းကို ကြိုပြီး အကြောင်းမကြားဘဲနဲ့ နောင်ကြီးက ဘယ်လိုသိနေရတာလဲ .... "

ရွာသူကြီးပိုင်က တဟားဟားနှင့် ရယ်မောလိုက်ပြီး ....

"ကျုပ်က နတ်သိကြားမှ မဟုတ်ဘဲ .... မိတ်ဆွေတို့လာမှာကို ဘယ်လိုလုပ် ကြိုတင်သိနိုင်ပါ့မလဲ .... မိတ်ဆွေတို့လာမယ်ဆိုတဲ့အကြောင်းကို ကျုပ်တို့ရွာရဲ့ ကျေးဇူးရှင်တစ်ယောက်လည်းဖြစ် .... မိတ်ဆွေလည်းဖြစ်တဲ့ လူတစ်ယောက် ပြောပြထားလို့ပါ .... "



လုံပိုက်ထောင် စိတ်ဝင်စားသွားပြီး ....

"အဲဒီလူက ဘယ်သူများလဲ ခင်ဗျာ .... "

ရွာသူကြီး ပိုင်က ပြုံး၍ ....

"အဲဒီလူရဲ့နာမည်ကိုကြားရင် .... မိတ်ဆွေတို့ သိကောင်းသိကြမှာပါ .... ဘာဖြစ်လို့လဲဆိုတော့ သူလည်း သိုင်းလောကမှာ ကျော်ကြားနေတဲ့ လူပဲ .... သူ့နာမည်က စက္ကူဓားသမား အို့ယိဝမ်းလေ .... "

"ဗျာ .... "

"ဟင် .... "

လျှူယင်နှင့် လုံပိုက်ထောင်တို့ ဣန္ဒြေပျက်လောက်အောင် အံ့ဩလွန်းမက အံ့ဩသွားကြလေသည်။

နောက်မှ လျှူယင်သည် ဣန္ဒြေဆည်လိုက်ပြီး ....

"နေပါဦး နောင်ကြီးပိုင် .... နောင်ကြီးပိုင်နဲ့ စက္ကူဓားသမား အို့ယိဝမ်းတို့ဟာ အတော်ကလေး ခင်မင်ရင်းနှီးကြလို့လား .... "

ရွာသူကြီးပိုင်က ပြုံးလိုက်ပြီး ....

"အို့ယိဝမ်းဟာ ကျုပ်နဲ့သာမကပါဘူး .... ကျုပ်တို့တစ်ရွာလုံးနဲ့ပါရင်းနှီးခင်မင်တဲ့ လူပါ .... တစ်ရွာလုံးရဲ့ ကျေးဇူးရှင်ဆိုရင်လည်း မမှားဘူး .... ဟိုလွန်ခဲ့တဲ့ တစ်နှစ်က ကျုပ်တို့ရွာဟာ အငတ်ဘေးကြီးနဲ့ ရင်ဆိုင်ခဲ့ဖူးတယ် .... မိုးခေါင်လွန်းလို့ စမ်းရေတွေတောင် ခန်းခြောက်ကုန်တယ် .... လယ်ယာတွေလည်း မဖြစ်ထွန်း .... မြက်

တွေလည်း မပေါက်နဲ့ .... လူရော မြင်းတွေပါ ငတ်ပြီး သေကြရမယ့် အခြေအနေမျိုး ဆိုပါတော့ .... ဒီတုန်းက အို့ယိဝမ်း ကူညီထောက်ပံ့ ခဲ့လို့ တော်သေးတာပေါ့ .... နို့မို့ဆို ကျုပ်တို့ရွာမှာ လူတစ်ဝက်တောင် ကျန်မှာ မဟုတ်ဘူး .... ငတ်မွတ်ခေါင်းပါးလို့ သေလိုက်ကြမယ့် ဖြစ်ခြင်း .... "

လျှူယင်က ကြားဖြတ်ဝင်မေးသည်။

"အို့ယိဝမ်းက ဘယ်လိုကူညီလို့လဲ .... "

"အို့ယိဝမ်းဟာ လီပေါင်းတစ်ရာကျော်ဝေးတဲ့အရပ်ဒေသကနေ ကျုပ်တို့ရှိရာကို ရေနဲ့ စားနပ်ရိက္ခာတွေ သယ်ယူလာပေးတယ်လေ .... ဒီကျေးဇူးကို ကျုပ်တို့တစ်တွေ ဘယ်မေ့ကြပါ့မလဲ .... "

ရွာသူကြီးပိုင်သည် မိမိတို့နှင့် အို့ယိဝမ်းအခြေအနေကို မသိ၍ သဘောရိုးနှင့် ချီးမွမ်းခန်းများ ဖွင့်နေခြင်းဖြစ်ကြောင်း လျှူယင်နှင့် လုံပိုက်ထောင်တို့ တွေးမိကြသည်။

ရွာသူကြီးပိုင်က အားပါးတရ ဆက်ပြောနေသည်။

"စက္ကူဓားသမား အို့ယိဝမ်းဟာ ကျုပ်တို့လို တောင်သူလယ်သမား ဆင်းရဲသားတွေရဲ့ မိတ်ဆွေကယ်တင်ရှင်ကြီးပါပဲ .... ဟောဒီတဲ့ကျန်းဒေသတောင်ပိုင်းနဲ့ မြောက်ပိုင်း .... မြစ်ဝါမြစ်ကမ်းတစ်လျှောက်ဒေသတွေမှာနေတဲ့ လူတော်တော်များများဟာ သူ့ရဲ့အထောက်အပံ့ကိုရကြတာ များပါတယ် .... "

လျှူယင်နှင့် လုံပိုက်ထောင်တို့ နှစ်ယောက်စလုံး မျက်နှာအထားရခက်နေကြ၏။



ရွာသူကြီးပိုင်က စိတ်ပါလက်ပါ ဆက်ပြောနေသည်။

"ဒီနေ့ နေ့လယ်ပိုင်းလောက်က ကျုပ်တို့ရွာကို မမျှော်လင့်ဘဲ အို့ယိဝမ်းရောက်လာတယ် .... သူက ကျုပ်နဲ့တွေ့ပြီး ဒီညနေမှာ မိတ်ဆွေတို့ရောက်လာကြလိမ့်မယ် .... ဧည့်ခံကျွေးမွေးဖို့ အသင့်စီစဉ်ထားပါလို့ မှာကြားတယ် .... ကျုပ်တို့တစ်ရွာလုံးကလည်း အို့ယိဝမ်းရဲ့မိတ်ဆွေတွေ ရောက်လာမယ်ဆိုတာ သိရလို့ ဝမ်းသာအားရ ချက်ပြုတ်ပြီး ထားကြပါတယ် .... "

လျှူယင် ဘေးအီဝဲယာကို မလုံမလဲနှင့် ကြည့်၍ ....

"အခုကော အို့ယိဝမ်း ဘယ်မှာလဲ .... "

ရွာသူကြီးပိုင်က ....

"အို့ယိဝမ်းကတော့ နေ့လယ်က ခဏပဲလာပြီး ကိစ္စရှိလို့ ပြန်သွားပါတယ် .... အခုတော့ ကျုပ်နဲ့ သိကျွမ်းတဲ့မိတ်ဆွေလျှူယင်ပါလာတော့ ပိုပြီးအဆင်ပြေသွားတာပေါ့ .... ကိုင်းပါ .... ကျန်တဲ့အဖွဲ့ဝင်တွေအားလုံးကိုလည်း ခေါ်လိုက်ပါ .... ရောက်လာတုန်း ကျုပ်တို့ရွာက အားပါးတရ ဧည့်ခံကျွေးမွေးပါရစေ .... "

ရွာသူကြီးပိုင်က လျှူယင်နှင့် လုံပိုက်ထောင်တို့၏အဖြေကိုပင် မစောင့်တော့ဘဲ ရွာသားများကို ကျန်လူအားလုံးအား သွားခေါ်စေလေသည်။

ယခု အခြေရောက်မှ လျှူယင်လည်း ငြင်းဆန်ရန် ခက်နေသဖြင့် ရွာသူကြီးပိုင်နောက်မှ မြင်းကိုယ်စီကိုစီးပြီး လိုက်ခဲ့ကြသည်။

လုံပိုက်ထောင်က စိုးရိမ်စိတ်ဖြင့် လျှုယင်ကို ကပ်ပြောသည်။

"ဘယ်လိုဥပ်မလဲ .... ခုမှစကော်တော့တာပဲဗျာ .... ကျုပ်တို့ အိုယိဝမ်းရဲ့ဘက်တော်သားတွေရဲ့ရွာနားမှာမှ နားရမလိုဖြစ်နေပြီ"

လျှုယင်ကလည်း တီးတိုးပြန်ပြောသည်။

"ခုမှတော့ အစစရာရာ သတိထားကြရတော့မှာပေါ့ .... ခင်ဗျားက ရွာသူကြီးပိုင်ကိုပဲ အခြေအနေကြည့်ပြီး ဆက်ဆံပါ .... ဣန္ဒြေမပျက်ပါစေနဲ့ .... ကျွန်တော်က အဖွဲ့သားတွေအားလုံးကို သတိပေးမယ် .... "

သူကြီးပိုင်၏ ခြံဝင်းကြီးမှ များစွာ ကျယ်ဝန်းလေသည်။

လျှုယင်နှင့် လုံပိုက်ထောင်တို့ရောက်ပြီး မရှေးမနှောင်းမှာပင် ပစ္စည်းတင်သော မြင်းလှည်းနှင့်အတူ ကျန်အဖွဲ့ဝင်များအားလုံးပါ ရောက်လာကြသည်။

မိုးချုပ်ပြီဖြစ်သဖြင့် ခြံဝင်းပတ်ပတ်လည်တွင် လျှုယင်၏ အစီအစဉ်ဖြင့် မီးများထွန်းညှိလိုက်ကြ၏။

ခြံဝင်းအလယ်တွင် ပစ္စည်းတင်မြင်းလှည်းကို ရပ်တန့်ထားစေပြီး မြင်းလှည်းပတ်ပတ်လည်တွင် ရှိသမျှမြင်းများကို ဝိုင်းရံထားစေသည်။

ခြံဝင်းတံခါးတိုင်တွင်လည်း အစောင့်အကြပ်များကို ချထားသည်။

အဖွဲ့ဝင်အားလုံး မည်သူ့ကိုမျှ အိမ်ထဲမဝင်စေဘဲ ခြံဝင်းကြီးထဲမှာပင် သတိဝီရိယနှင့် နေစေသည်။



သူတို့၏ အပြုအမူကို သူကြီးပိုင်က နားမလည်၊ သဘောမပေါက်သဖြင့် မေးမြန်းသည်။

"မိတ်ဆွေတို့အားလုံး ခရီးပန်းလာကြတယ် မဟုတ်လား .... အဲဒါဖြစ်လို့ ကျုပ်ရဲ့အိမ်ထဲမှာ အေးအေးဆေးဆေး ဝင်ပြီး အနားမယူကြတာလဲ .... ကျုပ်အိမ်က အများကြီး ကျယ်ဝန်းပါတယ် .... ညစ်ခံကျွေးမွေးဖို့လည်း စီစဉ်ပြီးနေပါပြီ .... "

လျှုယင်က တည်ကြည်လေးနက်စွာ ပြန်ပြောသည်။

"ဒီလိုပါ နောင်ကြီး .... ဒီတစ်ခေါက် ကျွန်တော်တို့ အာမခံအဖွဲ့နဲ့ သယ်ယူပို့ဆောင်ရတဲ့ ပစ္စည်းတွေဟာ သိပ်ပြီး အရေးကြီးတဲ့ ပစ္စည်းဖြစ်နေပါတယ် .... တကယ်လို့ မတော်တဆ ပျောက်ပျက်ဆုံးရှုံးသွားမယ်ဆိုရင် ကျွန်တော်တို့ပါမကဘဲ နောင်ကြီးတို့ရွာကိုပါ ထိခိုက်နိုင်တယ် .... ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေ အမြဲတမ်းသတိထားပြီး စောင့်ကြည့်ကြရပါတယ် .... "

ရွာသူကြီးပိုင်က ပြုံးလိုက်ပြီး ....

"ဒီအတွက်တော့ မိတ်ဆွေတို့ စိတ်ချပါ .... မိတ်ဆွေတို့ရဲ့ ပစ္စည်းဟာ ဘယ်လောက်ပဲ အရေးကြီးအဖိုးတန်တဲ့ ပစ္စည်းပဲဖြစ်ဖြစ် ကျုပ်ရွာထဲမှာတော့ ဘယ်လိုမှ မပျောက်ပျက်မဆုံးရှုံးစေရပါဘူး .... ကျုပ်ရဲရဲကြီး တာဝန်ယူပါတယ် .... မိတ်ဆွေတို့ဟာ အိုယိဝမ်းရဲ့ မိတ်ဆွေတွေပဲ .... ဘယ်သူမှ မိတ်ဆွေတို့ရဲ့ပစ္စည်းကို စိတ်နဲ့တောင် ပြစ်မှားကြမှာ မဟုတ်ပါဘူး .... "

လျှို့ယင်လည်း စကားရှည်မည်စိုး၍ ပြုံးရယ်ကာ ....

“ဟုတ်ပါတယ် .... ဟုတ်ပါတယ် .... ဒါပေမယ့် ကျွန်တော်တို့ဟာ ဘယ်နေရာ ဘယ်ဒေသကိုပဲ ရောက်ရောက် စည်းကမ်းချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရပါတယ် .... ”

စည်းကမ်း။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ ထို့အတူ တိုးတက်မှု၏ လှေကားထစ်လည်း ဖြစ်သည်။

စည်းကမ်းမဲ့ခြင်းကား တန်ဖိုးမဲ့ခြင်းနှင့် ဆုတ်ယုတ်ခြင်း လက္ခဏာဖြစ်သည်။

ပညာရှိတို့ကလည်း နီတိစကား ပေးခဲ့ကြသည်။

အကွပ်မဲ့ကြမ်း ပရမ်းပတာဟူ၍ ....

မှန်သည်။ အကွပ်မဲ့ကြမ်းသည် ညီညွတ်မှုမရှိ၊ ပရမ်းပတာဖြစ်၍ ပျက်စီးလွယ်သည်။ တာရှည်မခံ။

အကွပ်ရှိသော ကြမ်းကား ပြေပြစ်ညီညာ၏။ ကာလရှည်ကြာခံ၏။

တိုးတက်မှု၏ လှေကားဖြစ်သည်။

တစ်စုံတစ်ယောက်သော သူ၏ တန်ဖိုးမြင့်မားမှုနှင့် တိုးတက်မှုကို စည်းကမ်းရှိခြင်းကသာ မြှင့်တင်ပေး၏။

အဖွဲ့အစည်းဟူသမျှတို့သ်ညလည်း ထို့အတူဖြစ်သည်။

စည်းကမ်းရှိသော အဖွဲ့အစည်းသည် တန်ဖိုးကြီးသည်။ ဂုဏ်ဒြပ်ကြီးသည်။



တိုးတက်ထွန်းကားသည်။ ကာလရှည်ကြာ တည်တံ့နိုင်မြဲသည်။

စည်းကမ်းမဲ့သော အဖွဲ့အစည်းကား ဂုဏ်ဒြပ်မရှိ၊ နိုင်မြဲတည်တံ့မှု မရှိနိုင်။ ပျက်စီးလွယ်သည်။

စည်းကမ်းသည် လောကကို အလှဆင်သော ရတနာဖြစ်သကဲ့သို့ လူတို့၏ တန်ဖိုးကို သိသူ၊ လိုက်နာသူသည် မိမိ၏ ဂုဏ်ဒြပ်ကို မြှင့်တင်နိုင်သူသာတည်း။

“ဒါဆို မိတ်ဆွေတို့က တစ်ညလုံး ဒီအတိုင်းပဲ နေကြတော့မှာလား .... ”

“မနေပါဘူး .... ဒီအတိုင်းပဲ ကျွန်တော်တို့ ခဏနားပြီး သန်းခေါင်မတိုင်ခင် ခရီးဆက်ကြမှာပါ .... ”

“အို .... ရောက်တုန်းရောက်ခိုက် ကျုပ်တို့ရွာမှာ ဘာဖြစ်လို့ တစ်ညတလေ အိပ်မသွားရတာလဲ .... ”

“ကျွန်တော်တို့မှာ ဒီပစ္စည်းကို အချိန်နဲ့ ပို့ရမှာပါ .... တစ်ခုတော့ နောင်ကြီးဆီက အကူအညီတောင်းချင်ပါတယ် .... ”

“ပြောပါ .... မိတ်ဆွေ ပြောပါ .... မိတ်ဆွေတို့တောင်းတဲ့ အတိုင်း အကူအညီကို ဘာမဆို ကျုပ်ပေးပါ့မယ် .... ”

“ဒီလိုပါ .... ကျွန်တော်တို့တွေ အချိန်ကြာကြာ နားမနေဘဲ ခရီးပြင်း ဆက်ထွက်ကြရမှာဆိုတော့ ကျွန်တော်တို့ စီးလာတဲ့ မြင်းတွေဟာ သိပ်ပြီးပင်ပန်းနေပါတယ် .... ရှေ့ကို ခရီးပြင်းဆက်နှင်နိုင်ကြမှာ

မဟုတ်ပါဘူး .... ဒီတော့ ကျွန်တော်တို့ရဲ့ မြင်းတွေနဲ့ နောင်ကြီးတို့ ရွာက မြင်းတွေနဲ့ လဲပြီးသွားချင်ပါတယ် .... နောင်ကြီးတို့ စိတ်ကြိုက် ငွေ အလိုက်ပေးပါ့မယ် .... "

ရွာသူကြီးပိုင်က လက်ကာပြလိုက်ပြီး ....

"အို .... မဟုတ်တာ .... ငွေအလိုက်ပေးစရာ မလိုပါဘူး စိတ်သာချပါ .... ကျုပ်တို့ရွာက မြင်းကောင်းတွေကို လဲပေးလိုက်ပါ့ မယ် .... "

ခရီးဆက်နိုင်ရေးအတွက် အဆင်ပြေသွားသဖြင့် လျူယင်က ကျေးဇူးတင်စကား ပြောလိုက်ရတော့သည်။

◇◇◇◇◇

## ၁၀။

ရွာသူကြီးပိုင်သည် လျူယင်၏ ဆန္ဒအတိုင်း စားသောက်ဖွယ် ရာများကို ခြံဝင်းထဲသို့ သယ်ဆောင်ယူလာကာ အလျှံပယ် ကျွေးမွေး ဧည့်ခံလေသည်။

ပထမတော့ လျူယင်တို့သည် အစားအသောက်များကို စတင်စားသောက်ရန် လက်ရွံ့နေကြသေးသော်လည်း ရွာသူကြီးနှင့်ရွာမှ လူကြီးများက စတင်စားသောက်ခြင်းပြုတော့မှ လျူယင်တို့လည်း ရဲရဲ တင်းတင်း စားသောက်ဝံ့ကြလေသည်။

သူတို့စိတ်ထဲတွင် စိုးရိမ်နေကြသော်လည်း အစားအသောက် များထဲတွင် မည်သည့်အဆိပ်မှ ခတ်ထားခြင်း မရှိပါချေ။

ရွာသူကြီးပိုင်မှာ မိမိတို့ကို အိုယိဝမ်း၏ မိတ်ဆွေတွေ ထင် မှတ်၍ ရက်ရက်ရောရော ဧည့်ခံကျွေးမွေးနေခြင်းဖြစ်ကြောင်း လျူယင် တို့ သိကြလေသည်။

ထို့ပြင် လျှူယင်မှာလည်း ရွာသူကြီးပိုင်၏ မိတ်ကောင်းဆွေကောင်းတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်၏။

ရွာသူကြီးပိုင်မှာ မိမိတို့အခြေအနေမှန်ကို သိလိမ့်မည်မဟုတ်ကြောင်း စကားပြောဆိုရင်းမှ လျှူယင်တို့ နားလည်လာကြသည်။

အကယ်၍သာ ရွာသူကြီးပိုင်နှင့် ရွာသားများကသာ အို့ယိဝမ်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် ယခုလို အခြေအနေမျိုးတွင် တိုက်ခိုက်သင့်ပြီဟု လျှူယင်တို့ ယူဆကြလေသည်။

လျှူယင်သည် မကြာခဏ အကြောင်းတစ်ခုခုပြပြီး ခြံဝင်းထဲနှင့် ခြံဝင်းအပြင်ဘက်ကို လှည့်လည်ကြည့်တတ်သည်။ မသက်ဘွယ်ရာဆို၍ ဘာတစ်ခုကိုမှ မတွေ့ရချေ။

သို့သော် ရွာပြင်ဘက်ရှိ ကျောက်တုံးကြီးပေါ်တွင် စာရေးခဲ့သူမှာ မည်သူဖြစ်လိမ့်မည်ဟု အခုထိ မခန့်မှန်းတတ်အောင် ဖြစ်နေသည်။

လျှူယင်သည် မသင်္ကာဘွယ်ရာကို မတွေ့ရတော့မှ စားသောက်နေကြရာသို့ ပြန်လာသည်။

လုံပိုက်ထောင်နှင့် ရွာသူကြီးပိုင်တို့မှာ စကားကောင်းနေကြတုန်းဖြစ်၏။

လုံပိုက်ထောင်က လျှူယင်ကို ဘာများထူးခြားသလဲဟူသော မျက်နှာထားမျိုးနှင့် လှမ်းကြည့်လိုက်သောအခါ လျှူယင်က ထူးခြားမှုမရှိကြောင်း ခေါင်းကို အသာအယာ ခါယမ်း၍ ပြရသည်။



ရွာသူကြီးပိုင်က မြင်းများလဲလှယ်ရန်ကိစ္စ စီစဉ်မည်ဆိုကာ ရွာလူကြီးနှစ်ယောက်နှင့် ထွက်သွားသည်။

ထိုအခါမှ လျှူယင်နှင့် လုံပိုက်ထောင်တို့သည် လွတ်လပ်စွာ စကားပြောနိုင်ကြသည်။

လုံပိုက်ထောင်က ....

"ကျုပ်အထင်ကိုပြောရရင် အို့ယိဝမ်းက ကျုပ်တို့ကို ရွာထဲမှာ မတိုက်ခိုက်တာ ရွာသူရွာသားတွေပါ ထိခိုက်ကုန်မှာစိုးလို့ ဖြစ်လိမ့်မယ် .... ပြီးတော့ ရွာသူကြီးပိုင်နဲ့ ရွာသူရွာသားတွေကို ကြည့်ရတာ အို့ယိဝမ်းရဲ့အကြံအစည်ကို လုံးဝသိပုံမရဘူး .... "

လျှူယင်က ....

"ခင်ဗျားပြောသလိုလည်း ဖြစ်နိုင်ပါတယ် .... နောက်တစ်မျိုးဖြစ်နိုင်တာက အို့ယိဝမ်းဟာ ရွာသူကြီးပိုင်ရဲ့ ရွာထဲမှာ ကျွန်တော်တို့ လူစု တစ်ညအိပ်အောင် ဆွယ်နိုင်းလိမ့်မယ် .... သဘောက အချိန်ကြန့်ကြာအောင်လုပ်ပြီး ကျွန်တော်တို့ ရှေ့ခရီးစဉ်မှာ ထောင်ချောက်တွေဆင်ချင်ဆင်နေလိမ့်မယ် .... "

"ကျုပ်တို့တစ်တွေ သန်းခေါင်မတိုင်ခင် ခရီးဆက်ကြမယ် မဟုတ်လား .... "

"ဆက်ရမယ် .... မြင်းတွေ လဲလှယ်ပြီးတာနဲ့ ဒီရွာက ခရီးဆက်ကြတာပေါ့ .... "

ရွာသူကြီးပိုင် ပြန်ရောက်လာသည်။

"မြင်းတွေ လဲလှယ်ဖို့အတွက် အလိုက်ငွေပေးစရာမလိုပါဘူး အပြန်ခရီးကျရင်တော့ ကျုပ်တို့ဆီက မြင်းတွေကို ပြန်ထားခဲ့ပြီး မိတ်ဆွေတို့ရဲ့မြင်းတွေကို ပြန်ယူသွားကြပေါ့ .... "

သဘောကောင်းလှသော ရွာသူကြီးပိုင်ကို လျူယင်နှင့် လုံပိုက်ထောင်တို့က ကျေးဇူးတင်စကား အထပ်ထပ်ပြောမိကြသည်။

သူတို့သည် မြင်းချင်းလဲလှယ်၍ စီးပြီးကြပြီးနောက် ပုံစံမပျက် ရွာထဲမှ ထွက်ခွာလာကြသည်။ ရွာသူကြီးပိုင်က ရွာ၏တံခါးဝအထိ လိုက်ပို့ပြီး ....

"အပြန်ကြရင်တော့ ကျုပ်ရဲ့ရွာမှာ သုံးလေးရက်လောက်တော့ နားနားနေနေ နေသွားကြရမယ်နော် .... ဒါတော့ မငြင်းပါနဲ့ .... "

လျူယင်နှင့် လုံပိုက်ထောင်တို့လည်း သဘောတူကာ သူတို့ လူစုကို ရှေ့ဆောင်၍ ဝေဖေ့ရွာမှ သန်းခေါင်မတိုင်ခင်ထွက်လာခဲ့ ကြလေသည်။

လမ်းခရီးမှာ ကြမ်းတမ်းသော တောလမ်းခရီးပင်ဖြစ်သော် လည်း သူတို့သည် မြင်းများကို ဒုန်းစိုင်း၍သာ နှင်လာခဲ့ကြ၏။

မည်သည့်အနှောင့်အယှက်ကိုမှ မတွေ့ကြရဘဲ သူတို့သည် လီလေးဆယ်ခန့်ပင် ခရီးပေါက်လာကြသည်။

ယခုအထိ မည်သည့်အန္တရာယ်အနှောင့်အယှက်ကိုမှ မတွေ့ရ



သဖြင့် လျူယင်နှင့် လုံပိုက်ထောင်တို့မှာ အတော်ကလေး စိတ်သက်သာ ရာ ရလာကြသည်။

တစ်လမ်းလုံး စိုးရိမ်စိတ်ကြောင့် မျက်စိမျက်နှာပျက်နေသော လုံပိုက်ထောင်မှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

"လျူယင် .... ကျုပ်တို့တွေ စိုးရိမ်မှု လွန်ကဲနေကြပြီနဲ့ တူတယ် .... ကျုပ်တို့ စိုးရိမ်သလိုလဲ ဖြစ်မလာပါလား .... "

လျူယင်က လေးလေးနက်နက်ပင် ပြန်ပြောသည်။

"ခရီးဆုံးကိုမှ မရောက်သေးဘဲ .... ပေါ့ပေါ့တွက်လို့ ဘယ်ဖြစ်ပါ့မလဲ .... ခရီးဆုံးကို မရောက်မချင်း ရန်သူနဲ့ အချိန်မရွေး တွေ့နိုင်ပါတယ် .... "

သူတို့လူစုအားလုံး ခဏမျှ ရပ်နားကြသည်။

လုံပိုက်ထောင်က သူတို့ဘေးပတ်ပတ်လည်မှ တောအုပ်ကြီးကို ကြည့်လိုက်ပြီး ....

"တကယ်လို့ အိုယိဝမ်းတို့ တိုက်ခိုက်မယ်ဆိုရင် .... ခုလိုနေရာမျိုးဟာ တိုက်ခိုက်လို့ အကောင်းဆုံးနေရာပဲပေါ့ .... ဒါတောင် ဘာဖြစ်လို့ ငြိမ်နေရပါလိမ့် .... "

လျူယင်က ....

"လေမုန်တိုင်းကြီးကျတော့မယ်ဆိုရင် .... လောကကြီးတစ်ခု လုံးဟာ သိပ်ပြီး ငြိမ်သက်တိတ်ဆိတ်နေတယ်လို့ ကျွန်တော်ကြားဖူး

ထားတယ် .... အဲ .... ဒါဆိုရင်တော့ .... "

"ဟာ .... လုပ်ကြပါဦး .... "

"အမယ်လေး .... "

လျှူယင်စကားအဆုံးခင် ရှေ့ဘက်ဆီမှ ရုတ်ရုတ်သဲသဲ အသံများ ထွက်ပေါ်လာသည်။

လျှူယင်နှင့် လုံပိုက်ထောင် အသံလာရာသို့ မြင်းဖြင့်လာပြီး အော်မေးသည်။

"ဟိတ် .... ဘာဖြစ်လို့လဲ .... "

ခဏနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်ရာကို ရောက်လာကြသည်။

မြင်ရသော မြင်ကွင်းကို နားမလည်နိုင်အောင် ဖြစ်ကြရသည်။

မြင်းနှစ်ကောင်မှာ မြေတွင် လဲကျနေပြီး ၎င်းမြင်းကိုစီးသော သိုင်းသမားနှစ်ယောက်မှာ မြေမှလူးလဲထနေသည်ကို တွေ့ကြရသည်။

"ဘာဖြစ်တာလဲဟေ့ .... "

လုံပိုက်ထောင်က ထပ်မံမေးမြန်းလိုက်သောအခါ သိုင်းသမားတစ်ယောက်က ပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့လည်း မသိဘူး ဆရာကြီး .... ကျွန်တော်တို့စီးလာတဲ့ မြင်းတွေ သူ့အလိုလိုနေရင်း လဲကျသွားကြတာ .... "

လက်နက်ပုန်းမှန်တာလား၊ ရန်သူများ သူတို့ ပတ်ဝန်းကျင်



တွင် ရောက်နေပြီလားဟူသော အတွေးဖြင့် လျှူယင်နှင့် လုံပိုက်ထောင်မှာ စိုးရိမ်တကြီးဖြစ်သွားကြသည်။

လျှူယင်က ....

"အမောဆို့သွားတာများလား ... မြင်းတွေကို ဇက်ကြိုးကကိုင်ပြီး ဆွဲထူကြည့်ပါဦး .... "

သိုင်းသမားတစ်ယောက်က မြင်းဇက်ကြိုးကို ကိုင်မလိုလုပ်ပြီးမှ ကိုယ်ကို ပြန်မတ်ကာ အထိတ်တလန့်ဖြင့် ပြန်ပြောသည်။

"မြင်းပါးစပ်က အမြှုပ်တွေ ထွက်နေတယ် ဆရာကြီး .... သေတော့မယ် .... "

"ဟင် .... "

လျှူယင်နှင့် လုံပိုက်ထောင်တို့ နှစ်ယောက်စလုံး အံ့အားသင့်သွားကြပြီး သူတို့၏မြင်းပေါ်မှ ဆင်းမည်အပြုသည်။

သူတို့ရော၊ သူတို့၏မြင်းများပါ လဲကျသွားသဖြင့် နှစ်ယောက်စလုံး ကမန်းကတန်း ခုန်ဆင်းလိုက်ကြရ၏။

တစ်ချိန်တည်းလိုလိုမှာပင် အခြားမြင်းများလည်း တစ်ကောင်ပြီး တစ်ကောင် ဆက်တိုက်ပင် တဖုန်းဖုန်းလဲကျကုန်ကြသဖြင့် အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

ရှေ့နောက်ဆီမှ မြင်းများလဲကျသံ အော်ဟစ်ဆူညံသံများလည်း ဆက်တိုက်ထွက်ပေါ်လာကြသည်။

လဲကျသွားသော မြင်းများ အားလုံးလိုလို အမြှုပ်တစီစီဖြစ်နေကြသည်။

လျှူယင်က အော်ပြောသည်။

"အားလုံး ကိုယ့်နေရာမှာ ကိုယ်ရပ်နေကြ .... ဘယ်ကိုမှ လှုပ်လှုပ်ရှားရှား သွားမနေကြပါနဲ့ .... မီးတုတ်တွေ အားလုံးကိုလည်း အမြင့်ဆုံး ထွန်းကြ .... ကုန်တင်လှည်းကို ဂရုစိုက်ကြည့် .... "

ကုန်တင်လှမ်းမှ မြင်းနှစ်ကောင်ပါ လဲကျသွားပြန်သည်။

အချို့က မီးတုတ်များကို ထွန်းကြသည်။

အချို့က လက်နက်အသီးသီးကို ဆွဲထုတ်၍ တိုက်ခိုက်ရန် အသင့်ပြင်ကြသည်။

ကုန်တင်လှည်းကိုလည်း ပိုမိုဂရုစိုက်၍ ဝိုင်းထားလိုက်ကြသည်။

မီးတုတ်များ မီးစွဲလာသောအခါ မီးရောင်ဖြင့် အတုံးအရုန်း လဲကျနေသော မြင်းများကို မြင်ကြရသည်။

အချို့မြင်းများမှာ ငြိမ်သက်နေကြကာ အချို့မြင်းများမှာ အမြှုပ်တစီစီထွက်နေတုန်းဖြစ်၏။

သူတို့လူစု စီးလာသော မြင်းအားလုံး တစ်ကောင်မကျန် မြေတွင် လဲကျကုန်ကြပြီဖြစ်၏။

ပထမတော့ လျှူယင်ပင် အဖြေရှာမရဘဲ စဉ်းစားရခက်နေ



သည်။

မြင်းများကိုကြည့်ပြီး လက်နက်ပုန်းမှန်ခြင်းမဟုတ်ကြောင်းလည်း သိလိုက်၏။

ရန်သူက လက်နက်ပုန်းနှင့် ချောင်းမြောင်းပစ်သည်ဆိုက လူတစ်ယောက်ယောက်ကိုပါ ထိရမည်ဖြစ်သည်။

ပြီးတော့ စတ္တူများသမား အို့ယိဝမ်းသည် ဤကဲ့သို့ နည်းလမ်းမျိုးကို အသုံးပြုတတ်သူမဟုတ်ကြောင်း လျှူယင်သိထားသည်။

လုံပိုက်ထောင်က ထိတ်လန့်စွာဖြင့် ပြောသည်။

"ဒီမြင်းတွေအားလုံးဟာ ရှာသူကြီးပိုင်ရဲ့မြင်းတွေပဲ .... ဘာဖြစ်ကုန်တာပါလိမ့် .... "

လျှူယင် စဉ်းစားမိသွားပြီး ....

"ရှာသူကြီးပိုင်ဟာ ကျွန်တော်တို့ကို ကောင်းကောင်းကြီး ပညာပြလိုက်တာပဲ .... သူ့မြင်းတွေကို ဆေးခတ်ထားတာပဲဖြစ်မယ်"

လုံပိုက်ထောင်က သူ့အနီးတွင်ရပ်နေသော ညီဖြစ်သူ လုံပိုင်ချန်းကို အပြစ်တင်စကား ပြောသည်။

"ဒီမြင်းတွေကို မင်းပဲရွေးပြီး သွားယူလာခဲ့တာ မဟုတ်လား ပိုက်ချန်း .... သေသေချာချာ စစ်ဆေးမကြည့်ခဲ့ဘူးလား .... ဒီမြင်းတွေကို ဆေးခတ်ထားတာ မင်းနည်းနည်းမှ မရိပ်မိဘူးလား .... "

လုံပိုက်ချန်းက စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်းပြီး

"မြင်းချင်းလဲလှယ်ဖို့ စီစဉ်ခဲ့တာလည်း ကျွန်တော်တို့ပဲ မဟုတ်လား အစ်ကိုကြီး .... သူတို့က မြင်းတွေကို ဒီလိုဆေးခတ်ထားမယ်လို့ ကျွန်တော် ဘယ်ထင်ပါ့မလဲ .... "

ကျိုကွေးရွာသူကြီး ချူတာ့က ဝင်ပြောသည်။

"ကဲပါလေ .... ဖြစ်ပြီးတာတွေကိုတော့ အပြစ်တင်နေလို့ ထူးမှာ မဟုတ်ပါဘူး .... ကျုပ်တို့တွေ ရှေ့ခရီးကို ဘယ်လိုဆက်ကြမလဲဆိုတာ စဉ်းစားကြဖို့ပဲ အရေးကြီးတယ် .... ဒီအတိုင်းနေလို့ကတော့ အခြေအနေ မကောင်းဘူး .... ရန်သူက ဝင်တိုက်မယ်ဆိုရင် တစ်ပန်းသာနိုင်တယ် .... "

လုံပိုက်ထောင်က စိတ်ပျက်လက်ပျက် ပြန်ပြောသည်။

"မြင်းတွေအားလုံး သေကုန်ကြမှတော့ ဘယ်လိုခရီးဆက်နိုင်ကြမှာလဲ .... လူချည်းပဲဆိုရင် လမ်းလျှောက်သွားလို့ ရသေးတယ် ကုန်တင်လှည်းရှိတော့ ဘယ်လိုလုပ်ရမလဲ .... "

လျူယင်က လေသံအေးအေးနှင့် ဝင်ပြောသည်။

"ခေါင်းအေးအေးနဲ့သာ စဉ်းစားကြပါ .... သိပ်ပြီးစိတ်လှုပ်ရှားနေရင် ဘယ်လိုအကြံဉာဏ်မှ ထွက်လာမှာ မဟုတ်ပါဘူး .... ကျွန်တော် ပြောပါရစေ .... ရွာသူကြီးပိုင်က မြင်းတွေကို ဆေးခတ်လိုက်တာဟာ သူ့ကို လေပွေမုန်တိုင်းအဖွဲ့က ဒီလိုလုပ်ဖို့ ညွှန်ကြားထားလို့ပဲ ဖြစ်မယ် .... ဒီတော့ ကျွန်တော့်စိတ်ထင်ကို ပြောရရင် လေပွေ



မုန်တိုင်းအဖွဲ့ဟာ ဒီအနီးအနားပတ်ဝန်းကျင်မှာပဲ ရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ် .... "

လျူယင်စကားကြောင့် အားလုံး စိုးရိမ်ထိတ်လန့်ကုန်ကြသည်။

လျူယင်ကပင် ချင့်ချင့်ချိန်ချိန်နှင့် ဆက်ပြောသည်။

"နောင်ကြီးချူးတာ့က ကုန်တင်လှည်းနားမှာ တာဝန်ယူပြီး စောင့်ရှောက်ပါ .... ကုန်တင်လှည်းနားမှာ တာဝန်ကျတဲ့လူတွေကလည်း ဘယ်ကိုမှ မသွားကြပါနဲ့ .... နောင်ကြီးလုံပိုက်ထောင်နဲ့ ကျွန်တော်တို့က လှည်းနားတာဝန်မကျတဲ့ အဖွဲ့ဝင်နည်းနည်းနဲ့ပဲ အနီးအနားပတ်ဝန်းကျင်မှာ အခြေအနေထူးခြားမှုရှိ မရှိ ရှာကြည့်မယ် .... "

လျူယင်၏ အစီအစဉ်အတိုင်းပင် အားလုံး စနစ်တကျ ဆောင်ရွက်ကြ၏။

လျူယင်နှင့် လုံပိုက်ထောင်တို့က အဖွဲ့ဝင်အနည်းငယ်ကို ခေါ်ကာ မီးရောင်ဖြင့် အနီးပတ်ဝန်းကျင်ကို သေချာစွာ လှည့်ပတ်ကြည့်ကြသည်။

သို့သော် .... မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရချေ။ ရန်သူရှိနေနိုင်သော အရိပ်အယောင်ကိုလည်း မမြင်ကြရချေ။ နောက်ဆုံး၌ ကုန်တင်လှည်းဆီသို့ ပြန်လာကြသည်။

လုံပိုက်ထောင်က မချင့်မရဲဖြင့် ပြောသည်။

"အို့ယိဝမ်းကတော့ ကျုပ်တို့ကို ဘယ်လိုပညာပြနေပြီလဲ မသိဘူး .... "

လျှုယင်က အတန်ကြာစဥ်းစားပြီးမှ ....

"ကျွန်တော့်စိတ်ထင်ပြောရရင်တော့ အို့ယိဝမ်းမှာ ရည်ရွယ်ချက်နှစ်မျိုးရှိနေလိမ့်မယ် .... တစ်မျိုးက ကျွန်တော်တို့တစ်တွေ စိတ်ချောက်ချားပြီး စိတ်ဓာတ်တွေကျအောင် လုပ်နေတာ .... နောက်တစ်မျိုးကတော့ ကျွန်တော်တို့ကို ခရီးငင့်အောင် လုပ်နေတာပဲ .... ဒါမှ ရှေ့မှာ သူတို့အတွက် ကျွန်တော်တို့ ဒဲ့ တိုက်ခိုက်ဖို့ စီစဉ်ဆောင်ရွက်ချိန်ရမှာပေါ့ .... "

"တောက် .... တိုက်မှာဖြင့်လည်း မြန်မြန်ထွက်တိုက်တာမဟုတ်ဘူး .... သူသေကိုယ်သေ ဒီပွဲကြီးပြီးမှ အေးမှာ .... စိုးရိမ်ထိတ်လန့်ပြီး ဘယ်တော့ ပေါ်လာမလဲဆိုတာ တွေးမနေချင်တော့ဘူး"

လျှုယင်က ....

"ခုချိန်မှာတော့ ကျွန်တော်တို့အနေနဲ့ ဘယ်လိုပဲ မခံချင် မခံချင် ဘာတတ်နိုင်မှာလဲ .... အရေးကြီးတာက ကျွန်တော်တို့တွေ စိတ်နိုင်နိုင်ထားဖို့ .... စိတ်တည်ငြိမ်ကြဖို့ပဲ အရေးကြီးတယ် .... မခံချင်တဲ့ စိတ်တွေ .... စိတ်ဓာတ်ချောက်ချားမှုတွေ များနေရင် သူတို့လိုချင်တဲ့ အကွက်ထဲကို ဝင်သွားနိုင်တယ် .... "

လုံပိုက်ဆောင်က ....



"မြင်းတွေလည်း အကုန်သေကုန်ပြီ .... ကျုပ်တို့က မိုးလင်းတဲ့အထိ ဒီမှာပဲ နေကြရတော့မှာလား .... "

လျှုယင်က ခေါင်းကိုခါယမ်းပြီး ....

"တောင်ကြီးမျက်မည်း မှောင်ကြီးထဲမှာ ဒီအတိုင်းနေကြလို့တော့ ဘယ်ဖြစ်မလဲ .... ခရီးဆက်ကြမှ ဖြစ်မှာပေါ့ .... "

"မြင်းတွေမရှိတော့ဘဲ ကုန်တင်လှည်းကို ဘာနဲ့ဆွဲမလဲ"

လျှုယင်က ....

"အို့ယိဝမ်းဟာ ကျွန်တော်တို့ကို ခရီးငင့်အောင် လုပ်နေတာဆိုတော့ သူ့ဆင်ကွက်ထဲကိုမရောက်အောင် ကျွန်တော်တို့က ဖြစ်တဲ့နည်းနဲ့ ခရီးဆက်ကြရမှာပဲ .... မြင်းတွေမရှိတော့ မြင်းလှည်းကိုပဲ လူတွေက အလှည့်ကျနဲ့ ဆွဲသွားကြရမှာပဲ .... "

လုံပိုက်တောင်လည်း ဤနေရာတွင် ငြိမ်နေချင်သဖြင့် ၁ဘောတူလိုက်ရလေတော့သည်။

◇◇◇◇◇

## ၁၁။

လျှုယင်၏ အစီအစဉ်ကို အချို့သော အဖွဲ့ဝင်များက သဘောမကျလှသော်လည်း နှုတ်မှ မပြောရဲကြချေ။

နောက်ဆုံး လျှုယင်၏ အစီအစဉ်အတိုင်း ခရီးဆက်ခဲ့ကြသည်။

ငါးယောက်တစ်တွဲ တွဲပြီး အလှည့်ကျ ကုန်တင်လှည်းကို ဆွဲခဲ့ကြရ၏။

သုံးယောက်က လှည်းနောက်သို့ တွန်းပေးကြရသည်။

သူတို့အားလုံး ကုန်ပစ္စည်းများကို ယခင်က အကြိမ်ကြိမ် ပို့ခဲ့ဖူးသော်လည်း ယခုလို ဒုက္ခမျိုး တစ်ခါမှ မကြုံကြရချေ။

မြင်းကိုယ်စီစီးပြီး ဝင့်ဝင့်ကြွားကြွားနှင့် ပို့ဆောင်ခဲ့ကြသည် သာဖြစ်၏။



အချို့ကလည်း ဤလိုနေရာမျိုးတွင် မိုးလင်းအထိ ထိုင်စောင့်နေရသည်ထက် ခရီးဆက်ရမည်ကို သဘောကျကြ၏။ အချို့ကလည်း မိုးလင်းမှ မြင်မြင်ထင်ထင် ခရီးဆက်ရခြင်းက အန္တရာယ်ပိုကင်းသည်ဟု ယူဆကြသည်။

သို့သော် ဤခရီးစဉ်တွင် ဉာဏ်ကြီးရှင်သိုင်းရာဇာလျှုယင်၏ အကြံဉာဏ်ထက်ကောင်းအောင် မည်သူမှလည်း အကြံမပေးနိုင်ကြသဖြင့် လိုက်နာကြရလေသည်။

ကုန်တင်လှည်းကို လူကဆွဲရသဖြင့် ခရီးတော့ သိပ်မတွင်လှချေ။

အချို့က တိတ်တဆိတ် ညည်းညူကြသည်။

ကြာလေ သူတို့အားလုံး ပင်ပန်းနွမ်းနယ်နေကြလေ၏။ တစ်နေ့လုံး တစ်ညလုံး ခရီးပြင်းနှင်ကြရပြီး တစ်မှေးမှ မအိပ်ကြရသေးသဖြင့် ပိုပြီးပင်ပန်းကြသည်။

ဖြစ်နိုင်လျှင် ရောက်သည့်နေရာတွင်ပင် လှဲအိပ်လိုက်ချင်ကြသည်။

ထိုစဉ် ရှေ့ဆုံးမှသွားနေသော ချူးတာ့သည် သူ့ဘေးမှ လျှောက်နေသော လျှုယင်လက်ကို လှမ်းဆွဲပြီး တန့်ခနဲ ရပ်လိုက်၏။

"နားထောင်စမ်း .... "

ချူးတာ့၏ စကားသံက ကျယ်လောင်စွာ ထွက်ပေါ်လာလေရာ ကျန်လူအားလုံးလည်း တုံ့ခနဲ ရပ်သွားကြသည်။ အားလုံးငြိမ်သက်စွာဖြင့် နားစွင့်ထောင်ကြသည်။

သူတို့ရှေ့ဘက်မှ မြင်းခွာသံများကို ခပ်သဲ့သဲ့ကြားကြရလေ၏။

မြင်းကောင်ရေအတော်များများ အပြေးနှင်လာကြောင်းသိသာလှ၏။

မြင်းခွာသံများမှာ ခဏနှင့် နီးကပ်လာသည်။

အားလုံး စိုးရိမ်ထိတ်လန့်ကုန်ကြသည်။

"ဟာ .... လေပွေမုန်တိုင်းအဖွဲ့က လာပြီနဲ့တူတယ် .... "

"ဘယ်လိုလုပ်ကြမလဲ .... "

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြီသည်။

သူတို့တစ်တွေမှာ ခရီးလည်းပန်း၊ လူလည်း နွမ်းနေကြသဖြင့် ယခုလို အခြေအနေမျိုးနှင့် ရန်သူကို ကောင်းစွာခုခံတိုက်ခိုက်နိုင်ကြလိမ့်မည် မဟုတ်ချေ။

အချို့က နောက်ကိုပင် ခြေသုံးလေးလှမ်း ဆုတ်မိကြ၏။ အချို့က လက်ထဲမှ မီးတုတ်ကိုပင် ကယောင်ကတမ်းနှင့် လွှတ်ချမိကြ၏။

အချို့ကလည်း လက်နက်အသီးသီးကို ဆွဲထုတ်ကိုင်ကြ၏။

အကြံကောင်း ဉာဏ်ကောင်းပေးတတ်သော လျှုယင်ပင်လျှင် အတော်ကလေး စိုးရိမ်စိတ်ဖြစ်နေပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

မြင်းခွာသံများမှာ နီးသည်ထက် ပို၍နီးကပ်လာသည်။



နောက်မှ သတိဝင်လာပြီး လျှုယင်က အော်ဟစ်အမိန့်ပေးသည်။

"ကိုယ့်နေရာ ကိုယ်ရပ်နေကြ .... မီးတုတ်တွေကို ခပ်မြင့်မြင့် မြှောက်ကိုင်ထား .... ရှေ့က လူတွေက လှည်းရဲ့ညာဘက်ကို စနစ်တကျ ဆုတ်ပြီး နေရာယူထားကြ .... နောက်လူတွေက လှည်းရဲ့ ဘယ်ဘက်ကိုတက်ပြီး နေရာယူ .... လှည်းကို ဂရုစိုက်ကြ .... "

လုံ့ပိုက်ထောင်၊ လုံ့ပိုက်ချန်းနှင့် ချူးတာ့တို့လည်း သူတို့၏ လက်နက်များကို အသီးသီးဆွဲထုတ်ကိုင်လိုက်ကြ၏။

ရောက်လာမည့် ရန်သူကို အပြင်းအထန် ခုခံတိုက်ခိုက်ရန် အံကို တင်းတင်းကြိတ်ထားကြ၏။

ညအ၏ တိတ်ဆိတ်မှုကို ဖောက်ထွင်း၍ ပေါ်နေသော မြင်းခွာသံများမှာ ကျယ်လောင်လှသည်။

နဂါးညိုနောင် အာမခံဌာနအဖွဲ့ဝင်များသည် လေပွေမုန်တိုင်းအဖွဲ့အကြောင်းကို ကောင်းကောင်းကြီး ကြားသိဖူးထားကြသော်လည်း လေပွေမုန်တိုင်းအဖွဲ့ဝင် တစ်ဆယ့်ရှစ်ယောက်တို့၏မျက်နှာကို မမြင်ဖူးကြချေ။

ချမ်းအေးသော ညဥ့်ပင်ဖြစ်သော်လည်း သူတို့မျက်နှာတွင် ချွေးတွေ စို့နေကြ၏။

မြင်းခွာသံများမှာ သူတို့၏ ရှေ့နားဆီမှ ရောက်လာပြီး အရိပ်သဏ္ဌာန်များပင် ပေါ်လာသည်။

"တိုက်နိုက်ဖို့ အသင့်ပြင် .... "

လုံပိုက်ထောင်က သူ့လူများကို အမိန့်ပေးလိုက်သည်။

လျှုယင်က ပြေးလာသော အရိပ်သဏ္ဌာန်များကို ကြည့်ပြီး

"အသေချာကြည့်စမ်းပါဦး .... ပြေးလာတာ မြင်းသုံးလေးကောင်ပဲ မဟုတ်လား .... အင်အားနည်းပုံရတယ် .... ဟာ သေသေချာချာကြည့်စမ်းပါဦး .... မြင်းတွေပေါ်မှာ လူတစ်ယောက်မှ ပါမလာဘူး ထူးဆန်းလှချည်လား .... "

လုံပိုက်ထောင်က ....

"ဒါဆို .... ဘယ်ကလွှတ်လာတဲ့မြင်းတွေလည်း မသိဘူး ကျုပ်တို့ ဝိုင်းဖမ်းရအောင် .... "

မြင်းမှာ လေးကောင်ဖြစ်ပြီး ခဏနှင့် သူတို့လူစုအနီးသို့ ရောက်လာသည်။ မီးတုတ်မှ အလင်းရောင်နှင့် မြင်းများပေါ်တွင် ကုန်းနှီးများပါ အပြည့်ရှိနေကြ၏။

သူတို့အနီးသို့ မြင်းများရောက်လာသောအခါ လျှုယင်တို့တစ်တွေမှာ မြင်းများကို ကျင်လည်စွာ ဝိုင်းဖမ်းထားကြလေသည်။

ယခုလိုအချိန်များတွင် သူတို့တစ်တွေ မြင်းလေးကောင်ရကြခြင်းအတွက် ဖော်မပြနိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြ၏။

လျှံငွေလေးသိန်းလောက် ရလျှင်ပင် ဤမျှလောက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မည် မဟုတ်ချေ။



မြင်းတစ်ကောင်၏ ကုန်းနှီးတွင် အဝတ်ဖြူတစ်စကို ချိတ်ထားပြီး အဝတ်ဖြူစပေါ်တွင် စာရေးထားလေရာ မီးရောင်ဖြင့် ဖတ်ကြည့်ကြ၏။

*ဤမြင်းလေးကောင်ကို လက်ဆောင်အဖြစ် ပို့လိုက်ပါသည်။ လှည်းတွင်တပ်ဆင်၍ ခရီးကို ဆက်ပါလေ။*

သူတို့အတွက် တစ်ဦးဦးက ဤမြင်းလေးကောင်ကို တမင်သက်သက် ပို့လိုက်ကြကြောင်း သိကြရသောအခါ အံ့ဩတကြီးဖြစ်သွားလေတော့သည်။

လျှုယင်သည် မီးတုတ်ကိုကိုင်ပြီး မြင်းလေးကောင်ကို သေချာစွာ ကြည့်ရှုစစ်ဆေးသည်။

မြင်းလေးကောင်စလုံး တင်ပါးများကိုကြည့်ပြီး လျှုယင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

အနီးကို လုံပိုက်ထောင် ရောက်လာပြီး မေးသည်။

"လျှုယင် .... ဘာများ ထူးခြားချက်တွေ့လို့လဲ .... "

လျှုယင်က ပြုံးလိုက်ပြီး ....

"ဒီမြင်းလေးကောင်ကို ပို့လိုက်တဲ့သူဟာ ဝေယွှေ့ရှာဝင်က ကျောက်တုံးကြီးမှာ စာရေးပြီး သတိပေးတဲ့လူပဲ နေခြင်းကြီးလုံ .... မြင်းကုန်းနှီးမှာ ချိတ်ထားတဲ့ ပိတ်ဖြူပေါ်က လက်ရေးနဲ့ ကျောက်တုံးပေါ်က လက်ရေးဟာ အတူတူပဲ .... ကျွန်တော်ကောင်းကောင်း မှတ်မိတယ် .... "

လုံပိုက်ထောင် မျက်လုံးအဝိုင်းသားဖြစ်သွားပြီး ....

"ဟင် ဟုတ်လား .... ဒါဆို သူဟာ ကျုပ်တို့ကို အကူအညီပေးတာ နှစ်ကြိမ်ရှိသွားပြီပေါ့ .... ဒီတစ်ကြိမ် အကူအညီပေးတာက တော့ ကျုပ်တို့အတွက် အဖိုးအတန်ဆုံးနဲ့ အထိရောက်ဆုံးပဲ .... ဒါဆို ဒီလူဟာ ကျုပ်တို့ရဲ့ မိတ်ဆွေစစ်စစ်ဖြစ်ဖို့ သေချာသွားပြီ .... "

လျှုယင်က ခေါင်းကိုခါယမ်းလိုက်ပြီး ....

"ဒီလိုတွက်လို့ မရသေးဘူး နောင်ကြီးလုံ .... ကျွန်တော်တို့ကို လျှို့ဝှက်ကူညီနေတဲ့ ဒီလူဟာ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ အကျိုးကို လိုလားတဲ့ မိတ်ဆွေတစ်ယောက် မဟုတ်နိုင်ပါဘူး .... "

လုံပိုက်ထောင် မျက်မှောင်ကြုတ်သွားပြီး ....

"ဒီလောက်တောင် အကူအညီပေးနေတာ ဘယ်လိုလုပ် ရန်သူဖြစ်နိုင်ပါ့မလဲ .... ဒီလူဟာ အိုးယိဝမ်းလို့ ထင်နေလို့လား .... "

"ဟောဒီ မြင်းတွေရဲ့ တင်ပါးမှာ လာကြည့်ပါ နောင်ကြီးလုံ အဖြေမှန်ကို သိရပါလိမ့်မယ် .... "

လုံပိုက်ထောင်က လျှုယင် လက်ညှိုးထိုးပြသော မြင်းတင်ပါးကို ကြည့်သည်။

ဦးဆုံးတော့ အမှတ်တမဲ့ ကြည့်သဖြင့် ထူးခြားချက်ကို မမြင်မိ။

သေချာစွာ ဂရုတစိုက်ကြည့်တော့မှ မြင်းတင်ပါးတွင် မီးထွင်းစာလုံးကလေးတစ်လုံးကို မြင်ရလေသည်။



ထိုစာလုံးကို လုံပိုက်ထောင်အနီးကပ်ဖတ်ကြည့်ပြီး မျက်လုံးပြူးသွားသည်။

မြင်းတင်ပါးတွင် 'ရဲ့'ဟူသော စာလုံးကို တွေ့ရသောကြောင့်ဖြစ်သည်။

သူသည် ချက်ချင်းပင် သဘောပေါက်နားလည်သွားသည်။

"ဟင် .... ဒီ ...: ဒီမြင်းတွေဟာ ရဲ့စန်းတောင်စခန်း သုံးဆယ့်ခြောက်က မြင်းတွေပဲ .... "

လျှုယင်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ....

"ကိုင်း .... နောင်ကြီးလုံ .... ကျွန်တော်တို့ကို အကူအညီပေးနေတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ သိရောပေါ့ .... "

လုံပိုက်ထောင်က လျှုယင်ကို မျက်လုံးအပြူးသားနှင့် ကြည့်ပြီး ....

"ကျုပ်တို့ကို အကူအညီပေးနေတဲ့လူဟာ ဒုစရိုက်ခေါင်းဆောင်ကြီး ခြောက်ဖေးဟူလား .... "

လျှုယင်က လေးလေးနက်နက် ခေါင်းညိတ်၍ ....

"ဟုတ်တယ် ခြောင်ဖေးဟူပဲ .... သူ ဘာဖြစ်လို့ ကျွန်တော်တို့ကို အကူအညီပေးရတယ်ဆိုတာ တကယ်တမ်း စေ့စေ့တွေးကြည့်တော့ ဘာမှအံ့ဩစရာ မကောင်းတော့ဘူး .... သူတို့လို ကိုယ်ကျိုးရှာသမားတွေဟာ တစ်ခါတလေတော့ သူတို့လို ကိုယ်ကျိုးရှာသမားတွေဟာ တစ်ခါတလေတော့ သူတို့ကိုယ်ကျိုးရှိမယ့်အလုပ်အတွက်

ဒီလိုအလုပ်မျိုးတွေ လုပ်တတ်ကြတယ် .... ”

လုံပိုက်ထောင် ခေါင်းကိုခါယမ်းပြီး ....

“ကျုပ်တော့ သဘောမပေါက်ဘူး .... ”

လျူယင်က ....

“အမှန်အတိုင်းပြောရရင် ထိုက်ယန်းဖူမြို့က ကျွန်တော်တို့ စပြီးထွက်လာကတည်းက ကျွန်တော့်စိတ်ထဲမှာ သံသယဝင်နေခဲ့ပါတယ် .... ကျွန်တော်တို့ သယ်ယူခဲ့တဲ့ ဒီပစ္စည်းရဲ့သတင်းကို မြောင်ဖေးဟူက ဘယ်နည်းနဲ့မဆို ကြားရမှာပဲ .... ဒါတောင်က သူက ဘာဖြစ်လို့ မလှုပ်ရှားဘဲ ငြိမ်နေရသလဲ .... တကယ်တမ်းဆိုရင် မြောက်ဖေးဟူလို လူမျိုးကလည်း ဒီပစ္စည်းကို မက်မက်မောမောရှိမှာ ကျိန်းသေမလွဲဘဲ .... သူတို့လည်း လုယူဖို့ ကြိုးစားကြမှာပဲ ဒါပေမယ့် သူတို့တွေ လုယူမယ်ဆိုတဲ့သတင်းကို ကျွန်တော်တို့ မကြားရဘဲ လေပွေမုန်တိုင်းအဖွဲ့က လုယူမယ်ဆိုတဲ့ သတင်းကိုပဲ ကြားကြရတယ် ပထမတော့ ကျွန်တော်တို့အဖွဲ့နောက်ကို လေပွေမုန်တိုင်းအဖွဲ့ကပဲ နောက်ယောင်ခံ လိုက်နေတယ်လို့ ထင်ခဲ့မိတယ် .... အခုတော့ မြောင်ဖေးဟူတို့လည်း လိုက်နေကြပြီဆိုတာ ထင်ရှားနေပြီ .... ”

လုံပိုက်ထောင်က ....

“ဒါဖြင့် မြောင်ဖေးဟူဟာ ကျုပ်တို့ကို အနှောင့်အယှက်မလုပ်ဘဲ ဘာဖြစ်လို့ အကူအညီပေးနေရတာလဲ .... ”

လျူယင်က ....



“စောစောက ကျွန်တော် ပြောခဲ့ပြီးပြီပဲ .... မြောင်ဖေးဟူဟာ ကျွန်တော်တို့အကျိုးအတွက် .... ကျွန်တော်တို့ကို ကူညီနေတာမဟုတ်ဘဲ သူ့အကျိုးအတွက် ကျွန်တော်တို့ကို ကူညီနေတာပါလို့ .... အခုလို လျှို့ဝှက်ပြီး ကူညီနေတာလည်း သူတို့ဟာ လေပွေမုန်တိုင်းအဖွဲ့နဲ့ ထိပ်တိုက်မတွေ့ချင်လို့ပဲ ဖြစ်မယ် .... ”

ယခုလို လုံပိုက်တောင် မျက်စိမျက်နှာပျက်သွားပြီး ....

“ဒါဆို ကျွန်တော်လို့ ဘာဆက်လုပ်ကြရင် ကောင်းမလဲ”

လျူယင်က ....

“ကျွန်တော့်ယူဆချက်ကို ပြောပါရစေဦး .... မြောင်ဖေးဟူဟာ အို့ယိဝမ်းနဲ့ ပူးပေါင်းမှုမရှိတာကတော့ ထင်ရှားနေပြီ .... ဒါဟာ ကျွန်တော်တို့ လောလောဆယ် မြောင်ဖေးဟူရဲ့ရန်ကို စိုးရိမ်စရာ မလိုသေးဘူးဆိုတာ တွက်ဆလို့ ရနိုင်တယ် .... ကျွန်တော်တို့ဟာ သူတို့နှစ်ဖွဲ့ မသင့်မြတ်တာကို အခွင့်ကောင်းယူပြီး မြစ်ဝါမြစ်ကို ဖြတ်ကျော်နိုင်အောင် ကြိုးစားရမယ် .... မြစ်ဝါမြစ်ကို ဖြတ်ကူးပြီးရင်တော့ ဟိုမှာ ကြိုရောက်နေမယ့် ဝမ့်ဓိုယွန်နဲ့ လောင်ဆွေဖုန်းတို့အဖွဲ့နဲ့ ပူးပေါင်းနိုင်ပြီ .... ဒါဆို ကျွန်တော်တို့တစ်တွေ ဘယ်လိုရန်သူမျိုးကိုမှ ကြောက်စရာမလိုတော့ဘူး .... လောလောဆယ် ဒီမြင်းလေးကောင်ကို ကျွန်တော်တို့ အသုံးပြုပြီး ခရီးဆက်ကြရမယ် .... ”

သူတို့သည် မြင်းများကို မြင်းလှည်းတွင် တပ်လိုက်ကြပြီး ခရီးဆက်ခဲ့ကြလေသည်။

မြင်းလှည်းကို အလှည့်ဖြင့် မဆွဲကြရတော့သဖြင့် လုံပိုက်ထောင်၏လူများသည် ပထမ ဝမ်းသာကြည်နူးကြသော်လည်း နောက်တော့ ဝမ်းမသာနိုင်ကြတော့ပါ။

သူတို့အားလုံး မြင်းလှည်းနောက်ကို အပြေးလိုက်ကြရသောကြောင့် ဖြစ်သည်။

◇◇◇◇◇

## ၁၂။

သွက်သွက်နှင်သော မြင်းလှည်းနောက်သို့ အပြေးလိုက်ခဲ့ကြရသဖြင့် နဂါးညီနောင်အာမခံအဖွဲ့ဝင်များသာမက လျူယင်တို့ဦးစီးခေါင်းဆောင်များပင် လွန်စွာမောပိုက်ပင်ပန်းနေကြလေသည်။

လီနှစ်ရာနီးပါး တောင်ပေါ်ခရီးကို မနားတမ်းအပြေးနှင်ခဲ့ကြရသောကြောင့် သေချင်လောက်အောင် နွမ်းနယ်နေကြ၏။ မြင်းလှည်းမောင်းသူ ချင်ဖိန်းတစ်ယောက်သာ မြင်းလှည်းပေါ်တွင် မမောမပန်းလိုက်ပါလာရသည်။

မွန်းတည့်ချိန်ရောက်မှ သူတို့သည် ဇော့ရှဲမြို့ကို ရောက်လာကြသည်။

လူများစုမှာ ဖိနပ်တွေပေါက်ပြီး အချို့မှာ ခြေထောက်များပင် ယောင်ကိုင်းနေကြ၏။

မြို့ထဲကို ဝင်လာကြသော သူတို့လူစု၏ လမ်းလျှောက်ပုံမှာ မြင်မကောင်းလောက်အောင် ယိမ်းယိုင်နေကြ၏။ အချို့က ပေါင်များ ပင် ကွနေကြ၏။

လျှူယင်တို့ ဦးစီးခေါင်းဆောင်များသာ ဣန္ဒြေဆည်ပြီး ဟန် ဆောင်၍ လျှောက်နိုင်ကြသည်။

တကယ်တော့ သူတို့လည်း ရောက်သည့်နေရာတွင် လှဲအိပ် အနားယူလိုက်ချင်ပြီ ဖြစ်၏။

ဇေ့ရှဲမြို့ကို ရောက်သည်အထိ သူတို့တစ်တွေ ဘယ်လိုအန္တရာယ်မျိုးနှင့်မှ မတွေ့ခဲ့သဖြင့် စိတ်ထဲတွင်မူ ဝမ်းသာနေကြ၏။

ဇေ့ရှဲမြို့နှင့် မြစ်ဝါမြစ်မှာ တစ်နေ့ခရီးအကွာအဝေးသာ ရှိတော့၏။

ပြီးတော့ တစ်လမ်းလုံး ပြန့်ပြူးသော ကျယ်ဝန်းသော လမ်းမကြီးသာဖြစ်၏။

လမ်းကလည်း ကောင်းသည်။

လုံပိုက်ထောင်တို့သည် မြို့အနောက်ဘက်တွင်ရှိသော လင်းလုတည်းခိုဂေဟာကို ရောက်အောင်လာခဲ့ကြ၏။

လင်းလုတည်းခိုခန်းမှ အိပ်ခန်းအားလုံးကို သူတို့အဖွဲ့က ငှားရမ်းလိုက်သည်။

လျှူယင်သည် ကုန်တင်လှည်း လုံခြုံရေးအတွက်စီစဉ်ကာ လုံပိုက်ထောင်က စားရေးသောက်ရေးအတွက် စီစဉ်သည်။



သူ့လူအချို့ကိုလည်း မြို့တွင်းသို့ သွားစေကာ သူတို့လူစုနှီးဖို့ မြင်းများကို ဝယ်ခိုင်းလိုက်၏။

ကိစ္စအဝဝကို စီစဉ်ပြီးမှ လျှူယင်တို့ဦးစီးခေါင်းဆောင်များသည် အတော်ကလေး စိတ်သက်သာရာရသွားကြ၏။

လုံပိုက်ထောင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အခုမှပဲ စိတ်အေးလက်အေး နားကြရတော့မယ် .... အိပ်ရေးဝအောင် အိပ်ကြရမယ် .... "

လျှူယင်က ....

"ကျွန်တော်တို့တွေ ဒီမှာ ညအိပ်ပြီး မနက်မှ ခရီးဆက်ကြမလို့လား .... "

လုံပိုက်ထောင် ခေါင်းညိတ်ကာ ....

"ဟုတ်တယ်လေ .... အဖွဲ့သားအားလုံး နှစ်ရက်နဲ့ တစ်ညလုံးလုံး ခရီးပြင်းကို နှင်ခဲ့ကြရတယ် .... အိပ်လည်း မအိပ်ကြရသေးဘူး .... ဒီတစ်ညမှ မအိပ်ဘဲ ခရီးဆက်တွက်မယ်ဆိုရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ် .... "

လျှူယင်က တည်ကြည်လေးနက်စွာ ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ဒီတစ်ည မအိပ်ဘဲ ခရီးဆက်ထွက်ကြမယ်ဆိုရင် သေလောက်အောင် ပင်ပန်းကြမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် ကျွန်တော်ကိုယ်တိုင်လည်း ဒီမှာ တစ်ညအိပ်ပြီး ကောင်းကောင်းကြီး

အနားယူချင်တာပါပဲ .... ဒါပေမယ့် နောင်ကြီးလုံ့ ကျွန်တော်တို့အ
လုံး ဒီမှာ ညအိပ်စခန်းချလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး .... "

"ဘာဖြစ်လို့လဲ .... "

"အို့ယိဝမ်းဟာ ကျွန်တော်တို့ကို တစ်လမ်းလုံး ကြိ
ခြောက်လှန့် ပရိယာယ်တွေဆင်လာခဲ့တယ် မဟုတ်လား .... မြ
ဖေးဟူတို့ကလည်း ကျွန်တော်တို့နောက်ကို တကောက်ကောက်လို
နေတယ်ဆိုတာ နောင်ကြီးလုံ့ အသိပဲ .... သူတို့နှစ်ဖွဲ့စလုံး မြေ
ပြောင်တင်းတင်း မလှုပ်ရှားကြသေးတာဟာ အခွင့်ကောင်းကို ချော
နေလို့ဆိုတာ ထင်ရှားတယ် .... ကျွန်တော်တို့တစ်တွေ စိတ်ချလက်
အနားယူလိုက်တာနဲ့ သူတို့အတွက် အခွင့်ကောင်း ဖြစ်သွားနိုင်တယ်"

လုံ့ပိုက်တောင် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ....

"ဟုတ်တော့ ဟုတ်ပါတယ် .... ဒါပေမယ့် ဒီတစ်ညလော
အဖွဲ့သားတွေကို အနားမပေးရင် သူတို့တွေ ဘယ်လိုနည်းနဲ့မှ လ
ဆက်လျှောက်နိုင်ကြမှာ မဟုတ်ဘူး .... "

လျှူယင်က ခဏမျှ စဉ်းစားလိုက်ပြီး ....

"ဒီလိုလုပ်ကြရင် ကောင်းမယ် .... ကျွန်တော်တို့အဖွဲ့သား
တွေ အားလုံးကို နှစ်ဆိုင်းခွဲမယ် .... တစ်ဆိုင်းက အနားယူပြီး အိပ်
နေတဲ့ အချိန်မှာ တစ်ဆိုင်းက ကုန်တင်လှည်းကို စောင့်ကြည့်မယ်
တစ်လှည့်စီပေါ့ .... ဒီလိုအနားယူပြီးတာနဲ့ သန်းခေါင်အချိန်မှာ ကျွ
တော်တို့ ခရီးဆက်ကြမယ် .... "



လုံ့ပိုက်ထောင် မျက်မှောင်ကြုတ်သွားပြီး ....

"ခင်ဗျားပြောသလို အနားယူမယ်ဆိုရင် မုံးလင်းထိ အနား
ယူလို့ ဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ သန်းခေါင်လောက်မှာ ခရီးဆက်မှာ
လဲ .... အိပ်ရေးဝအောင် အိပ်စေပြီး မိုးလင်းမှ ထွက်တော့ ပိုကောင်း
တာပေါ့ .... "

လျှူယင်က ....

"မနက်လင်းမှ ထွက်မယ်ဆိုရင် အန္တရာယ်ရှိနိုင်တယ် ....
ဆိပ်ကမ်းမှာ စခန်းချအိပ်လို့လည်း မဖြစ်ဘူး .... ဒီကနေ ကျွန်တော်
တို့တစ်တွေ သန်းခေါင်လောက်က ထွက်မယ်ဆိုရင် ဆိပ်ကမ်းကို
မွန်းတည့်ချိန်လောက် ရောက်သွားနိုင်တယ် .... ဒါဆို မြင်မြင်ထင်
ထင် အန္တရာယ်ကင်းကင်းနဲ့ မြစ်ကို ကူးနိုင်မယ် .... မြင်မြင်ထင်ထင်
ဆိုတော့ ရန်သူက ချောင်းတိုက်မှာ မပူရတော့ဘူး .... "

ယခု လုံ့ပိုက်ထောင်လည်း နားလည်သဘောပေါက်သွား
သည်။

"ကောင်းပြီလေ .... ခင်ဗျားပြောသလိုပဲ စီစဉ်ကြတာပေါ့"

လျှူယင်က ....

"ကျွန်တော်တို့ ဦးစီးခေါင်းဆောင် လေးယောက်ကိုလည်း
နှစ်ဖွဲ့ခွဲရမယ် .... ပထမဦးဆုံး ချူးတာ့နဲ့ လုံ့ပိုက်ချန်းတို့ကို အနား
ယူခိုင်းပြီး နောင်ကြီးလုံ့နဲ့ ကျွန်တော်က ကုန်ပစ္စည်း လှည်းနားမှာ
စောင့်မယ် .... ကျွန်တော်တို့ တာဝန်ပြီးရင် ချူးတာ့တို့ကို သန်းခေါင်
အထိ စောင့်ပါစေပေါ့ .... "

လုံပိုက်ထောင် ခေါင်းညိတ်သဘောတူလိုက်လေသည်။

လုံပိုက်ထောင်သည် သူ့လူများကို နှစ်ဆိုင်းခွဲလိုက်ကာ လျူယင်၏ အကြံဉာဏ်အတိုင်း စီစဉ်လိုက်သည်။

လျူယင်နှင့် လုံပိုက်ထောင်တို့အဖွဲ့တွင် ပါဝင်သောအဖွဲ့ဝင်များမှာ အတော်ကလေး မကျေမနပ်ဖြစ်ကြ၏။

သူတို့သည် အနားယူအိပ်စက်တော့မည်ဟု ကြံရွယ်ထားကြပြီးမှ စောင့်ကြပ်ရန် တာဝန်ကို ယူကြရမည်ဖြစ်သောကြောင့်ပင်။

ဦးဆုံး အိပ်စက်အနားယူခွင့်ရသည့် အဖွဲ့သားများကမူ ဘာမှ ပြောဆိုမနေကြတော့ဘဲ ကိုယ့်အခန်း ကိုယ်ပြေးပြီး အိပ်လိုက်ကြ၏။

သူတို့အားလုံး အိပ်ရာပေါ် လှဲချလိုက်ကြသည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတော့၏။

မကြာမီ အိပ်ခန်းအသီးသီးမှ ဟောက်သံများ ပေါ်ထွက်လာသည်။

လျူယင်နှင့် လုံပိုက်ထောင်တို့ အဖွဲ့ကမူ ကုန်တင်လှည်းနားတွင် စောင့်ကြပ်လျက်ရှိကြ၏။

သူတို့နှစ်ဦးသည် ခုံတစ်လုံးစီဖြင့် ကုန်တင်လှည်းနားတွင် ထိုင်နေကြ၏။

အားလုံးပင်ပန်းနွမ်းနယ်နေကြပြီး အလွန်အမင်း အိပ်ချင်နေကြသော်လည်း တာဝန်ဟူသော အသိကြောင့် တိုယ်ကို မတ်မတ်ထားကာ မျက်လုံးကို အစွမ်းကုန် ဖွင့်ထားကြသည်။



အဖွဲ့ဝင် အားလုံးကလည်း သူတို့ကို ချထားပေးသော နေရာတွင် အသီးသီးစောင့်ကြပ်လျက်ရှိနေခြင်း၏။

အမှောင်ဖုံးပြီး အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာသည်။

လျူယင်နှင့် လုံပိုက်ထောင်သည် နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြရာမှ လုံပိုက်ထောင်သည် ထရပ်လိုက်ကာ လျူယင်ကို ပြောလာသည်။

“ခင်ဗျား သွားအနားယူချင် ယူပါလား လျူယင် .... ကျုပ်တစ်ယောက်တည်း ကြီးကြပ်ပြီး စောင့်နေပါမယ် .... ”

“ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး နောင်ကြီးလုံ .... နောင်ကြီးလုံသာ သိပ်ပြီး ပင်ပန်းနွမ်းနယ်နေရင် သွားပြီးအနားယူပါလား ကျွန်တော် စောင့်နေလိုက်ပါ့မယ် .... ”

လုံပိုက်ထောင်က ပြုံးပြ၍ ....

“ကျုပ်အနေနဲ့လည်း မထူးတော့ပါဘူး .... ခံနိုင်ရည်ရှိပါတယ် .... အဲ ကျုပ်ရဲ့လူတွေ ခံနိုင်ရည်မရှိမှာကိုပဲ ကျုပ်ပူမိပါတယ် ဒါပေမယ့် မတတ်နိုင်ဘူးလေ .... ဒီလိုမှ မလုပ်ရင် ဖြစ်မှမဖြစ်ဘဲ”

လုံပိုက်ထောင် ပြန်ထိုင်လိုက်ပြီး နှုတ်ဆိတ်သွားသည်။

အချိန်တွေ တရွေ့ရွေ့ကုန်လာပြန်သည်။

အတွေးနယ်ချဲ့နေရာမှ လျူယင်သည် ကောင်းကင်ကို မော့ကြည့်ကာ ထိုင်နေရာမှ ထရပ်လိုက်ပြီး ....

“နောင်ကြီးလုံ လူချင်းလဲဖို့ အချိန်တော့စေ့ပြီ အိပ်နေတဲ့ လူတွေကို နှိုးပြီး ကျွန်တော်တို့အဖွဲ့က လူတွေကို အနားယူပါစေတော့

နောင်ကြီးချူးတာ့နဲ့ လုံပိုက်ချုန်းတို့ကိုတော့ မနိုးပါနဲ့ .... အိပ်ရေးဝဝ အိပ်ပါစေ .... နောင်ကြီးလုံလည်း အိပ်စက်အနားယူပါ .... ကျွန်တော်ကတော့ မျက်လုံးကြောင်သွားပြီ အိပ်လို့ရမှာ မဟုတ်တော့ဘူး နောက်အဆိုင်းကို ကျွန်တော်ပဲ တာဝန်ယူပြီး စောင့်ကြပ်လိုက်ပါ့မယ်"

လုံပိုက်ထောင်ကလည်း ပြုံးလိုက်ပြီး ....

"ကျုပ်လည်း မအိပ်ချင်တော့ပါဘူး .... မျက်လုံးကြောင်သွားပြီ .... ခင်ဗျားနဲ့ပဲ ဆက်ပြီး စောင့်နေပါ့မယ် .... "

လုံပိုက်ထောင်သည် အဖွဲ့သားများကို တာဝန်ချင်းလဲပေးထားပြီး ချူးတာ့နှင့် လုံပိုက်ချုန်းတို့ကို မနိုးတော့ဘဲ သူနှင့် လျူယင်တို့သာ ဆက်စောင့်ကြ၏။

သူတို့သည် အပျင်းပြေအောင် သိုင်းလောကမှ တွေ့ကြုံခဲ့ရသမျှတို့ကို ပြောဆိုရင်း အချိန်ဖြုန်းကြလေသည်။

ညဉ့်နက်ပိုင်းကို ရောက်လာချိန်တွင် တည်းခိုဂေဟာမှ စာရေးကြီးသည် လက်ထဲတွင် သေတ္တာသေးသေးကလေးတစ်လုံးကို ကိုင်ပြီး လုံပိုက်ထောင်ထံသို့ ရောက်လာသည်။

"ဆရာကြီးလုံ .... ဧည့်သည်တစ်ယောက်က ဆရာကြီးလုံတို့ကို တွေ့ချင်ပါတယ်ဆိုပြီး အကြောင်းကြားခိုင်းလို့ပါ .... "

ပြောပြောဆိုဆို စာရေးကြီးက သူ့လက်ထဲမှ သေတ္တာကလေးကို လုံပိုက်ထောင်လက်ထဲ လှမ်းပေးလိုက်ရာ လုံပိုက်ထောင်လည်း လှမ်းယူပြီး သေတ္တာအဖုံးကို ဖွင့်ကြည့်လိုက်သည်။



လုံပိုက်ထောင်၏ မျက်နှာတွင် ဝမ်းသာအားတက်သော အမူအရာမျိုး တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာလေသည်။ သူက စာရေးကြီးဆတ်ခနဲ ကြည့်လိုက်ပြီး ....

"ဧည့်သည်က ဘယ်မှာလဲ .... "

"ဧည့်ခန်းဆောင်မှာ ရှိနေပါတယ် .... "

"ကျုပ်ဆီကို အမြန်ဆုံးလွှတ်လိုက်ပါ .... "

စာရေးကြီးထွက်သွားမှ လုံပိုက်ထောင်က လျူယင်ကို ဝမ်းတသာ လှည့်ပြောသည်။

"ကျုပ်တို့တစ်တွေ ထက်မြက်တဲ့သိုင်းသမားတစ်ယောက်အားထပ်တိုးတော့မယ် .... ဝမ်းသာအားတက်စရာပဲ .... "

လျူယင်က လုံပိုက်ထောင်လှမ်းပေးသော သေတ္တာကလေးတွင်းမှ စာလွှာကို ဖတ်ကြည့်သည်။

*လို့ယန်းမှ ဝမ်းနို့ထန်းက ဆရာကြီးလုံပိုက်ထောင် တွေ့ဆုံဂါရဝပြုပါစေ ....*

လျူယင် မျက်မှောင်ကြုတ်သွားပြီး လုံပိုက်ထောင်ကို ကြည့်၍ ...၏။

"ဝမ်းနို့ထန်းဟာ .... ကျုပ်တို့ ကွမ်လိုနယ်သိုင်းသမားကြီး ...ပွန့်ရဲ့သားပဲပေါ့ .... မနှစ်ကစ သူ့အဖေ ဝမ့်နိုပွန့်ရဲ့မွေးနေ့ပွဲ ...ပတုန်း ဒီခကာင်လေးကို ခင်ဗျားလည်း မြင်ဖူးလိုက်သားပဲ"

ထိုအခါမှ လျူယင်ပြုံး၍ ခေါင်းညိတ်ပြီး ....

"ဩော် .... ဟုတ်ပါရဲ့ ဒီတုန်းက ဒီကောင်လေးရဲ့နာမည်ကိုတော့ တဲ့ချင်းကြည်လို့ ခေါ်နေတာ ကျွန်တော်ကြားရတယ် ... သူ့ကိုကြည့်ရတာ မိန်းမလျာလေးလို ကန့်ကလျလေးပဲ .... "

"လူပုံကိုကြည့်ပြီး မိန်းမလျာလေးတစ်ယောက်လို့ ထင်ရမယ့် ဒီကောင်လေးဟာ .... သူ့အဖေ ဝမ့်ခိုယွန့်ရဲ့ ဓားသိုင်းကို ထက်ထက်မြက်မြက်တတ်မြောက်ထားတယ် .... ငယ်ငယ်ကလေးတည်းက မိန်းကလေးတွေနဲ့အတူနေပြီး ဆော့ကစားလာရလို့ မိန်းမလျာပုံစံတော့ ပေါက်နေတယ် .... သူ့အဖေကိုယ်တိုင်လည်း မိန်းမလျာပုံစံကို သဘောမကျလို့ ရိုက်ခဲ့တာ များပါပြီ .... ဟား .... ဟား .... ဟား .... ဒါပေမယ့် မရပါဘူး .... ငယ်ငယ်တုန်းက အမူအကျင့်ဟာ ဘယ်ပျောက်တော့မလဲ .... အခု တစ်နှစ်အတွင်းမှာတော့ ဒီကောင်လေးဟာ မိန်းမလျာအမူအကျင့်တွေ အတော်ပျောက်သွားပြီလို့တော့ ဝမ့်ခိုယွန့်က ကျွန်ုပ်ကို ပြောတာပဲလေ .... "

ထိုစဉ် စာရေးကြီးသည် လူငယ်တစ်ယောက်ကို ခေါ်ပြီး ရောက်လာလေတော့၏။

◈◈◈◈◈

၁။

---

လူငယ်သည် ဝတ်စုံဖြူကို ဝတ်ထားပြီး အသက်နှစ်ဆယ်အရွယ်လောက်သာ ရှိသေးသည်။

နှုတ်ခမ်းမှာ နီရဲနေပြီး သွားတွေက စီစီရီရီနှင့် လှသည်။

ခါးတွင် ဓားရိုးဖြူနှင့် ဓားအိမ်တစ်လက်ကို ချိတ်ဆွဲထားသည်။

သူ၏ လမ်းလျှောက်သော ဟန်ပန်က မိန်းကလေးတစ်ယောက်လို ကန့်ကလျနိုင်လှ၏။ သူ့အပြုံးကလည်း မိန်းကလေးတစ်ယောက်လို အပြုံးမျိုး။

လူငယ်ကို လုံပိုက်ထောင် ရှေ့အရောက်ပို့ခဲ့ပြီး စာရေးကြီး ပြန်ထွက်သွားလေသည်။

လူငယ်က လုံပိုက်ထောင်ကို ခပ်နွဲ့နွဲ့ပြုံးပြကာ လက်နှစ်ဖက်

ကို ဆုပ်မိုး၍ ဦးညွတ်အရိုအသေပေးသည်။ ပြီးမှ နှုတ်ဆက်စကားဆို၏။

"ဆရာကြီးကို ကျွန်တော် ဝမ်းနို့ထန်းက ဂါရဝပြုပါတယ်"

လူငယ်သည် လျူယင်ဘက်သို့လည်း လှည့်ပြီး ဂါရဝပြုနှုတ်ဆက်လိုက်၏။

လုံပိုက်ထောင်က အဖွဲ့သားတစ်ယောက်ကို ခုံတစ်လုံး ယူလာစေပြီး လူငယ်ကို ထိုင်စေလေသည်။

ပြီးမှ လုံပိုက်ထောင်က မေးမြန်းသည်။

"ကျုပ်တို့နောက်ကို ဘယ်လိုများ ခြေရာခံလိုက်ခဲ့တာလဲ တူမောင် .... "

လူငယ်က ပြုံးလိုက်ပြီး ....

"ဖေဖေက ကျွန်တော့်ကို လိုက်ခဲ့ဖို့ မှာသွားပါတယ် .... ဆရာကြီးတို့အဖွဲ့ကို မေးမြန်းပြီး လိုက်ဖို့ဆိုတာကတော့ မခက်ခဲလှပါဘူး .... ဒါနဲ့ ကျွန်တော့်ဖေဖေကော ဆရာကြီး .... "

လုံပိုက်ထောင်က ....

"မင်းဖေဖေ ဝမ့်ခိုယွန့်နဲ့ လောင်ဆွေဖုန်းတို့ကတော့ မြစ်ဝါမြစ်ရဲ့ တစ်ဖက်ကမ်းက ဝူပေါင်ဆိပ်ကမ်းကို ကြိုပြီးသွားနှင့်ကြပြီကွယ်အင်း .... ဒီတစ်ခေါက် ပစ္စည်းသယ်ရတာတော့ အပင်ပန်းဆုံး အခက်အခဲဆုံးပဲ .... သိုင်းလောက,က တူမောင်ရဲ့အဖေလို မိတ်ဆွေမျိုးတွေ



ကိုလည်း အကူအညီခေါ်ရတာပဲ .... အခု တူမောင်လည်း မနေသာတော့ဘဲ လိုက်လာရပြီ .... "

လူငယ်က ကုန်တင်လှည်းကို တစ်ချက်ကြည့်လိုက်ပြီး ....

"ဒါတော့ တစ်ဦးနဲ့ တစ်ဦး ရိုင်းပင်းကူညီရမှာပေါ့ .... ဒါနဲ့ တစ်လမ်းလုံး ဆရာကြီးတို့ ဘယ်လိုအန္တရာယ်မျိုးနဲ့မှ မတိုးခဲ့ကြသေးဘူးလား .... "

"ခုချိန်ထိတော့ ဘာမှမဖြစ်ကြသေးပါဘူး တူမောင် .... "

"ဆရာကြီးတို့ အခုတစ်ခေါက်သယ်ယူပို့ဆောင်ပေးရတဲ့ ပစ္စည်းတွေဟာ သိပ်ပြီး တန်ဖိုးကြီးမားတယ်ဆိုတာ ဖေဖေပြောပြလို့ ကျွန်တော်သိရပါတယ် .... ခုတော့ ပစ္စည်းတင်တဲ့လှည်းက တစ်စီးတည်းပါလား .... "

လုံပိုက်ထောင်က ခေါင်းညိတ်၍ ....

"ဟုတ်တယ် .... ပစ္စည်းက သေတ္တာတစ်လုံးတည်းပဲ ဒီတော့ လှည်းတစ်စီးနဲ့ပဲ လုံလောက်တာပေါ့ .... "

"သေတ္တာထဲက ပစ္စည်းတွေဟာ ဘယ်လိုပစ္စည်းမျိုးတွေလဲဆိုတာ .... ဆရာကြီးတို့ သိကြသလား .... "

လုံပိုက်ထောင် ခေါင်းကိုခါယမ်းပြီး ....

"ဒါတော့ ကျုပ်တို့လည်း မသိဘူး တူမောင် .... ကျုပ်တို့ရဲ့ တာဝန်က ပစ္စည်းရှင်ရဲ့ ဆန္ဒအတိုင်း သူ့ပစ္စည်းကို သူ့ပို့ပေးစေချင်တဲ့

နေရာကို အရောက် .... မပျောက်မပျက်ရအောင် တာဝန်ယူပြီး ပို့ပေးဖို့ပဲ .... "

လျှူယင်ကမူ ဘာမှဝင်မပြောဘဲ လူငယ်နှင့် လုံပိုက်ထောင်တို့၏ စကားများကိုသာ နားထောင်နေသည်။

သူ့မျက်လုံးအစုံက မကြာခဏ လူငယ်၏ကန့်ကလျပြောဟန် ဆိုဟန်ကို အကဲခတ်ကြည့်နေသည်။

လူငယ်က သဘောမပေါက် နားမလည်ဟန်ဖြင့် ....

"ပစ္စည်းပို့ဆောင်ရေး အာမခံဌာနအနေနဲ့ ထုံးစံအတိုင်းဆိုရင် ကုန်ပစ္စည်းရဲ့တန်ဖိုး အမျိုးအမည်ကို အရေအတွက်နဲ့ စစ်ဆေးကြည့်ရှုပြီးမှ လက်ခံရတယ် မဟုတ်လား .... နှစ်ဦးနှစ်ဖက် သဘောတူမှန်ကန်ကြောင်းလည်း လက်မှတ်ရေးထိုးကြရတယ် မဟုတ်လား"

"ဒါကတော့ ပိုင်ရှင်အပေါ်မှာ မူတည်တယ်ကွယ့် .... ပိုင်ရှင်ကိုယ်တိုင်က အာမခံဌာနကို အထူးသယ်ယူပို့ဆောင်ကြေးပေးပြီး သူ့ပစ္စည်းအမျိုးအမည်ကို လျှို့ဝှက်ထားလိုတယ်ဆိုရင် ကျုပ်တို့လည်း စစ်ဆေးစရာ မလိုပါဘူး .... "

"သေတ္တာကလေးတစ်လုံးပို့တာများ ဒီလောက် လူအင်အားတောင် လိုလို့လား ဆရာကြီး .... "

"ဒါကတော့ သေတ္တာထဲမှာ အဖိုးတန်ပစ္စည်းရှိနေတာကိုးကွယ့် .... "



"ဘာပစ္စည်းတွေများ ထည့်ထားသလဲ မသိဘူး .... ကျွန်တော် သိပ်သိချင်တာပဲ .... သေတ္တာဖွင့်ကြည့်ရင် ဖြစ်မလား .... "

မမျှော်လင့်ဘဲ လူငယ်၏တောင်းဆိုချက်ကို ကြားရသဖြင့် လုံပိုက်ထောင် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

နောက်မှ ခေါင်းကိုခါယမ်းပြပြီး ....

"ဘယ်ဖြစ်မလဲ .... "

"ကျွန်တော် သေတ္တာကို အပြင်ဘက်က ကြည့်ရုံတင် ကြည့်မှာပါ .... သေတ္တာနားကိုတောင် သိပ်မကပ်ပါဘူး .... "

"မဖြစ်ဘူးကွ .... "

လျှူယင်ထံမှ လေသံဆတ်ဆတ်ပေါ်လာသည်။

သူ့အသံက ဒေါသသံဖြင့် အတော်ကလေး ကျယ်သွားသည်။

လူငယ်၏ခန္ဓာကိုယ်ကလေးပင် ဆတ်ခနဲဖြစ်သွားပြီး လျှူယင်ကို အံ့အားသင့်ဟန်ဖြင့် ကြည့်သည်။

ပြီးမှ ပြုံးလိုက်ပြီး ....

"မဖြစ်ဘူးဆိုရင်လည်း အေးအေးသက်သက်ပြောပါ .... ဦးကြီးရယ် အခုတော့ ကျွန်တော်တောင် လန့်သွားတာပဲ .... "

လျှူယင် ထိုင်ရာက ထရပ်လိုက်ပြီး လူငယ်ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်၍ လေသံဆတ်ဆတ်ဖြင့် ပြောသည်။

"မင်း ဘယ်သူလဲ .... ပြောစမ်း .... "

လျှုယင်၏ အပြုအမူကြောင့် လုံပိုက်ထောင်ပင် လူငယ်ကို အားနာသွားသည်။

လူငယ်က လျှုယင်ကို ကြည့်ပြီး ....

"ကျွန်တော် ဝမ်းခို့ထန်းပေါ့ .... ဘာဖြစ်လို့လဲ ဦးကြီး ...."

"တော်စမ်း .... မင်း ဝမ့်ခိုယွန့်ရဲ့သား အယောင်ဆောင်လာတာပဲ .... ငါ့မျက်စိကိုတော့ မင်းလှည့်စားလို့ မရဘူး .... "

လုံပိုက်ထောင်က စိုးရိမ်စိတ်ဖြင့် ဝင်ပြောသည်။

"လျှုယင် .... မှားကုန်မယ်နော် .... "

လျှုယင်က လုံပိုက်ထောင်ကို ကြည့်လိုက်ပြီး ....

"သူဟာ ဝမ်းခို့ထန်းမဟုတ်ဘူး နောင်ကြီးလုံ .... ဝမ်းခို့ထန်း ဟန်ဆောင်လာတဲ့ အမျိုးသမီးတစ်ယောက်ပဲ .... သူဟာ လေပွေမုန်တိုင်းအဖွဲ့က လွှတ်လိုက်တဲ့ သူလျှိုမပဲဖြစ်လိမ့်မယ် .... "

"ဟင် .... "

လုံပိုက်ထောင်သည် ထိတ်ခနဲဖြစ်သွားပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

လျှုယင်၏စကားကို ကြားရသော အာမခံအဖွဲ့ဝင်များလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

အချို့က လက်နက်များကို ဆွဲထုတ်ကိုင်၍ လူငယ်ပတ်ပတ်လည်တွင် ဝိုင်းထားလိုက်ကြ၏။



လျှုယင်က သူ့လူတွေကို လှမ်းပြီး အမိန့်ပေးသည်။

"ဒီနားကို မလာကြနဲ့ .... ကုန်တင်လှည်းကိုပဲ ဂရုစိုက်ပြီး စောင့်ကြ .... ဒီပြဿနာကို တို့ဖာသာ ကြည့်ရှင်းမယ် .... "

ထိုအခါ အဖွဲ့ဝင်များ ဆုတ်ခွာသွားကြပြီး မူလ သူတို့၏ နေရာများတွင် ပြန်လည်စောင့်ကြပ်နေကြ၏။

"ဟား .... ဟား .... ဟား .... "

ထိုစဉ် လူငယ်က ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား အားပါးတရ ရယ်မောလိုက်လေသည်။

ပြီးမှ သူသည် လျှုယင်ကို ပြောသည်။

"ဦးကြီးလျှုယင်ကတော့ ရယ်စရာတွေ ပြောနေပြန်ပါပြီ .... ကျွန်တော်ကပဲ လုံးရာက ပြားရတော့မလိုဖြစ်နေပြီ .... ကျွန်တော်ဟာ အမျိုးသမီးမဟုတ်ပါဘူး .... ယောကျ်ားမှ ယောကျ်ားအစစ်ပါဗျ"

လျှုယင်က မျက်နှာတစ်ချက်မဲ့လိုက်ပြီး ....

"တော်စမ်းကွာ .... ဝမ်းခို့ထန်းဟာ မိန်းကလေးဆန်ပြီး သူ့အသံက ကန့်ကလျှနိုင်ပေမယ့် ယောကျ်ားကလေးဟာ ယောကျ်ားကလေးပဲ .... သူ့ရဲ့လည်ပင်းမှာ လည်စေ့ပေါ်နေတယ် .... ဟင်း ဟင်း .... ပြီးတော့ မင်းလို နားမှာလည်း နားပေါက်ဖောက်မထားဘူး"

လူငယ်က သူ့လည်ပင်းနှင့် နားရွက်ကို စမ်းကြည့်လိုက်သည်။

သို့သော် .... သူက အမူအရာမပျက်ဘဲ ပြန်ပြောသည်။

"ကိုင်းပါ .... ကျွန်တော်ဟာ အမျိုးသမီးတစ်ယောက်ပဲ ထားလိုက်ပါတော့ .... လေပွေမုန်တိုင်းအဖွဲ့က လွှတ်လိုက်တဲ့ လူလို့ ဦးကြီးက ဘယ်လိုအထောက်အထားနဲ့ ပြောတာလဲ .... "

လျှူယင်က မခိုးမခန့် ရယ်မောလိုက်ပြီး ....

"ဟင်း .... ဟင်း .... ဟင်း .... အထောက်အထားနဲ့ ပြောနိုင်လို့ပေါ့ကွ .... ဟောဒီမှာ အထောက်အထား .... "

လျှူယင်က လက်ထဲမှ စာရွက်ကို ထောင်ပြသည်။

စာရွက်မှာ ဆောဆောက လုံပိုက်ထောင်အား တွေ့ခွင့်တောင်းသော စာရွက်ကလေးဖြစ်၏။

လူငယ် တွေဝေသွားစဉ် လျှူယင်က ဆက်ပြောသည်။

"ကွမ်းလိုသိုင်းသမားကြီး ဝမ့်ခိုယွန့်နဲ့ ဟောဒီနောင်ကြီး လုံပိုက်ထောင်တို့ဟာ သိပ်ပြီးရင်းနှီးကြတဲ့ မိတ်ဆွေတွေကွ .... ဒါကြောင့် မင်းသာ ဝမ့်ခိုယွန့်ရဲ့သားမှန်ရင် အထူးတလည် ဒီစာမျိုးတွေရေးပြီး ခွင့်တောင်းနေစရာတောင် မလိုဘူး .... ယုံကြည်စိတ်ချရင်းနှီးပြီးသားလူတွေအနေနဲ့ အချိန်မရွေး ဝင်တွေ့နိုင်တယ် .... နောက်ပြီး မင်းလိုသွားတာတစ်ချက်ရှိသေးတယ် .... ဒီစာရွက်ထဲမှာ ရေးထားတဲ့လက်ရေးဟာ တို့တွေ ခရီးစထွက်စက အဘိုးကြီးလောင်လျှူလက်ထဲကို ပေးသွားတဲ့ စာထဲက အို့ယိဝမ်းရဲ့ လက်ရေးနဲ့ အတူတူဖြစ်နေတယ်



...င်း .... မင်း ဘာငြင်းဦးမလဲ .... "

လူငယ်က ဣန္ဒြေမပျက် ရယ်လိုက်ပြီး ....

"ဟား .... ဟား .... ဟား .... တော်ပါပေတယ်ဗျာ .... ...က်ပါပေတယ် ဒါကြောင့်လည်း ဦးကြီးဟာ ဉာဏ်ကြီးရှင်သိုင်းသမား ...ယင်ဆိုပြီး နာမည်ကြီးရတာပါပဲ .... လူကဲခတ်ကောင်းသလို ...တွေးအခေါ်လည်း ကောင်းပါတယ် .... ဟုတ်တယ် ကျွန်တော်ဟာ ...ဗိုထန်းမဟုတ်ပါဘူး .... ဒါပေမယ့် ဦးကြီး တက်တက်စင်အောင် ...ွားတဲ့အချက်ကတော့ ကျွန်တော့်ကို အမျိုးသမီးလို့ စွပ်စွဲတဲ့ အချက် ... ကျွန်တော်ဟာ ယောကျ်ားစစ်စစ်ပါ .... "

လူငယ်က စကားအဆုံးတွင် သူ့မျက်နှာက အရေခွံကို နဖူး ...ဆွဲလှန်ချလိုက်၏။ သူ့မျက်နှာမှ အရေပြား ကွာသွားသည်။ ...ားမှ နားပေါက်နှစ်ပေါက်မှာလည်း အရေပြားနှင့်အတူ ပါသွား ...ည်။

လူငယ်၏ မျက်နှာအမှန်သည် အရေပြားကွာသွားပြီးနောက် ...ွက်လာသည်။

သူ့မျက်နှာက ဝါကြန့်ကြန့်နှင့် အသက်သုံးဆယ်ပတ်ဝန်း...န့်ရှိကြောင်း တွေ့ရလေ၏။

အရေပြားမျက်နှာဖုံးအတုမှာ လည်ပင်းထိ ရှိနေသောကြောင့် ...ပြားကွာသွားသောအခါ လည်ပင်းမှ လည်စေ့လည်း ပေါ်လာ

သည်။

သူသည် သူ၏ မျက်နှာဖုံးစွပ်ကို သူ့ရင်ဖုံးအင်္ကျီထဲသို့ ထည့်သိမ်းလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်၏။

ပြီးမှ လုံပိုက်ထောင်နှင့် လျှူယင်ကို အပြုံးမပျက်ကြည့်၍ စကားဆိုသည်။

"ကျွန်တော်ရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာဟာ ဘာမှထူးထူးဆန်းဆန်း မရှိလှပါဘူး .... အခုလို ဝမ်းနို့သန်းဟန်ဆောင်ပြီး ကျွန်တော်ရောက်လာရတာကတော့ ဆရာကြီးတို့ဘက်တွေနဲ့ ကျေကျေလည်လည်ဆွေးနွေးစရာရှိလို့ပဲ ဆိုပါတော့ .... "

လုံပိုက်ထောင်က သတိကြီးစွာထားရင်း လေသံမာမာဖြင့်မေး၏။

"မင်း ဘယ်သူလဲ .... "

ထိုသူက တစ်ချက်ရယ်လိုက်ပြီး ....

"ကျွန်တော့်နာမည် လို့ရုံရှမ်းပါ .... မျက်နှာတစ်ရာ လို့ရုံရှမ်းလို့လည်း ခေါ်ပါတယ် .... ကျွန်တော်ဟာ လေပွေမုန်တိုင်းအဖွဲ့ဝင်ဆယ့်ရှစ်ယောက်အနက်က နံပါတ်သုံးပေါ့ .... "

လုံပိုက်ထောင် ပိုမိုထိတ်လန့်သွားပြီး နောက်ကိုပင် ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

တိုက်နိုက်ရန်လည်း သိုင်းကွက်ကို နင်းထားသည်။



"မင်း ဘာကိစ္စလာတာလဲ .... ငါနဲ့ ...တွေ ဆွေးနွေးစရာရှိလို့လဲ .... "

"ကျွန်တော် အခုလာတာဟာ အဖော်တစ်ယောက်ကမှ ပါမလာပါဘူး .... တစ်ကိုယ်တည်း လာခဲ့တာပါ .... ပြီးတော့ အခုရောက်လာတာဟာလည်း ဆရာကြီးတို့စောင့်ရှောက်လာတဲ့ ကုန်ပစ္စည်းကိုလုယက်ဖို့ အကြံအစည် လုံးဝမရှိပါဘူး .... ကျွန်တော်တို့ရဲ့အစ်ကိုကြီးဗိုယီဝမ်းရဲ့ ခိုင်းစေချက်အရ ဆရာကြီးတို့နဲ့အတူ အေးအေးဆေးဆေးဆွေးနွေးဖို့ လာခဲ့တာပါ .... "

လျှူယင်က ....

"ဘာ ဆွေးနွေးမှာလဲ .... "

မျက်နှာတစ်ရာ လို့ရုံရှမ်းက ပြုံးပြီး ....

"ဆရာကြီးတို့ကို ကြည့်ရတာ ခုပဲ ကျွန်တော့်ကို သတ်ကြမယ့် ပုံစံမျိုးပဲ .... ဒီပုံစံကြီးနဲ့ ဘယ်ဆွေးနွေးလို့ ကောင်းပါ့မလဲ အေးဆေးဆေး ထိုင်ပြီး ဆွေးနွေးကြမယ်ဆိုရင် .... ပိုကောင်းပါတယ် .... "

ရန်သူကို စိတ်မချသဖြင့် လျှူယင်ကော၊ လုံပိုက်ထောင်တို့ထိုင်ကြချေ။ လျှူယင်က ခေါင်းကိုခါယမ်းပြီး ....

"အခုချိန်မှာ ကျုပ်တို့ဟာ အစစအရာရာ သတိထားနေကြမှာမို့ .... အေးအေးဆေးဆေး မထိုင်နိုင်ကြပါဘူး .... "

"ကောင်းပြီလေ .... ဒါကတော့ ဆရာကြီးတို့ရဲ့ ဆန္ဒအတိုင်းပေါ့ .... ကျွန်တော်ကတော့ အေးအေးဆေးဆေးထိုင်ပြီးတော့ ပြောပါ့မယ် .... "

လို့ရှုံရှမ်းက သူ့ခုံပေါ်တွင် ဣန္ဒြေမပျက် ပြန်ထိုင်လိုက်လေသည်။

◇◇◇◇◇

## ၁၄။

လျှူယင်နှင့် လုံပိုက်ထောင်တို့မှာ သတိကြီးစွာထားလျက်နေကြပြီး လို့ရှုံရှမ်းထံမှ ထွက်ပေါ်လာမည့် စကားကိုသာ နားထောင်နေကြ၏။

ဘားဘီပတ်ဝန်းကျင်ကိုလည်း ရန်သူတွေများ ပုန်းခိုရောက်နေလေသလားဟူသော အတွေးဖြင့် မကြာခဏ မျက်လုံးဝေ့ကြည့်တတ်ကြ၏။

လို့ရှုံရှမ်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ အေးဆေးစွာ စကားဆိုလေသည်။

"ကျွန်တော်တို့ လေပွေမုန်တိုင်းအဖွဲ့ဟာ မတရားသဖြင့် ကိုယ်ကျိုးအတွက် စီးပွားရှာတဲ့လူတွေ .... မတရားသဖြင့် ချမ်းသာလာတဲ့ လူတွေဆီက ငွေကြေးဥစ္စာကို ယူပြီး ကောင်းရာကောင်းကြောင်း

ရောင်းဝယ်လုပ်ကိုင်စားသောက်ရင်း ဆင်းရဲနွမ်းပါးသွားတဲ့လူတွေ ... ဒုက္ခရောက်နေတဲ့လူတွေကို ဒီငွေကြေးဥစ္စာတွေနဲ့ ကူညီကယ်တင်ဖို့ တာ ဆရာကြီးတို့လည်း သိပြီး ကြားပြီးဖြစ်ပါလိမ့်မယ် .... တစ်ခု တော့ ရှိတယ် .... ဒီလို မတရားသဖြင့် ကြီးပွားချမ်းသာနေတဲ့လူတွေ ရဲ့ ဥစ္စာပစ္စည်းတွေကို ကျွန်တော်တို့ဟာ လုယက်နေကြတဲ့ သူဆိုတော့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ .... သူတော်ကောင်းတွေပါလို့ မပြော ချင်ဘူး .... "

လို့ရုံရှမ်းက ကုန်တင်လှည်းကို တစ်ချက်ကြည့်လိုက်ပြီး စကားဆက်သည်။

"ဘယ်အာမခံဌာနကမဆို .... အဲဒီလူမျိုးတွေရဲ့ ဥစ္စာပစ္စည်း တွေကို သယ်ယူပို့ဆောင်ပေးတယ်ဆိုရင် ကျွန်တော်တို့ဟာ မရ အောင် လုယူခဲ့ကြတာပဲ .... အဲ .... ဆရာကြီးတို့လို အာမခံအ အနေနဲ့ကတော့ ဒီဥစ္စာပစ္စည်းတွေဟာ သန့်ရှင်းသလား .... မသန့်ရှ ဘူးလားဆိုတာ ရွေးနေစရာ မလိုပေဘူးပေါ့ .... စိတ်ကြိုက် အခကြေ ငွေ ရမယ်ဆိုရင် .... ပို့ဆောင်ပေးမှာပဲဆိုတာ .... ကျွန်တော်တို့ နားလည်ထားပါတယ် .... "

လို့ရုံရှမ်း စောစကားဖြတ်ပြီး ကုန်တင်လှည်းကို တစ်ချ ကြည့်ပြန်သည်။ ပြီးမှ ဆက်ပြောသည်။

"မြို့စားကြီးချင်းဟာ သူအုပ်ချုပ်တဲ့ နယ်မြေအတွင်းက မြ သူလူထုကို မတရားသဖြင့် အခွန်အကောက်တွေ ကောက် .... ရ



တဲ့ အခွန်အကောက်တွေကိုလည်း သက်ဆိုင်ရာကို မပို့ဘဲ သူ့ကိုယ် ကျိုးအတွက် လျှို့ဝှက်သိမ်းဆည်းထားတယ်လို့ အခုနောက်ပိုင်းမှာ ကျွန်တော်တို့တစ်တွေ စုံစမ်းလို့ သိထားကြတယ် .... ဆရာကြီးတို့ အနေနဲ့ကော သိမထားကြဘူးလား .... "

လျူယင်က စိတ်မရှည်သော လေသံဖြင့် ဝင်ပြောသည်။

"ဒီလို မင်းတို့တစ်တွေ သိနေကြရင်လည်း ထိုက်ယန်းဖူမြို့ ကိုသွားပြီး .... မြို့စားကြီးချင်းရဲ့ စံအိမ်တော်ကို သွားပြီး တိုက်ခိုက်လု ယက်ကြပါလား .... "

လုံပိုက်ထောင်က မဲ့ပြုံးပြုံးလိုက်ပြီး ....

"မင်းတို့တွေက မြို့စားကြီးချင်းရဲ့ စံအိမ်နားကိုတော့ မကပ်ရဲ ကြဘဲ ကျုပ်တို့သယ်ယူပို့ဆောင်တဲ့ အချိန်ကျမှ လုယက်ဖို့ ကြံစည် ရဲကြတယ် .... မဟုတ်လား .... "

လို့ရုံရှမ်းက ....

"ဒါကတော့ အစတုန်းက မြို့စားချင်းဟာ ဒီလိုကိုယ်ကျိုး ရှာ လူယုတ်မာတစ်ယောက်ဆိုတာ .... ကျုပ်တို့မှာ တိတိကျကျ သိ မထားကြဘဲ တိတိကျကျ သိရပြန်တော့လည်း သူ့ပစ္စည်းဥစ္စာတွေကို ဘယ်မှာ ထားမှန်းမသိလို့ စုံစမ်းရသေးတယ် .... အဲဒီလို စုံစမ်းနေရင်း က ဆရာကြီးတို့ အာမခံဌာနက သူ့ပစ္စည်းတွေကို သယ်ယူပို့ဆောင် ပေးမယ်ဆိုတဲ့ သတင်းကို ကြားရတော့တာပဲ .... ဒီတော့ ကျွန်တော် တို့တွေ ဘယ်လက်လွှတ်ခံလို့ဖြစ်ပါ့မလဲ .... "

လျှူယင်က ....

"မင်းလာပြောတာက ဒီပစ္စည်းမရရအောင် လုယူမယ်ဆိုတ ပဲ လာပြောတာ မဟုတ်လား .... "

လို့ရုံရှမ်း ခေါင်းညိတ်၍ ....

"ဟုတ်ပါတယ် .... ဒါပေမယ့် အဓိကဆွေးနွေးချင်တာ တော့ ဆရာကြီးတို့အနေနဲ့ သူ့ရဲ့ပစ္စည်းကို သယ်ယူမပေးကြဘဲ ထို ယန်းဖူမြို့ကို ပြန်သယ်သွားကြမယ်ဆိုရင် .... အကြောင်းတစ်ခုခုပြ မြို့စားချင်းရဲ့လက်ထဲကို ပြန်အပ်မယ်ဆိုရင် ကျွန်တော်တို့က ဒီပစ္စည် ကို ဆရာကြီးတို့လက်ထဲက လုမယူတဲ့အပြင် ကျသင့်တဲ့ သယ်ယူ ကြေးငွေကိုတောင် ပေးပါဦးမယ် .... ဆရာကြီးတို့အတွက် အန္တရာ လည်း မရှိ .... ဝင်ငွေလည်း မနစ်နာစေရပါဘူး .... အဲ ဒီပစ္စည်းဟ မြို့စားချင်းရဲ့လက်ထဲကို ပြန်ရောက်သွားမယ်ဆိုရင်တော့ ကျွန်တေ တို့ နည်း .... ကျွန်တော်တို့ဟန်နဲ့ ရအောင် ယူကြပါမယ် .... "

လုံပိုက်ထောင်က မဲ့ပြုံးပြုံးလိုက်ပြီး ....

"အင်း .... မင်းတို့ ဆွေးနွေးချက်ကတော့ အတော်ကေ ကောင်းပါတယ် .... တို့တစ်တွေ ဝင်ငွေလည်း မလျော့ဘူး .... ပ လည်း မပင်ပန်းဘူး .... ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူး .... "

လို့ရုံရှမ်းက ....

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ .... ဒီပစ္စည်းဟာ ခရီးတစ်ဝက် မှ မရောက်သေးဘူး .... "



လုံပိုက်ထောင်က ....

"ဒီလိုရှိတယ်လေ .... ကျုပ်တို့ သယ်ယူပို့ဆောင်ရေးအာမခံ ဌာနဟာ ကတိနဲ့ သစ္စာကို ဘယ်လောက်အထိ စောင့်ထိန်းရတယ် ဆိုတာ မင်းတို့လည်း ကြားသိဖူးထားမှာပါ .... အလုပ်အပ်သူဆီ သူ့ရဲ့အလုပ်ကို လက်ခံပြီးရင် ဘယ်လိုအကြောင်းမျိုးပဲ ပေါ်ပေါက် ပြီးမြောက်အောင် လုပ်ဆောင်ပေးရပါတယ် .... ခုလို အချိန်မျိုးမှာ မလုပ်နိုင်ဘူးဆိုပြီး ပိုင်ရှင်လက်ထဲကို ပြန်အပ်လိုက်မယ်ဆိုရင် .... ကျုပ်တို့ နဂါးညီနောင်အာမခံဌာနဟာ လုံးလုံးနာမည်ပျက်သွားတော့ မှာပေါ့ .... နောက်ဆို ကျုပ်တို့ အာမခံဌာနကို ဘယ်ကမှ ယုံယုံကြည် ကြည်နဲ့ အလုပ်အပ်ရဲကြတော့မှာ မဟုတ်ဘူး .... "

လို့ရုံရှမ်း သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်းလေ .... ဒါကတော့ ဆရာကြီးတို့ရဲ့လုပ်ငန်းပိုင်းပဲ ကျွန်တော်တို့ရဲ့ အပိုင်းကတော့ ဆရာကြီးတို့သာ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှုကို လက်မခံကြဘူးဆိုရင် ဒီပစ္စည်းကို မြစ်ဝါမြစ်တစ်ဖက် ကမ်းမရောက်ခင် အချိန်အတွင်းမှာ ဖြစ်တဲ့နည်းနဲ့ရအောင် လုယူကြ ရမှာပဲ .... ကျားနှစ်ကောင် အစာလုတဲ့အခါ တစ်ကောင်ကောင်က တော့ သူနယ်နိမိတ်အတွင်းမှာ အမိအရ ဖမ်းယူကြမှာပါပဲ .... "

လျှူယင်က မဲ့ပြုံးပြုံးလိုက်ပြီး ....

"အေးလေ .... ဒါကလည်း မင်းတို့ရဲ့အပိုင်းပဲ .... တို့ရဲ့ အပိုင်းကလည်း တို့ကို အနှောင့်အယှက်ပေးလာမယ့် လူဆိုရင် ....

ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် .... ဘယ်ဂိုဏ်းဘယ်အဖွဲ့ပဲဖြစ်ဖြစ် .... ပြတ်ပြတ်သားသား ပြန်တိုက်ရမှာပဲ .... "

လို့ရုံရှမ်းက ပြုံးလိုက်ပြီး ....

"ဒါဖြင့် .... ဆရာကြီးအဖွဲ့ဟာ ကျွန်တော်တို့နဲ့ ပထမဦးဆုံး ရင်ဆိုင်ကြရမှာပါပဲ .... လေပွေမုန်တိုင်းအဖွဲ့အကြောင်းကိုလည်း ဆရာကြီးတို့ ကောင်းကောင်းကြားဖူးမှာပါ .... ကျွန်တော်တို့အဖွဲ့ လုပ်ဆောင်ကြံစည်ခဲ့တာ မှန်သမျှ ဘယ်တုန်းကမှ မအောင်မြင်တာ မရှိခဲ့သေးပါဘူး .... "

လုံပိုက်ထောင်ကလည်း အံကိုတင်းတင်းကြိတ်ပြီး ခံပြင်းစွာ ပြန်ပြောသည်။

"ငါတို့ကလည်း ပြောလိုက်မယ် .... ငါတို့နဂါးညီနောင်ပို့ဆောင်ရေး အာမခံဌာနကလည်း ဘယ်ခရီး ဘယ်လမ်းကိုပဲ သွားသွား .... ဘယ်ပစ္စည်းကိုပဲ ပို့ပို့ မအောင်မြင်ဘူးဆိုတာ တစ်ခါမှ မရှိသေးပါဘူး .... တစ်ခါမှ ပစ္စည်းရှင်ကို ပြန်မလျော်ခဲ့ရသေးပါဘူး"

လို့ရုံရှမ်း ထိုင်ရာမှ ထရပ်လိုက်ပြီး ....

"ကောင်းပြီလေ .... ဒါဆိုလည်း ကျွန်တော်တို့တစ်တွေ စကားပြတ်ကြပြီပေါ့ .... ကိုင်း .... ကျွန်တော့်ကိုသာ ခွင့်ပြုကြပါဦး"

လို့ရုံရှမ်း လက်နှစ်ဖက်ကို ယှက်ပြီး လှည့်ထွက်မည်ပြု၏။

"ရပ်လိုက် .... "

အော်ဟစ်သံပေါ်လာပြီး ကျို့ကွေးရှာသူကြီး ချူးတာ့နှင့် လုံ



ပိုက်ချန်းတို့တစ်တွေ လှစ်ခနဲ ရောက်လာကြသည်။ သူတို့နောက်မှ ပါလာသော နဂါးညီနောင် အာမခံအဖွဲ့ဝင်များလည်း လို့ရုံရှမ်းကို ဝိုင်းထားလိုက်ကြသည်။

လို့ရုံရှမ်းကမူ ထိတ်လန့်စိုးရွံ့ဟန် မပြဘဲ မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။ ပြီးမှ အေးအေးဆေးဆေး မေးသည်။

"ဒါက ဘယ်လိုသဘောများပါလိမ့် .... "

ချူးတာ့က ....

"လေဖင်ခေါင်းကျယ်တဲ့ စကားမျိုးတွေကို မင်းက ပြောပြီး ဒီလိုပဲ လွယ်လွယ်နဲ့ ပြန်လို့ရမလားကွ .... မင်းရဲ့အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာ တို့ကိုလည်း ပြသွားဦးမှပေါ့ .... "

ချူးတာ့နှင့် လုံပိုက်ချန်းတို့နှစ်ယောက်စလုံး ဓားကိုယ်စီကိုင်ထားကြ၏။ ချူးတာ့လက်ထဲမှ ဓားမှာ ကြီးမားသော ခုတ်ဓားကြီးဖြစ်လေသည်။

လို့ရုံရှမ်းက မဏိုးမခန့် ပြုံးလိုက်ပြီး ....

"ကျုပ်ဟာ ခင်ဗျားတို့နဲ့ အေးအေးဆေးဆေး ဆွေးနွေးရအောင် လာခဲ့တဲ့သူပါ .... ပညာချင်းပြိုင်ဖို့ လာခဲ့တာလည်း မဟုတ်ဘူးအဲ .... ပညာချင်း ပြိုင်ချင်ကြတယ်ဆိုရင်တော့ နောက်မှ အေးအေးဆေးဆေး ထပ်ပြီး တွေ့ကြသေးတာပေါ့ .... "

ချူးတာ့က ....

"ဒါဆိုလည်း ဖြစ်ပါတယ် .... ဒါပေမယ့် မင်းကတော့ တို့

တွေ မြစ်ဝါမြစ်ဟိုဘက်ကမ်းကို ကူးပြီးတဲ့အထိ တို့နဲ့ပဲ နေရလိမ့်မယ် မင်းကို အခုတော့ ပြန်မလွှတ်နိုင်ဘူး .... "

လို့ရုံရှမ်း မျက်နှာတစ်ချက်တည်သွားပြီး ....

"ဩော် .... ခင်ဗျားတို့က ကျုပ်ကို ဓားစာခံအဖြစ် ဖမ်းထားမယ်ဆိုပါတော့ .... "

လျူယင်က ....

"ဟုတ်တယ် .... ဘာဖြစ်သလဲ .... "

လို့ရုံရှမ်းက ....

"ခင်ဗျားတို့ဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ နေကြတဲ့ သိုင်းအကျော်အမော်ကြီးတွေပါ .... ခုလိုလုပ်ရပ်မျိုးကတော့ သိပ်ပြီး သေးသိမ်မနေဘူးလား .... "

ချူးတာ့က ခေါသဖြင့် ဝင်အော်သည်။

"တော်ပြီ .... အပိုစကားတွေ ပြောမနေနဲ့ .... မျက်နှာတစ်ရာ သိုင်းသမား လို့ရုံရှမ်းဟာ ဘယ်လောက်အထိ အစွမ်းအစရှိတယ်ဆိုတာ တို့တွေ စမ်းကြည့်ရသေးတာပေါ့ .... "

ပြောပြောဆိုဆို ချူးတာ့သည် သူ့လက်ထဲမှ ခုတ်ဓားကြီးနှင့် လို့ရုံရှမ်းကို စတင်တိုက်ခိုက်လေတော့သည်။

ခုတ်ဓားကြီးက အရှိန်အဟုန်ပြင်းလှပြီး သွက်လက်လွန်းလှသည်။ မည်သူမှ ချူးတာ့၏ ခုတ်ဓားကြီးကို ပြန်လည်ခုခံနိုင်လိမ့်မည် မဟုတ်ပါ။



လို့ရုံရှမ်းကမူ သူ့ထံသို့ ခုတ်ဓားကြီးဝင်ရောက်လာသည်အထိ မရှောင်တိမ်းသေးဘဲ ရပ်နေသေး၏။ ခုတ်ဓားကြီး သူ့လည်ပင်းနားကို ရောက်လာမှ ခေါင်းကိုငုံ့ကာ အသာတိမ်းရှောင်လိုက်၏။

တစ်ဆက်တည်းပင် လို့ရုံရှမ်း၏ ခန္ဓာကိုယ်က လှစ်ခနဲ ကုန်တင်လှည်းပေါ်သို့ ရောက်သွားလေသည်။

လုံပိုက်ထောင်တို့ အားလုံး ကုန်တင်လှည်းကို ဝိုင်းလိုက်ကြ၏။

လျူယင်က သူ့လူတွေကို အော်ပြောသည်။

"သူ့ကို အရှင်ဖမ်းကြ .... အသက်မသေစေနဲ့ .... "

အားလုံး လှည်းနားကို ဝိုင်းလိုက်စဉ် လို့ရုံရှမ်းက ပေါ့ပါးစွာ ခုန်လိုက်ပြန်သည်။ သူ့ခန္ဓာကိုယ်က ခပ်ဝေးဝေးမြက်ခင်းပေါ်သို့ ကျသွားလေသည်။

နဂါးညီနောင် အာမခံအဖွဲ့ဝင်များက လို့ရုံရှမ်းနောက်သို့ ပြေးလိုက်ကြ၏။

"မလွှတ်စေနဲ့ဟေ့ .... "

"ဝိုင်းထား .... "

လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေပြီး အော်ဟစ်သံတွေ ဆူဆူညံသွားသည်။

"ဒီကောင် ပြေးမလွတ်နိုင်ပါဘူး .... "

ချူတာ့က ပြောရင်း ပြေးလိုက်သွားသည်။

ခဏအကြာတွင် နဂါးညီနောင်အဖွဲ့ဝင်များသည် လို့ရုံရှမ်းကို လုံးဝမတွေ့ကြတော့ချေ။ ပျောက်ခြင်းမလှ ပျောက်သွား၏။

လို့ရုံရှမ်းဝတ်ထားသော ဝတ်စုံဖြူကိုသာ မြေပေါ်တွင်ပုံလျက်သား တွေ့ကြရ၏။

လျှုယင်း၊ လုံပိုက်ထောင်တို့ ကိုယ်တိုင်လည်း တည်းနိုရိပ်သာ ခေါင်မိုးပေါ်သို့ နေရာအနှံ့ တက်ရှာကြသေးသည်။ အိပ်ခန်းများထဲကိုလည်း အခန်းစေ့ရှာဖွေကြသည်။

သို့သော် လို့ရုံရှမ်းကို လုံးဝမတွေ့ကြရတော့ချေ။

လုံပိုက်ထောင်က ....

"ဒီကောင်ဟာ ကိုယ်ပျောက်အတတ်များ တတ်သလား .... ဒါမှမဟုတ် မြေလျှိုးမိုးပျံတဲ့အတတ်ကိုပဲ တတ်သလားမသိဘူး .... လူတွေ ဒီလောက်ဝိုင်းထားကြတဲ့ကြားက ပျောက်ချင်းမလှ ပျောက်သွားတယ် .... "

ယခု လျှုယင်ကလည်း တွေးမိပြီ။

"လိုက်ရှာနေလို့လည်း မော့ရုံပဲရှိမယ် .... ခုဆို ဒီကောင် အတော်ဝေးဝေးကို ရောက်နေလောက်ပါပြီ .... "

ချူးတာ့ကလည်း မကျေမနပ်ဖြင့် ....

"ဘယ်လိုလွတ်ထွက်သွားသလဲဆိုတာ ကျုပ်ဖြင့်စဉ်းစားလို့ကို မရဘူး .... "

လျှုယင်က ....



"ကျွန်တော် တွေးတာမမှားဘူးဆိုရင် ဒီကောင်ဟာ အစကတည်းက သူ့ရဲ့ဝတ်စုံဖြူအောက်မှာ ကျွန်တော်တို့ နဂါးညီနောင်အာမခံအဖွဲ့သားတွေနဲ့ တူညီတဲ့ ဝတ်စုံကို ဝတ်လာလိမ့်မယ် .... ဒါကြောင့်လည်း သူဝတ်စုံဖြူကို ချွတ်ချသွားတာပေါ့ .... ကျွန်တော်တို့လူတွေကလည်း သူ့ကို ကိုယ့်လူပဲမှတ်ပြီး သတိမထားမိကြတုန်း သူထွက်ပြေးသွားမှာပဲ .... "

ချူးတာ့က တောက်တစ်ချက်ခေါက်လိုက်ပြီး ....

"တောက် .... သေချာပေါက်မိပြီလို့ တွက်ထားတာ .... လောကြီးပြီး လူစုလူဝေးနဲ့ ဖမ်းတာ .... ကျုပ်တို့အမှားဖြစ်သွားတယ် နို့မို့ဆို လွတ်မှာ မဟုတ်ဘူး .... "

လုံပိုက်ထောင်က ....

"လို့ရုံရှမ်းလို လူမျိုးက ဒီလောက်အစွမ်းထက်နေရင် လေမွေ့မှန်တိုင်းအဖွဲ့ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ .... မှန်းကြည့်လို့ရပြီ .... ကျုပ်တို့တွေ ဒီ့ထက်ပိုပြီး သတိထားကြရတော့မယ်"

လျှုယင်က ....

"ကိုင်း .... နောင်ကြီးလုံ .... လို့ရုံရှမ်းက ကျွန်တော်တို့ကို ပြတ်ပြတ်သားသား ပြောပြီးသွားပြီ .... သူ့လူတွေကိုခေါ်ပြီး ထပ်ရောက်မလာဘူးလို့ မပြောနိုင်ဘူး .... ကျုပ်တို့တွေ ခရီးဆက်ကြစို့"

သူတို့တစ်တွေ ခရီးဆက်ရန် ပြင်ဆင်ကြသည်။

မြင်းများကို ဝယ်နိုင်းလိုက်သောအဖွဲ့ကလည်း တစ်မြို့လုံး

ရှာပြီး မြင်းများကို ဝယ်ယူခဲ့ကြသော်လည်း မြင်းငါးကောင်ခန့်သာ ဝယ်၍ရခဲ့ကြ၏။ ပြီးတော့ အားကောင်းမောင်းသန်မြင်းများမဟုတ်ဘဲ မြင်းပိန်များသာ ဖြစ်လေသည်။

ဇေ့ရှဲမြို့မှ မြစ်ဝါမြစ်အထိ လှုပြတ်သော ခရီးဖြစ်လေရာ သူတို့တစ်တွေ ဤခရီးကို မြင်းများနှင့် တရကြမ်းနှင်ပါက ပို၍အဆင်မပြေဖြစ်လိမ့်မယ် .... သို့သော် သူတို့အားလုံးအတွက် မြင်းလုံလုံလောက်လောက်ရရန် နောက်ထပ်သုံးရက်ခန့် စောင့်ရမည်ကို သူတို့တွေ မစောင့်နိုင်ကြချေ။

လုံပိုက်ထောင်က စိတ်ပျက်လက်ပျက်နှင့် ပြောသည်။

"လျူယင် .... ကျုပ်တို့အတွက် မြင်းလုံလုံလောက်လောက်မှ မရှိဘဲ ဒီခရီးကို ကျုပ်တို့တွေ ဘယ်လိုသွားကြမလဲ .... "

မျက်မှောင်ကြုတ် စဉ်းစားနေသော လျူယင်က ပြုံးလိုက်ပြီး

"ကိစ္စမရှိပါဘူး နောင်ကြီးလုံ .... ခုတော့ ကျွန်တော်တို့တွေ ခြေကျင်ပဲ သွားကြတာပေါ့ .... မကြာခင် ကျွန်တော်တို့အတွက် လိုအပ်တဲ့မြင်းတွေကို ရလာမှာပါ .... ဘာဖြစ်လို့လဲဆိုတော့ အခုသွားမယ့် ခရီးလမ်းမှာ မြင်းမပါဘဲ သွားရင် .... လေပွေမုန်တိုင်းအဖွဲ့က အများကြီး အနှောင့်အယှက်ပေးနိုင်တယ်ဆိုတာ .... သူတို့သိထားကြတယ်လေ .... "

လုံပိုက်ထောင် အံ့အားသင့်သွားပြီး ....

"ဘယ်သူတို့လဲ .... "



"မြောင်ဖေးဟူတို့ပေါ့ .... "

လုံပိုက်ထောင်တို့ ပိုမိုအံ့သြသွားကြသည်။

လျူယင်၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်လည်း ဖြစ်မိကြ၏

နောက်ဆုံးတော့ သူတို့လူစုသည် ဇေ့ရှဲမြို့မှ ခရီးဆက်ခဲ့ကြလေသည်။

◈◈◈◈◈

၁၅။

---

နဂါးညီနောင်အာမခံအဖွဲ့သားများသည် မြင်းလှည်းကို စောင့်မျှာက်လိုက်ပါရင်း ခြေလျင်ခရီးနှင်ခဲ့ကြရာ ငါးလီခန့် ခရီးပေါက်လာသောအခါ လမ်းဘေးရှိ သစ်ပင်များအောက်တွင် ချည်နှောင်ထားသော မြင်းများကို တွေ့ကြရလေသည်။

မြင်းများ အားလုံးအကောင် ခြောက်ဆယ်ခန့်ရှိပြီး ကုန်းနှီးက စက်ကြိုးများလည်း အဆင်သင့်ရှိနေကြ၏။

မြင်းများ၏အနီးတွင် လူသူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ကြရချေ။

အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြ၏။

လျှူယင်၏ ခန့်မှန်းတွေးတောချက် မှန်နေသဖြင့်လည်း ဆိုဖွယ်မဲ့ မဆုံးအောင် ရှိကြသည်။



လျှူယင်က ဖြိုးပြီး ....

"ဒါကတော့ ကြိုတွေးမယ်ဆိုရင် ရပါတယ် .... လေပွေမုန်တိုင်းအဖွဲ့ ကျွန်တော်တို့ကို နောက်ပြန်လှည့်သွားဖို့ လာပြောတယ် မြှောင်ပေးဟူကတော့ ရှေ့ကို မြန်မြန်ရောက်စေချင်တယ် .... ဒါကြောင့် ကျွန်တော်တို့ ရှာမရတဲ့မြင်းတွေကို ဖန်တီးပေးလိမ့်မယ်လို့ တွက်ဆနိုင်ပါတယ် .... "

အဖွဲ့သားအားလုံး ဝမ်းသာအားရဖြင့် မြင်းတစ်ကောင်စီ ဆွဲဖြုတ်ယူကာ စီးကြသည်။

"တို့တွေအားလုံး မြင်းတွေလည်း ရကြပြီ .... ခရီးပြင်းနှင်ကြမယ် .... "

လုံပိုက်ထောင်၏ အမိန့်သံအဆုံးတွင် အဖွဲ့သားများကို တရကြမ်းစိုင်းကြပြီး ခရီးနှင်ကြသည်။

မြင်းခွာသံများမှာ လမ်းမကြီးတစ်လျှောက် ဆူညံစွာ ပေါက်သွားသည်။

◇

မြစ်ဝါမြစ်ရေသည် မိုးကောင်းကင်ထက်မှလာသည်ဟု ဆိုကြသည်။ ရေစီးသန်လွန်းလှသောကြောင့် ဖြစ်လေသည်။

မြစ်ဝါမြစ်၏ အရှေ့ဘက်ကမ်းတွင် မြို့ငယ်လေးတစ်မြို့ရှိ၏။ ကျင်းတူမြို့ပင် ဖြစ်၏။

မြစ်၏အနောက်ဘက်ကမ်းတွင်မူ ဝူပေါင်မြို့ရှိသည်။ ဝူပေါင်မြို့ရှိ ရှန်းစီးပြည်နယ် နယ်နိမိတ်တွင် ကျရောက်လေသည်။

ဝေလီဝေလင်းအချိန်တွင် လုံပိုက်ထောင်တို့လူစုသည် ကျင်းတူမြို့သို့ ဆိုက်ရောက်လာကြသည်။ သူတို့သည် မြင်းများဖြင့် ခရီးပြင်းကို လာခဲ့ရခြင်းဖြစ်၍ ညှမ်းအချိန်စောပြီး ရောက်လာကြခြင်းဖြစ်၏။

သူတို့သည် မြစ်ဝါမြစ်ဆိပ်ကမ်းကို ရောက်လာကြသည်။

ဆိပ်ကမ်းတွင် မြစ်တစ်ဖက်ကို ဖြတ်ကူးနိုင်ရန် လှေသမ္ဗန်များကို ရှာဖွေကြသည်။

မကြာမီ လှေသမားကြီးတစ်ဦး သူတို့ထံ ရောက်လာသည်။

ထိုလှေသမားကြီးမှာ နဂါးညီနောင်အာမခံအဖွဲ့ဝင် ဦးရေကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ အဖွဲ့သားများ အားလုံး မြင်းကိုယ်စီပါကြပြီး မြင်းလှည်းကြီးတစ်စီးလည်း ပါလာသောကြောင့် ဖြစ်လေသည်။



လုံပိုက်ထောင်က လှေသမားကြီးကိုခေါ်ပြီး မေးရသည်။

"ခင်ဗျားတို့မှာ လှေဘယ်နှစ်စီးရှိသလဲ .... တစ်ကြိမ်တည်းနဲ့ ကျွန်တော်တို့လူစုအားလုံးရော .... မြင်းတွေရော .... မြင်းလှည်းကိုပါ ဟိုဘက်ကမ်း ပို့ပေးနိုင်မလား .... "

လှေသမားကြီးက ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျွန်တော်တို့ရဲ့ တစ်သက်စာဖူလုံအောင် ဆရာကြီးတို့ ငွေပေးမယ်ဆိုရင်တောင် တစ်ကြိမ်တည်းနဲ့ ဆရာကြီးတို့ပြောသလို ဟိုဘက်ကမ်းကို ပို့ဖို့မလွယ်ပါဘူး .... လူတွေရော .... မြင်းတွေရော မြင်းလှည်းပါ .... တစ်ကြိမ်တည်း တင်နိုင်လောက်အောင် ကျွန်တော်တို့ဆီမှာ လှေကြီးတွေ မရှိပါဘူး .... ကျွန်တော်တို့ဆီမှာရှိတဲ့ လှေတွေက တစ်စီးကို လူဆယ်ယောက်လောက် တင်နိုင်ပါလိမ့်မယ် .... "

"ကျွန်တော်ဆိုလိုတာက လှေတစ်စီးတည်းနဲ့ ကျုပ်တို့အားလုံးကို တင်သွားဖို့ မဟုတ်ပါဘူး .... ဒီဆိပ်ကမ်းမှာရှိတဲ့ လှေတွေကို ငှားပြီး ခွဲတင်ဖို့ ပြောတာပါ .... လှေ ဘယ်လောက်ပဲရရ ငှားပြီး ကျုပ်တို့ တစ်ကြိမ်တည်း သွားချင်တယ် .... "

ထိုအခါ လှေသမားကြီးက စဉ်းစားလိုက်ပြီး ....

"ကျွန်တော်တို့ဆိပ်ကမ်းမှာ လှေကလေး ဆယ့်လေးစီးပဲရှိပါတယ် .... လှေတစ်စီးကို ဆယ်ယောက်ပဲ တင်လို့ရတယ် .... မြင်းတွေကိုတော့ တင်လို့ရမှာ မဟုတ်ပါဘူး .... မြင်းတွေ လှည်းတွေတင်နိုင်

တဲ့ လှေကြီးတစ်စီးတော့ သက်သက်ရှိပါတယ် .... ဒီလှေကြီးတောင်မှ တစ်ခါတင်ရင် မြင်းခြောက်ကောင်နဲ့ လှည်းတစ်စီးပဲ တင်လို့ရမယ်"

လျှူယင်က ဖြတ်မေးသည်။

"တကယ်လို့ လှည်းကိုမတင်ဘဲ အဲဒီလှည်းကြီးပေါ်မှာ မြင်း ချည်းပဲ တင်မယ်ဆိုရင် ဘယ်နှစ်ကောင် အများဆုံးတင်လို့ရမလဲ"

လှေသမားကြီးက ခေတ္တမျှစဉ်းစားပြီး ....

"အင်း .... ဆယ်ကောင်ပဲ တင်နိုင်မယ် .... "

"ဟိုဘက်ကမ်းကိုပို့ပြီး ဒီကိုပြန်လာမယ်ဆိုရင် .... အချိန် ဘယ်လောက်ကြာမှာလဲ .... "

"ထမင်းတစ်အိုးချက်လောက် အနည်းဆုံးကြာလိမ့်မယ် ...."

လျှူယင်က စဉ်းစားလိုက်ပြီး ....

"တကယ်လို့ အဲဒီလှေကြီးနဲ့ဆိုရင် .... မြင်းကိုးကောင် လူ ကိုးယောက်ကို တင်လို့ရမလား .... "

"ဖြစ်နိုင်ပါလိမ့်မယ် .... "

လျှူယင်က ဆုံးဖြတ်ချက်ချလိုက်ပြီး ....

"ကဲ .... ဒါဖြင့် ခင်ဗျားအမြန်သွားပြီး လှေကြီးကိုရအော စီစဉ်ပါ .... တစ်ခေါက်ကို လူကိုးယောက် မြင်းကိုးကောင်တင်မယ် သုံးခေါက်ခွဲတင်မယ် .... ဟိုဘက်ကို မြင်းတစ်ဝက် လူတစ်ဝက်ကူး ရင် ကုန်တင်လှည်းကို တင်ပြီး ကူးမယ် .... နောက်မှ ကျန်တဲ့လူ



သုံးခေါက်ခွဲတင်မယ် ဟုတ်ပြီလား .... "

"ကောင်းပါတယ် ဆရာကြီး .... "

လှေသမားကြီး ထွက်သွားမည်အပြု လျှူယင်က ....

"နေပါဦး .... ခင်ဗျားရဲ့နာမည် ဘယ်သူလဲ .... "

လှေသမားကြီးက မဆိုင်းမတွ ဖြေသည်။

"ကျွန်တော့်နာမည် စွန်းလောင်စုပါ .... "

"ဟား .... ဟား .... ဟား .... "

လျှူယင်က သဘောကျစွာ ရယ်မောလိုက်၏။ စွန်းလောင်စု ဟူသော အမိပ္ပါယ်မှာ ဖြောင့်မတ်ရိုးသားခြင်းဟူ၍ ဖြစ်သောကြောင့် ပင်။

နောက်မှ လျှူယင်က အရယ်ရပ်လိုက်ပြီး ....

"ခင်ဗျားတို့ကို နည်းနည်းပါးပါး မေးကြည့်ချင်တယ် ...."

"မေးပါ ဆရာကြီး .... "

"ဒီနေရာတစ်ဝိုက်ဟာ မြစ်ဝါမြစ်ရဲ့ နယ်နိမိတ်ပဲနော် .... "

"ဟုတ်ပါတယ် .... "

"ခင်ဗျားတို့ ကူးတို့လှေသမားတွေဟာ ဘယ်အဖွဲ့အစည်းရဲ့ က်အောက်ခံတွေလဲ .... ခင်ဗျားတို့ ဘယ်အဖွဲ့အစည်းကို ကြောက် နေရသလဲ .... "

"နဂါးနီဂိုဏ်းကိုပါ .... "

"ဩော် .... "

"ဟုတ်ပါတယ် ဆရာကြီး .... ကျွန်တော်တို့ လှေသမား တွေ အားလုံး နဂါးနီဂိုဏ်းကို အန်မတုဝံ့ပါဘူး .... သူတို့ကို လစဉ် ဆက်ကြေး မှန်မှန်ပေးနေရပါတယ် .... သူတို့ရဲ့လက်အောက်ခံ ဟုတ် ဟုတ် မဟုတ်ဟုတ် ဒီဒေသကလူတွေမှန်သမျှ ဆက်ကြေးပေးရပါ တယ် .... "

လှေသမားကြီး စွန်းလောင်စုက အသံကို နှိမ့်လိုက်ပြီး ....

"ဒါပေမယ့် စိတ်ချပါ ဆရာကြီး .... ကျွန်တော်တို့ လှေသမား တွေဟာ ကုန်သည်ပွဲစားတွေနဲ့ အဖိုးတန်ပစ္စည်းတွေကို အမြဲတမ်းပို့ ဆောင်ပေးနေကျပါ .... ဘယ်တော့မှ နာမည်ပျက်မရှိပါဘူး .... နဂါးနီဂိုဏ်းကို ဆက်ကြေးပေးရတာကလွဲပြီး သူတို့နဲ့ အဆက်အသွယ် မရှိပါဘူး .... သူတို့နဲ့ ဆက်သွယ်ပြီး ခရီးသည်တွေဆီက လုယက် တိုက်ခိုက်တဲ့ အလုပ်မျိုးတွေကိုလည်း မလုပ်ပါဘူး .... ကျွန်တော်တို့ မှာ မိုးနိုသူ သားမယားတွေနဲ့ပါ .... ဘယ်တော့မှ နာမည်ပျက်မခံပါ ဘူး .... ကျွန်တော်တို့ ကူးတို့လုပ်ငန်းကို တစ်သက်လုံး လုပ်ကြမှာ ပါ .... "

လျှုယင်၏ စိတ်ထဲတွင် လေပွေမုန်တိုင်းအဖွဲ့ကိုသာ စိုးရိမ် နေခြင်းဖြစ်လေရာ လှေသမားကြီးစွန်းလောင်စုထံမှ စကားကို ကြား လိုက်ရသောအခါ စိတ်သက်သာရာ ရသွားသည်။



လျှုယင်က ပြုံးလိုက်ပြီး ....

"ဒါနဲ့ ဒီနှစ်ရက်သုံးရက်အတွင်း နဂါးဂိုဏ်းနဲ့ ပတ်သက်လို့ ခင်ဗျားတို့မှာ ဘာသတင်းကြားကြရသေးသလဲ .... "

လှေသမားကြီး စွန်းလောင်စု ခေါင်းကိုခါယမ်းပြီး ....

"ဘာမှ မကြားရဘူး ဆရာကြီး .... အဲ .... ဒီလကုန်ရင် လှေသမားတိုင်း ဆက်ကြေးကို အပြည့်အဝပေးဖို့တော့ သတိပေးထား ပါတယ် .... ဒါကလည်း မဆန်းပါဘူးလေ .... လကုန်ခါနီးတိုင်း ဒီလို သတိပေးနေကျပါ .... "

"ကောင်းပါပြီ .... ကိုင်း ခင်ဗျားစီစဉ်စရာရှိတာသာ အမြန် ဖုံးသွားပြီး စီစဉ်ပါတော့ .... ကျွန်တော်တို့အတွက် အချိန်သိပ်နှောက် ကျနေလို့ မဖြစ်ဘူး .... "

လှေသမား စွန်းလောင်စု ခပ်သွက်သွက် ထွက်သွားသည်။

ထိုအခါမှ လျှုယင်က လုံပိုက်ထောင်ကို ခပ်တိုးတိုးပြော လိုက်သည်။

"ဒီဒေသမှာ ခေါင်းကိုးလုံးနဂါးကြီး ယန်းဖန်ရဲ့ နဂါးနီဂိုဏ်း က မင်းမူနေတယ် .... နောင်ကြီးလုံ ခုချိန်မှာ လေပွေမုန်တိုင်းအဖွဲ့ သာမကဘူး .... နဂါးနီဂိုဏ်းကိုပါ သတိထားကြရမယ် .... ကျွန်တော် တို့လူတွေ တစ်ဝက် ဟိုဘက်ကိုကူးပြီးရင် .... ကျွန်တော်တို့လေး ယောက်ကိုယ်တိုင် ကုန်တင်လှည်းကို စောင့်ပြီး လိုက်ကြမယ် ....

ကျွန်တော်တို့ ကူးနေစဉ်ကာလမှာ ကျွန်တော်တို့လူစုနဲ့ လှေသမားတွေ ကလွဲပြီး လှေပေါ်မှာ ဘယ်သူစိမ်းမှ မရှိစေရဘူး .... "

လုံပိုက်ထောင်မှာ အတော်ကလေး စိတ်လှုပ်ရှားနေပြီး သူ့စိတ်ကူးကို ပြောသည်။

"လျှုယင် .... ကျုပ်တို့တွေ နောက်ထပ် လှေကလေးတွေ ငါးစီလောက်ငှားပြီး ကုန်တင်လှည်းကိုတစ်တဲ့အခါမှာ လှေကြီး ပတ်ပတ်လည် ဒီလှေကလေးတွေကို ရံပြီး လိုက်နိုင်းရင် မကောင်းဘူးလား .... ပိုပြီး စိတ်ချသွားရတာပေါ့ .... "

လျှုယင်က ခေါင်းညိတ်ပြီး ....

"ကောင်းပါတယ် နောင်ကြီးလုံ .... သတိဆိုတာ ပိုတယ်မရှိပါဘူး .... "

မကြာမီ မြင်းနှင့်လူများ တင်နိုင်မည့် လှေကြီးတစ်စင်းမှာ သူတို့ရှိသော ဆိပ်ကမ်းကို ရောက်လာခဲ့လေသည်။

လှေကြီးပေါ်သို့ လျှုယင်နှင့် လုံပိုက်ထောင်တို့ ကိုယ်တိုင်တက်ပြီး စစ်ဆေးကြည့်ရှုကြသည်။

လှေကြီးတွင် လှော်တက်ခတ်ရင် လှေသမား ခုနစ်ဦးပါသည်။

လှေသမားခုနစ်ဦးစလုံး ဒူန်မာကြွဲနိုင်သော ခန္ဓာကိုယ်ရှိသူများဖြစ်ကြပြီး သူတို့မျက်နှာသွင်ပြင်မှာလည်း ရိုးသားခြင်းကို ပေါ်လွင်စေ၏။



လှေကြီးပေါ်တွင် ဘာတစ်ခုမှ မသင်္ကာစရာ မတွေ့ရပါချေ။ မည်သို့မှ မသင်္ကာဖွယ်ရာ မတွေ့ရတော့မှ လျှုယင်သည် သူတို့လူများကို မြစ်တစ်ဖက်ကမ်းသို့ကူးရန် အမိန့်ပေးလိုက်သည်။

◈◈◈◈◈

## ၁၆။

နဂါးညီနောင်အဖွဲ့သားများအနက် လူကိုးယောက်၊ မြင်းကိုးကောင်စီခဲ့ပြီး လှေကြီးဖြင့် သုံးကြိမ်တိတိ မြစ်တစ်ဖက်ကမ်းကို ဦးစွာပို့သည်။

လျှူယင်တို့ ဦးစီးခေါင်းဆောင်လေးယောက်မှာ ကုန်တင်လှည်းကို အမိကထားပြီး စောင့်ကြပ်နေကြ၏။

လှေကြီးသည် စတုတ္ထအခေါက် လူနှင့် မြင်းများကို ပို့ပြီးနောက် သည်ဘက်ကမ်းကို ပြန်ကူးလာသည်။

ယခုအချိန်အထိ မည်သည့်အနှောင့်အယှက် အန္တရာယ်ကိုမှ မတွေ့ရသေးချေ။ မသင်္ကာဖွယ်ရာ မမြင်ကြရသေးချေ။

လုံပိုက်ထောင်သည် ကမ်းကိုလာနေသော လှေကြီးကို ကြည့်နေရင်းမှ လျှူယင်ကို ပြောလိုက်သည်။



"အခုချိန်ထိ လေပွေမုန်တိုင်းအဖွဲ့က မလှုပ်ရှားသေးတာ အတော့်ကို အံ့ဩစရာကောင်းနေတယ် .... ကုန်တင်လှည်း ဟိုဘက်ကမ်းကို ရောက်သွားပြီးရင်တော့ သူတို့ရဲ့ရန်သူကို စိုးရိမ်စရာ မလိုတော့ဘူး .... သူတို့ရဲ့ ရန်သူကိုသာ မဟုတ်ပါဘူးလေ .... ဘယ်သူ့ရဲ့ ရန်ကိုမှ ပူပန်စရာမလိုတော့ပါဘူး .... ဟိုဘက်ကမ်းကိုရောက်တာနဲ့ ကျုပ်တို့အဖွဲ့နဲ့ ဝမ့်ခိုယွဲ့နဲ့ .... လောင်ဆွေဖုန်းတို့အဖွဲ့နဲ့ ပူးပေါင်းမိကြမှာပဲ .... "

လျှူယင်၏မျက်နှာက စိုးရိမ်စိတ် ဖုံးနေသေးပြီး ....

"အချိန်စောပါသေးတယ် .... နောင်ကြီးလုံ ကုန်တင်လှည်း ဟိုဘက်ကို မရောက်မချင်း စိတ်မချရသေးပါဘူး .... "

"ခင်ဗျားကတော့ .... အမြဲပဲ စိုးရိမ်ပူပန်နေတော့တာကိုး"

လျှူယင်က မဲ့ပြုံးပြုံးလိုက်ပြီး ....

"အခြေအနေက တကယ်စိုးရိမ်ရတဲ့ အခြေအနေမျိုးကို ရောက်နေလို့ ကျွန်တော်စိုးရိမ်နေတာပါ နောင်ကြီးလုံ .... မိုးပြိုမှာကို စိုးရိမ်တဲ့ အစိုးရိမ်မျိုး မဟုတ်ပါဘူး .... မြစ်တစ်ဖက်ကမ်းကို ကုန်တင်လှည်းရောက်သွားရင် လေပွေမုန်တိုင်းအဖွဲ့ဟာ မလုတော့ပါဘူးလို့ တိတိကျကျ သတိပေးထားလေတော့ ခုအချိန်ဟာ အရေးအကြီးဆုံး အချိန်ပါ။

လုံပိုက်ထောင်က ရယ်လိုက်ပြီး ....

"ဒီကောင်တွေ ကျုပ်တို့ပစ္စည်းကို လုယူဖို့ ဘယ်လိုမှ မကြံ

စည်နိုင်ကြတော့လို့ စိတ်ပျက်ပြီး .... နောက်ဆုတ်သွားကြပြီ ထင်ပါရဲ့ .... ”

လျှုယင် မဲ့ပြုံးပြုံးလိုက်ပြီး ....

“အင်းလေ .... နောင်ကြီးလုံပြောသလို ဖြစ်ပါစေလို့ပဲ ကျွန်တော် ဆုတောင်းပါတယ် .... ”

လှေကြီးသည် ဆိပ်ကမ်းကို ဆိုက်ကပ်လာသဖြင့် လျှုယင်သည် စကားဖြတ်လိုက်လေသည်။

လှေနှင့် ကမ်းကို အပြားကြီးသော ကုန်းပေါင်ကြီး၊ ပျဉ်းပြားကြီးများကို ထိုးကြသည်။ ပြီးနောက် အဖွဲ့ဝင်များက လှည်းကိုထိန်းပြီး လှေကြီးပေါ် ဂရုတစိုက် တင်ကြသည်။

လှေကြီးပေါ်သို့ ကုန်တင်လှည်းရောက်သွားသောအခါ လျှုယင်၊ လုံပိုက်ထောင်၊ လုံပိုက်ချန်းနှင့်ချူးတာ့တို့က လှေကြီးနှင့် ကြီးကြပ်လိုက်ပါကြသည်။

အဖွဲ့ဝင်ဆယ်ယောက်ကိုလည်း လှေကလေးငါးစင်းနှင့် လှေကြီးကို ပတ်ပတ်လည်မှ ရံစေလျက် လိုက်ပါစေသည်။

လှေကြီးပေါ်တွင်မူ လျှုယင်တို့ ဦးစီးခေါင်းဆောင် လေးယောက်နှင့်အတူ မြင်းလှည်းသမား ချင်ဖိန်းလည်းပါသည်။ အခြားသူများမှာ လှေထိုးသား ခုနစ်ယောက်တို့သာ ဖြစ်ကြ၏။

လျှုယင်တို့တစ်တွေမှာ လှေကြီးထဲတွင် အန္တရာယ်မပေါ်ပေါက်နိုင်သဖြင့် လှေကြီးပတ်ပတ်လည် ရေပြင်ကိုသာ ဂရုတစိုက်



ကြည့်ပြီး လိုက်ပါခဲ့ကြ၏။

ချင်ဖိန်းမှာ ကုန်တင်လှည်း၏ လှည်းမောင်းသူနေရာတွင်ပင် ငြိမ်သက်စွာ ထိုင်၍ လိုက်ပါလာသည်။

လှေကြီးမှာ မြစ်လယ်ကို ခပ်မှန်မှန် လှော်ခတ်လာသည်။ ဘေးပတ်ပတ်လည်မှ လှေကလေးငါးစင်းကလည်း ရံပြီး ပါလာသည်။

အားလုံး သတိကြီးစွာထားကြသည်။

မြစ်လယ်ကိုပင် ရောက်လာကြသည်။

ထိုစဉ် မြစ်အထက်ဘက်မှ လှေတစ်စင်း စုန်ဆင်းလာသည်ကို လျှုယင်က စပြီး မြင်တွေ့ရလေသည်။ လှေမှာ လှေငယ်ကလေးဖြစ်ပြီး ဘေးမှကပ်၍ စုန်လာခြင်းမျိုးမဟုတ်ဘဲ မြစ်လယ်မှပင် အရှိန်ပြင်းစွာ စုန်ဆင်းလာခြင်းဖြစ်သည်။

လှေငယ်ကလေးတွင် ပေါင်းမိုးပါသည်။

လှေကလေးမှာ လှေကြီးဆီသို့ ဦးတည်လာနေခြင်းဖြစ်သည်။

လျှုယင်က လှေကလေးဆီသို့ ကျယ်လောင်စွာ အော်လိုက်သည်။

“ပဒိတ် .... ဘယ်သူတွေလဲ .... ဘေးကိုရှောင်ပြီး သွားပါလား .... ”

သို့သော် လှေကလေးက ဘေးကို အနည်းငယ်မျှ မတိမ်းဘဲ လှေကြီးဆီသို့ ဦးတည်၍ လာမြဲလာနေသည်။

လျှုယင် ထိတ်ခနဲဖြစ်သွားပြီး ဓားကိုဆွဲထုတ် ကိုင်လိုက်သည်။

"အားလုံး သတိထားကြ .... "

ကျွန်လူများလည်း သူတို့၏လက်နက်အသီးသီးကို ဆွဲထုတ်လိုက်ကြ၏။

လှေကြီးပေါ်မှ လှေသမားများကလည်း စိုးရိမ်စိတ်ဖြင့် အော်ပြောကြသည်။

"ဟိတ် .... ဟိုလှေပေါ်ကလူတွေ သေချင်လို့လား ...."

"ပဲ့ကို ထိန်းပြီး ရှောင်လေ .... တိုက်မိလို့ ခက်နေဦးမယ်"

လှေငယ်ပေါ်ရှိ ပေါင်းမိုးထဲမှ ဝါးလုံးရှည်ကြီးကို ကိုင်ထားသော လူတစ်ယောက် ထွက်လာသည်။ သူက မြစ်ရေထဲကို ဝါးလုံးဖြင့် ထိုးရင်း ပြန်အော်ပြောသည်။

"ကျွန်တော်တို့လှေ ပဲ့ကျိုးသွားပါတယ် .... ဘယ်လိုမှ ထိန်းမရအောင် ဖြစ်နေပါတယ် .... ဝိုင်းပြီး ကူညီပေးကြပါဦး .... "

လှေကြီးပေါ်မှ လှေသမားကြီးစွန်းလောင်စုက ပြန်အော်ပြောသည်။

"ဟာ .... ရေလယ်ခေါင်မှာ ပဲ့ကျိုးသွားတော့ လျှောက်တိုက်ကုန်မှာပေါ့ .... ကိုင်းဟေ့ .... တို့လှေနဲ့ ဒီလှေမတိုက်မိအောင် ဝိုင်းလုပ်ကြစမ်းပါဦး .... "

လှေကြီးပေါ်မှ လှေသားအချို့က ဝါးလုံးရှည်ကြီးကို ဆွဲယူ



ကြ၏။ သူတို့လှေကြီးဆီရောက်လာမည့် လှေငယ်ကို ဝါးလုံးရှည်ကြီးများဖြင့် ဝိုင်းတွန်းထုတ်ရန် ဖြစ်လေသည်။

လျှုယင်တို့အားလုံးမှာ လှေကလေးဆီသို့သာ အာရုံရောက်နေကြသည်။ မျက်ခြည်မပြတ် ကြည့်နေကြ၏။

ထိုလှေကလေးမှာ လေပွေမုန်တိုင်းအဖွဲ့က ပရိယာယ်တစ်မျိုးဆင်၍ လွှတ်လိုက်သော လှေဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

လျှုယင်သည် လက်နက်ပုန်းသုံးလေးခုကို ဘယ်လက်မှ ဆုပ်ကိုင်ထားပြီး ညာလက်က ဓားကိုကျစ်ကျစ်ပါအောင် ကိုင်ထားသည်။

လှေကလေးမှာ ထိန်းမရ သိမ်းမရဖြစ်ကာ လှေကြီးအနီးကို ရောက်လာသည်။ လှေကလေးပေါ်တွင် လူနှစ်ယောက်သာပါကြောင်း မြင်ကြရ၏။

အဘိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက် ဖြစ်၏။ သူတို့နှစ်ယောက်စလုံး စိုးရိမ်ကြောက်လန့်စွာဖြင့် လှေကြီးပေါ်မှ လျှုယင်တို့အား သူတို့လှေကို တွန်းထုတ်ပေးပါရန် အကူအညီတောင်းနေကြ၏။

လျှုယင်လည်း စိုးရိမ်စိတ် အနည်းငယ်လျော့သွားပြီး သူ၏လက်နက်ပုန်းများနှင့် ဓားကို ပြန်သိမ်းလိုက်သည်။

လှေငယ်ပေါ်မှ လူငယ်မှာ သူတို့လှေကလေးနှင့် လှေကြီးကို မတိုက်မိစေရန် လှေကြီးကို ဝါးလုံးရှည်နှင့် ထောက်ထားသည်။ လှေကြီးပေါ်မှ လှေသမားအချို့ကလည်း သူတို့၏ လက်ထဲမှ ဝါးလုံးရှည်များနှင့် လှေငယ်ကို တွန်းထုတ်နေသည်။

လျှုယင်သည် လှေသမားတစ်ဦး၏လက်ထဲမှ ဝါးလုံးရှည်ကြီးတစ်လုံးကို ယူလိုက်ပြီး လှေကလေး၏လှေဦးကို အားစိုက်အားတွန်းထိုးလိုက်သည်။ လှေဦးမှာ တစ်ဖက်လည်သွားပြီး လှေကြီးနှင့်လွတ်သွားလေတော့၏။

"ဟာ .... ဟုတ်ပြီ .... ဟုတ်ပြီ .... "

"လွတ်သွားပြီဟေ့ .... လွတ်သွားပြီ .... "

လှေသမားများအားလုံး ဝမ်းသာအားရ အော်ကြသည်။

လှေကလေးက မြစ်လယ် အတိုင်းဆက်ပြီး မျောပါသွားသည်။

ထိုအခါမှ တစ်ချိန်လုံး စိုးရိမ်ပူပန်စိတ်နှင့် မျက်စိမျက်နှာပျက်နေသည့် လုံပိုက်ထောင်သည် သက်ပြင်းကိုချနိုင်ပြီး ပြုံးလာနိုင်တော့၏။

"ဟူး .... တော်ပါသေးရဲ့ .... ကျုပ်က လေပွေမုန်တိုင်းအဖွဲ့က ပရိယာယ်ဆင်တာလို့ ထင်နေမိတာ .... အခုတော့ သူတို့က တကယ်ဒုက္ခရောက်နေကြတဲ့ လူတွေပဲ .... "

ချူးတာ့ကလည်း ခေါင်းကို ညိတ်ပြီး ....

"ဟုတ်တယ် .... ကျုပ်လည်း တိုက်ပွဲဖြစ်ရပြီလို့ ထင်နေတာ .... "

"လျှုယင် တွန်းထိုးလိုက်လို့ပေါ့ .... နို့မို့ လှေချင်းရိုက်မိပြီး လှေကလေး ဒုက္ခဖြစ်သွားနိုင်တယ် .... "

လျှုယင်ကလည်း ပြုံးလိုက်ပြီး ....



"ရေလယ်မှာ ဒီလိုအဖြစ်မျိုးတွေ ဖြစ်တတ်ပါတယ် .... ဒီအချိန်အထိ လေပွေမုန်တိုင်းအဖွဲ့ဟာ ပေါ်မလာသေးတော့ နောင်ကြီးလုံပြောသလို စိတ်ပျက်ပြီး နောက်ဆုတ်သွားရှာသလားလို့တောင် ကျွန်တော်လည်း တွေးမိလာပြီ .... "

လုံပိုက်ထောင်က ....

"ဒီတစ်ခေါက် တာဝန်ယူပြီး ပို့ရတဲ့ပစ္စည်းဟာ တန်ဖိုးကြီးသလို သိပ်ပြီး ကာဝန်ကြီးတာပဲ .... ခင်ဗျားတို့တစ်တွေ ဝိုင်းပြီး ကူညီကြလို့ပေါ့ .... ကျုပ်တော့ ထိန်ယန်းဖူမြို့ကိုရောက်ပြီး ပိုင်ရှင်လက်ထဲ ဒီပစ္စည်းပေးအပ်ပြီးရင်တော့ ဒီလိုအလုပ်မျိုးကို နောက်ဘယ်တော့မှ မလုပ်တော့ဘူး .... အေးအေးဆေးဆေး လောဘမကြီးဘဲ လုပ်မှဖြစ်တော့မယ် .... "

သူတို့သည် စကားကို ဖြတ်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို ကြည့်နေလိုက်ကြပြန်သည်။

သိပြီး လှေကြီးမှာ တစ်ဖက်ကမ်းကို ဆိုက်ရောက်လာလေတော့သည်။

ဆိပ်ကမ်းပေါ်တွင် မိမိတို့အဖွဲ့သားများ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို လုံပိုက်ထောင် လှမ်းမြင်နေရသည်။ မြင်းလှည်းတစ်စီးရပ်ထားသည်ကိုလည်း တွေ့ရလေသည်။

မြင်းလှည်းမှာ လှည်းကြမ်းကြီးဖြစ်ပြီး အမိုးပါရှိကာ ဘေးပတ်လည်မှ အကာများကိုလည်း ချထားသည်။

မြင်းလှည်းမောင်းသူနေရာတွင် ဆံပင်များ၊ မုတ်ဆိတ်မွေးများ မွေးမွေးဖြူနေပြီဖြစ်သော အဘိုးအိုတစ်ယောက်ထိုင်နေသည်။ ထိုအဘိုးအိုနှင့် အဖွဲ့တာဝန်ခံခေါင်းဆောင်သုံးယောက်မှာ စကားအခြေအတင်များနေကြောင်း လုံပိုက်ထောင် တွေ့ရလေသည်။

လှေကြီးဆိုက်လျှင်ဆိုက်ချင်း လုံပိုက်ထောင်က ကမ်းပေါ်ကို ဦးဆုံးဆင်းပြီး အဘိုးအို၏ မြင်းလှည်းဆီကို လာခဲ့သည်။ ပြီးမှ သူလူတွေကို မေးသည်။

"ဘာဖြစ်နေကြတာလဲဟေ့ .... "

အဖွဲ့ခေါင်းဆောင်က လုံပိုက်ထောင်ကို ရိုရိုသေသေ ပြန်ပြောလိုက်သည်။

"ဆရာကြီး .... ဒီအဘိုးကြီးက သူ့မြင်းလှည်းကို အတင်းမောင်းဝင်လာပြီး အခုဆိုက်လာတဲ့ လှေကြီးနဲ့ ဟိုဘက်ကမ်းကို ကူးမယ်လို့ အတင်းပြောနေတယ် .... ကျွန်တော်က ဟိုဘက်ကမ်းမှာ ကျန်နေသေးတဲ့ ကျွန်တော်တို့လူတွေအားလုံး ဒီဘက်ကမ်းကူးပြီးမှ ရမယ်လို့ ပြောနေတာ အဘိုးကြီးက လက်မခံဘူး .... မောင်းထုတ်လို့လည်း မသွားဘူး .... သက်ကြီးရွယ်အိုတစ်ယောက်ဖြစ်နေလို့ ကျွန်တော်တို့ကလည်း ရိုက်မထုတ်ချင်ဘူး .... "

လုံပိုက်ထောင်က အဘိုးကြီးကို သေချာစွာကြည့်လိုက်သည်။ အသက်ခြောက်ဆယ်ခန့်ရှိပြီး ပိန်လှီသော ခန္ဓာကိုယ်လည်းရှိ၏။



အဘိုးကြီးက ဒေါသတကြီးဖြင့် အဖွဲ့ခေါင်းဆောင်ကို အော်ပြောသည်။

"မင်းတို့တွေ မောင်းထုတ်စရာ မလိုဘူး .... ဒီကူးတို့လှေကြီးဟာ မင်းတို့ပိုင်တဲ့ လှေလည်းမဟုတ်ဘူး .... မင်းတို့တွေက အဖိုးအခပေးပြီး ကူးသလို ငါကလည်း တန်ရာတန်ဖိုးပေးပြီး ဟိုဘက်ကမ်းကို ကူးမှာပဲ .... မင်းတို့အားလုံး လူကုန်အောင် ဘယ်နည်းနဲ့မှ ငါမစောင့်နိုင်ဘူး .... ငါလည်း ဟိုဘက်ကမ်းကို မြန်မြန်ရောက်ချင်တာပဲ"

အရေးထဲ အရာပေါ်နေသဖြင့် လုံပိုက်ထောင်က အဘိုးကြီးကို စူးစူးဝါးဝါးကြီး ကြည့်ပြီး လေသံမာမာဖြင့် ပြောလိုက်၏။

"ခင်ဗျားရဲ့မြင်းလှည်း နောက်ဆုတ်နေရင် .... ကောင်းလိမ့်မယ် .... "

အဘိုးကြီးက လေသံကို အနည်းငယ် လျှော့လိုက်ပြီး ....

"မောင်ရင်က ဒီအဖွဲ့က ခေါင်းဆောင်လား .... ကျုပ်ရဲ့မြင်းလှည်းကို ဘာဖြစ်လို့ နောက်ဆုတ်ရမှာလဲ .... "

လုံပိုက်ထောင်က ....

"ဒီလှေကြီးကို ကျွန်တော်တို့လူတွေ မြင်းတွေ အကုန်လုံးကူးပြီးတဲ့အထိ ဘယ်ခရီးသည်ကိုမှ မ,တင်ဖို့ စင်းလုံးငှားထားတာဒီတော့ ကျွန်တော်တို့ လူမကုန်သေးဘဲနဲ့ ခင်ဗျားကူးလို့ မဖြစ်ဘူး ကျွန်တော်တို့ ကူးပြီးမှ ခင်ဗျားတို့ ဘယ်နှစ်ခေါက် ကူးကူး .... "

လှေကြီးပေါ်မှ ကုန်တင်လှည်းကိုချပြီးပြီဖြစ်၍ လျှယင်လည်း

လုံပိုက်ထောင်အနီးသို့ ရောက်လာသည်။

အဘိုးအို ဒေါသဖြစ်လာပြန်ပြီး လုံပိုက်ထောင်ကို ပြောသည်။

"မင်းတို့တစ်တွေ ဟိုဘက်ကမ်းက ဒီဘက်ကမ်းကိုမြင်းတွေ လှည်းတွေ တင်လာတာကို ငါမပြောလိုပါဘူး .... ဒီဘက်ကမ်းက လည်း ပြန်တင်မယ်ဆိုရင်လည်း ငါမပြောလိုပါဘူး .... ခုတော့ ဒီ ဘက်ကမ်းက ဟိုဘက်ကမ်းကို လှေကြီးဟာ အလွတ်ပဲပြန်ရမှာ .... ဒါတောင် ငါ့လှည်းကို တင်မသွားနိုင်ဘူးဆိုတော့ မင်းတို့ ခရီးသည် အချင်းချင်း သက်သက်ကတ်တာပဲ .... လှေအလွတ်ချည်းပဲ ပြန်သွား မယ့်အစား ငါ့ရဲ့မြင်းလှည်းကို တင်သွားတော့ကော ဘာဖြစ်သွားမလဲ မင်းတို့က ငွေကြေးတတ်နိုင်တယ်ဆိုပြီး သက်သက်အနိုင်ကျင့်တာ လား .... "

လျူယင်က ကြားဝင်ပြီး ပြောရတော့၏။

"နောင်တော်ကြီးမှာ ဘယ်လိုအရေးတကြီးကိစ္စရှိနေလို့ ကျွန် တော်တို့ ပြီးအောင်မစောင့်နိုင်တာလဲ .... "

အဘိုးကြီးက ....

"အရေးကြီးပါပြီလားကွ .... ကျုပ်ရဲ့ သမက်ဟာ ပင်းယန် မြို့မှာ အလုပ်သွားလုပ်နေရင်း အခုဆို နေမကောင်းလို့ သေလုမြောပါ ဖြစ်နေတယ် .... ဒီသတင်းကို ကျုပ်တို့ကြားရလို့ အမြန်ဆုံးရောက်ချင် နေတာပေါ့ .... အသက်မီဖို့အတွက် ဘယ်လောက်အရေးကြီးတယ်ဆို တာ မင်းတို့သိဖို့ကောင်းတယ် .... "



လူတစ်ယောက်ငံသေခါနီးတွင် အသက်မီတောင် ရောက်နိုင် ရေးမှာ အရေးကြီးလှကြောင်း လျူယင်လည်း တွက်ဆမိလေသည်။

အဘိုးကြီးက ဆက်ပြောသည်။

"ကျုပ်မှာ သမီးလေးတစ်ယောက်ပဲရှိတယ် .... ကုသိုလ်ကံ ကောင်းလွန်းလို့ ယောကျ်ားကောင်းရတာ .... ကျုပ်တို့သားအဖနှစ် ယောက်နဲ့ မြေးလေးကို ကျုပ်သမက်က လုပ်ကိုင်ကျွေးမွေးနေတာ ဒီတော့ သေလုဆဲဆဲဖြစ်နေတဲ့ ကျုပ်ရဲ့ သမက်အတွက် ကျုပ်မပူဘဲ နေပါ့မလား .... ကျုပ်နဲ့ ပါလာတဲ့ ကျုပ်သမီးလေးကလည်း သူ့ယော ကျ်ားကို ဒီလိုအချိန်မျိုးမှာ ဘယ်လောက် တွေ့ချင်ရှာမလဲဆိုတာ မင်း တို့ ကိုယ်ချင်းစာကြည့်ပါ .... "

အဘိုးကြီးမှာ ပြောရင်း စိတ်မချမ်းမသာဖြစ်လာပြီး မျက်ရည် များပင် ကျလာလေသည်။

ဒေါသကြီးတတ်သလောက် သနားတတ်သော ချူးတာ့က လျူယင်ကို တိုးတိုးပြောလိုက်သည်။

"လျူယင် .... ကျုပ်တို့ရဲ့ ပစ္စည်းလှည်းလည်း ဒီမှာရောက် နေပြီပဲ .... ဒီအဘိုးကြီးကလည်း တကယ့်အရေးကြီးနေလေတော့ လှေကြီးကို ဒီအတိုင်း ပြန်လွှတ်မယ့်အစား တင်ခေါ်သွားပါစေလား"

ပစ္စည်းတင်မြင်းလှည်းကို သည်ဘက်ကမ်းတွင် သူတို့နှင့် အတူရှိနေပြီဖြစ်သည်။ လှေကြီးပေါ်တွင် အဘိုးကြီးမြင်းလှည်းကို တင် ခေါ်သွားရုံနှင့် မည်သို့မှ အန္တရာယ်မရှိနိုင်ကြောင်း လျူယင်လည်း

တွေးမိပြီး ခေါင်းညိတ်သဘောတူလိုက်၏။

"ကောင်းပြီလေ .... အဘိုးကြီးနှင့် သူ့မြင်းလှည်းကိုတင်ခေါ်သွားပါစေ .... "

လုံပိုက်ထောင်က မြင်းလှည်းရှေ့တွင် ပိတ်ရပ်နေသော သူ့လူများကို လက်ဆွဲယမ်းပြလိုက်သောအခါ အားလုံးဘေးကို ဖယ်ပေးကြသည်။

လျူယင်က သတိရပြီး မြင်းလှည်းကို မောင်းလှဆဲဆဲ အဘိုးကြီးကို တားလိုက်၏။

"နေပါဦး .... "

"ဘာဖြစ်ပြန်ပြီလဲ မောင်ရင် .... "

လျူယင်က အဘိုးကြီးကို ပြန်မပြောဘဲ လုံပိုက်ထောင်ထံကို လျှောက်လာပြီး တီးတိုးပြောလိုက်၏။

"မြင်းလှည်းထဲမှာ ဘာရှိသလဲဆိုတာ နောက်ဘက်က တစ်ဆိတ်သွားကြည့်လိုက်ပါဦး .... နောင်ကြီးလုံ ပိုပြီးစိတ်ချရတာပေါ့"

လုံပိုက်ထောင် ခေါင်းညိတ်ပြီး မြင်းလှည်းနောက်ကို လျှောက်သွား၍ ချထားသော ပိတ်စကို အသာဟပြီး အတွင်းဘက်ကို ကြည့်လိုက်ရာ ....

"အမေ့ .... "

မြင်းလှည်းအတွင်း စူးစူးရှရှ အော်လိုက်သော အမျိုးသမီးတစ်ယောက် အော်သံပေါ်လာပြီး လုံပိုက်ထောင်လည်း မျက်လုံးအပြူး



သားနှင့် နောက်ကိုခုန်ဆုတ်လိုက်လေသည်။

လုံပိုက်ထောင် မျက်နှာကြီးနီသွားပြီး ရှက်ကိုးရှက်ကန်းမျက်နှာဖြင့် ဘေးဘီကို တစ်ချက်ကြည့်လိုက်၍ အဘိုးကြီးကို အော်ပြောလိုက်၏။

"သွားတော့ အဘိုးကြီး .... "

အဘိုးကြီးက ကျာပွတ်ကို ရွှမ်းခနဲ ရိုက်လိုက်ပြီး လှေကြီးဆီသို့ မြင်းလှည်းကို မောင်းထွက်သွားသည်။

သူသည် ကျွမ်းကျင်စွာပင် လှေကြီးပေါ်သို့ မြင်းလှည်းကို မောင်းဆင်းသွားလေသည်။

လျူယင်က မျက်နှာကြီးနီပြီး အမူအရာပျက်နေသော လုံပိုက်ထောင်ကို မေးလိုက်၏။

"နောင်ကြီးလုံ .... မြင်းလှည်းထဲမှာ ဘာတွေ့လို့လဲ .... "

လုံပိုက်ထောင်က ခေါင်းကိုခါယမ်းပြီး ....

"မေးမနေပါနဲ့ဗျာ .... အမျိုးသမီးတစ်ယောက်ကိုတွေ့တာပါ .... "

ချူးတာ့ကလည်း သိချင်စိတ်ကို မျိုသိပ်နိုင်ဘဲ ဝင်မေးသည်။

"အမျိုးသမီးတွေ့တာ များဗျာ .... ခင်ဗျားကြည့်ရတာ တစ္ဆေသရဲကို မြင်ရတဲ့အတိုင်းပဲ .... နေပါဦး အဲဒီအမျိုးသမီးက ဘာလုပ်နေလို့လဲ .... "

"ကလေးနို့တိုက်နေလို့ဗျို့ .... နို့တိုက်နေလို့ .... "

"ဟား .... ဟား .... ဟား .... ဟား .... "

လုံပိုက်ထောင်စကားကြောင့် အဖွဲ့ဝင်များမှာ စိတ်ကိုထိန်းမထားနိုင်ကြတော့ဘဲ ဝိုင်းရယ်ကြလေတော့သည်။ လုံပိုက်ထောင်က စိတ်တိုတိုနှင့် အော်ထုတ်လိုက်တော့မှ ကိုယ့်တာဝန်ရှိရာသို့ အသီးသီး ထွက်ခွာသွားကြလေတော့သည်။

◇◇◇◇◇

## ၁၇။

အဘိုးအိုး၏မြင်းလှည်းကို တင်လာသောလှေကြီးမှာမြစ်လယ်သို့ ရောက်ရှိလာသည်။

ထိုအခါမှ မြင်းလှည်းပေါ်တွင်ထိုင်နေသော အဘိုးအိုသည် လှေထဲသို့ ခုန်ဆင်းလိုက်သည်။ ပြီးမှ လှည်းထဲကို လှမ်းပြောသည်။

"ညီမလေး ကျို .... ထွက်လာပြီး ကူညီပါဦး .... "

မြင်းလှည်းအတွင်းမှ ဝတ်စုံစိမ်းဝတ်ဆင်ထားသော အသက်နှစ်ဆယ့်ရှစ်နှစ်၊ နှစ်ဆယ့်ကိုးနှစ်ခန့်ရှိသော အမျိုးသမီးတစ်ယောက် ထွက်လာသည်။ သူမသည် အဘိုးအိုကို ပြုံးရွှင်စွာ ပြောသည်။

"အစ်ကိုကြီးဇေ့ .... စောစောက ဟိုအာမခံဌာနက အဖွဲ့သားတွေနဲ့ အစ်ကိုကြီးဇေ့ တစ်ပွဲတစ်လမ်းတော့ တိုက်ခိုက်ကြရပြီလို့ ကျွန်မတောင် တွေးမိပြီး စိုးရိမ်နေတာ .... "

လှေနံရံများမှာ မြင့်မားလွန်းလှသဖြင့် တစ်ကြောင်း၊ လှေကြီးမှာ မြစ်လယ်သို့ ရောက်နေ၍တစ်ကြောင်း၊ ကမ်းနှစ်ဖက်စလုံးတွင်ရှိနေသော အာမခံဌာနအဖွဲ့ဝင်များသည် အဘိုးကြီးနှင့် အမျိုးသမီးကို တွေ့ကြရမည် မဟုတ်ချေ။

ထို့နောက် အဘိုးကြီးနှင့် အမျိုးသမီးတို့သည် မြင်းလှည်းအောက်ကို ငုံ့ဝင်သွားကြသည်။ မြင်းလှည်းအောက်တည့်တည့်တွင် အကြောင်းမသိသူများအဖို့ မရိပ်မိနိုင်သော အံဖုံးတံခါးတစ်ချပ်က ရှိနေသည်။

အဘိုးကြီးနှင့် အမျိုးသမီးတို့သည် အံဖုံးတံခါးကို တွန်းဖွင့်ကြသည်။ ပြီးနောက် .... မြင်းလှည်းအောက်ဘက် ကြမ်းခင်းပြင်ကိုလည်း တွန်းဖွင့်ကြသည်။

မြင်းလှည်းအောက်နှင့် လှေကြမ်းခင်းပြင်တွင် အပေါက်ကြီးတစ်ပေါက်စီ ပေါ်လာသည်။

လှေ၏ အပေါက်အောက်ဘက်မှာ လှေဝမ်းဖြစ်၏။ လှေဝမ်းထဲတွင် သေတ္တာတစ်လုံးကို မြင်ရသောအခါ အဘိုးကြီးနှင့် အမျိုးသမီးတို့က လိုက်လှဲစွာ ပြုံးလိုက်၏။

သူတို့နှစ်ယောက်သည် သေတ္တာကြီးကို အားကုန် မ,ယူကြပြီး မြင်းလှည်းအပေါက်မှ မြင်းလှည်းအတွင်းသို့ ထည့်သွင်းကြသည်။ သေတ္တာကြီးမှာ လွန်စွာလေးလံလှသည်။



ထို့နောက် .... သူတို့သည် လှေကြမ်းခင်းမှ အပေါက်ကြီးကို အံဖုံးတံခါးဆွဲ၍ ပြန်ပိတ်ကြပြီး မြင်းလှည်းမှ အပေါက်ကိုလည်း ဆွဲပိတ်လိုက်ကြ၏။

အဘိုးကြီးနှင့် အမျိုးသမီးတို့သည် မြင်းလှည်းအောက်မှ ပြန်ထွက်ခဲ့ကြပြီး ဝမ်းသာအားရ ပြုံးရယ်လိုက်ကြ၏။

အမျိုးသမီးက ရွှင်ပျစွာ ပြောသည်။

"ဉာဏ်ကြီးရှင်လူငယ်တစ်ယောက်တော့ ခံလိုက်ရပြီ အစ်ကိုကြီးရေ .... ကျွန်မတို့ရဲ့ ဉာဏ်စွမ်းရည်ကိုတော့ သူမယှဉ်နိုင်ပါဘူး"

အဘိုးကြီးက ပြုံးရယ်ရင်း ....

"တို့တစ်တွေ ဒီလိုအစီအစဉ်ရှိတယ်ဆိုတာ လူငယ်က ဘယ်ရိပ်မိနိုင်ပါ့မလဲ .... မြောင်ဖေးဟူကလည်း ပစ္စည်းတင်တဲ့ လှည်းတစ်ဖက်ကမ်းကို ရောက်သွားလို့ သူတို့တော့ ပိုင်ပြီဆိုပြီး ဝမ်းသာနေမှာပဲ .... "

အဘိုးကြီးက လှေသမားကြီး စွန်းလောင်စုနှင့် လှေသမားများကို လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့အားလုံးလည်း ဒီကိစ္စပြီးရင် ကူးတို့လုပ်ငန်းကို ဆက်မလုပ်ကြပါနဲ့လို့ အစ်ကိုကြီးက မှာလိုက်တယ် .... ရင်းနှီးစားသောက်ဖို့ ငွေကိုလည်း ပေးလိုက်တယ် .... "

လှေသမားကြီး စွန်းလောင်စုက ကျိုးနွံစွာ ဦးညွှတ်လိုက်ပြီး

"ကောင်းပါပြီ ခင်ဗျာ .... ကျွန်တော်တို့တစ်တွေ အားလုံး သခင်ကြီးအိုယိဝမ်းရဲ့အမှာစကားအတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးပါ့မယ် .... "

မကြာမီ လှေကြီးလည်း အရှေ့ဘက်ကမ်းကို ဆိုက်ကပ်လာသည်။

အရှေ့ဘက်ကမ်းမှ လှေကြီးကို စောင့်နေကြသော ရွှေနဂါးညီနောင်အဖွဲ့သားများမှာ လှေကြီးပေါ်တွင် အဘိုးအိုနှင့် မြင်းလှည်းကို မြင်ကြရသောအခါ အံ့အားသင့်နေကြသည်။ သို့သော် ချက်ချင်းပင် အနောက်ဘက်ကမ်းမှ သူတို့၏ဦးစီးခေါင်းဆောင်များက ခွင့်ပြု၍သာ လိုက်ပါလာခြင်းဖြစ်လိမ့်မည်ဟု တွေးမိကြသည်။

လှေကြီးကမ်းကို ဆိုက်သည်နှင့် အဘိုးကြီးလည်း မြင်းလှည်းကို ကမ်းပေါ်သို့ ကျွမ်းကျင်စွာ မောင်းတက်ခဲ့သည်။

ထို့နောက် ရပ်မနေတော့ဘဲ ဆိပ်ကမ်းမှ မြင်းလှည်းကို မောင်းထွက်သွားလေတော့သည်။

နဂါးညီနောင်အဖွဲ့သားတို့မှ အဘိုးကြီးနှင့် မြင်းလှည်းကို ဂရုစိုက်မနေနိုင်ကြတော့ဘဲ လှေကြီးပေါ်သို့ တက်ကြသည်။

ဆိပ်ကမ်းနှင့် ခပ်လှမ်းလှမ်းတွင် လက်ဖက်ရည်ကြမ်းဆိုင်ကလေးတစ်ဆိုင်ရှိနေသည်။

အဘိုးအို မောင်းနှင်လာသော မြင်းလှည်းက ထိုလက်ဖက်



ရည်အကြမ်းဆိုင်ကလေးရှေ့မှ ဖြတ်၍မောင်းသွားသည်။

လက်ဖက်ရည်ဆိုင်ရှေ့နားတွင် ထိုင်နေသော လူငယ်တစ်ယောက်မှာ မြင်းလှည်းကျော်လွန်သွားသည်နှင့် ခပ်အေးအေးပင် လမ်းပေါ်ကို ထွက်လာလေသည်။ ထိုလူငယ်မှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်သာရှိပြီး စာပေသမားဝတ်စုံကို ဝတ်ဆင်ထားသည်။

စာပေဝတ်စုံနှင့် ထိုလူငယ်၏ မျက်နှာမှာ တည်ငြိမ်အေးဆေးလှပြီး ရိုးသားဖြောင့်မတ်သောအသွင်အပြင်မျိုးလည်း ရှိလေသည်။

တကယ်တော့ ထိုလူငယ်သည် အချိန်တော်တော်ကြာကပင် ဆိပ်ကမ်းဘက်သို့ လှည့်ကြည့်ပြီး ဆိုင်ရှေ့တွင် ထိုင်နေခဲ့ခြင်းဖြစ်၏။ သူ့အမူအရာက အဘိုးကြီးမောင်းလာသော မြင်းလှည်းကိုပင် စောင့်နေသလိုလို။

သို့သော် ဆိုင်ရှေ့မှ မြင်းလှည်းဖြတ်သွားသော်လည်း စာပေသမားဝတ်စုံနှင့် လူငယ်က လှမ်းမခေါ်ချေ။

လမ်းမပေါ်သို့အရောက်တွင် သူသည် အဝေးကိုရောက်နေသွားသော လှည်းနောက်မြီးကို ခဏမျှ ကြည့်နေသေးသည်။ ထို့နောက် လှည်းသွားရာလမ်းအတိုင်း ခေါင်းကိုငုံ့ပြီး ခပ်ဖြည်းဖြည်းလျှောက်လာသည်။

သူသည် လမ်းကိုလျှောက်နေရင်းမှ မျက်စိလျှင်လျှင်ထားကာ တစ်စုံတစ်ခုကို ရှာဖွေနေသည်။

ခဏအကြာတွင် သူသည် လမ်းမပေါ်တွင် အရောင်တလက်လက်တောက်ပနေသော အရာဝတ္ထုကလေးတစ်ခုကို မြင်ရပြီး သူ့မျက်နှာက ကျေနပ်ဝမ်းသာသွားသည်။

ထိုအရာဝတ္ထုလေးကို ကောက်ယူလိုက်၏။ အရောင်တောက်ပနေသော ဖန်ကွဲစလေးတစ်ခုသာ ဖြစ်သည်။ နေရောင်ကြောင့် ဖန်ကွဲစလေးမှာ ပိုပြီးတောက်ပနေလေသည်။

စာပေသမားဝတ်စုံနှင့် လူငယ်သည် ဖန်ကွဲစလေးကို အဖိုးတန်သော ကျောက်မျက်ရတနာတစ်ခုသဖွယ် တင်းတင်းဆုပ်ကိုင်ထားသည်။ ပြီးမှ သူသည် တီးတိုးရေရွတ်လိုက်၏။

"အင်း .... မှန်းတဲ့အတိုင်းတော့ ဖြစ်လာပြီ .... "

သူသည် ခြေလှမ်းကျဲကျဲဖြင့် လှမ်းကာ မြင်းလှည်းသွားရာနောက်သို့ လိုက်သွားလေသည်။

အဘိုးကြီးမောင်းလာသော မြင်းလှည်းမှာ မြောက်ဘက်ကို ချိုးကွေ့လာသည်။ ကျယ်ဝန်းသော လမ်းမကြီးကို ရောက်လာပြီဖြစ်သဖြင့် အဘိုးကြီးက မြင်းများကို တရကြမ်းမောင်းသည်။

ဆယ်လီခန့်ခရီးကို ရောက်လာသောအခါ လမ်းခွဲကလေးကို တွေ့ရ၏။

အဘိုးကြီးသည် သူ့မြင်းလှည်းကို အနောက်ဘက်သို့ သွားရာ လမ်းခွဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ထိုနေရာမှာ လူသူပြတ်လပ်



သော ဖြတ်လမ်းကလေးဖြစ်၏။

လမ်းကလေးအတိုင်း အနောက်မြောက်ဘက်ဆီသို့ ငါးလီခန့် မောင်းခဲ့သည်။

လမ်းနှစ်ခွဆုံရာကို ရောက်လာပြန်သည်။

ထိုနေရာအရောက်တွင် ညနေစောင်းနေပြီဖြစ်၏။

ဘယ်ဘက်လမ်းမှာ လမ်းမကြီးဖြစ်ပြီး မြစ်ဘက်အထိပေါက်သည်။ ညာဘက်လမ်းမှာ လှည်းလမ်းဖြစ်လေသည်။ ထိုလှည်းကလေးမှာ မြောက်ဘက်တည့်တည့်ကို ရှေ့ရှုနေသည်။

အဘိုးကြီးသည် ထိုလှည်းလမ်းကို ချိုးကွေ့ပြီးမောင်းလာရာ မကြာမီ ဇရပ်ပျက်ကလေးတစ်ဆောင်ရှေ့ကို ရောက်လာသည်။

ဇရပ်ပျက်ထဲတွင် သစ်သားပုံးကလေး တစ်လုံးရှိပြီး သစ်သားပုံးပေါ်တွင် ရေနွေးကြမ်းဟူသော စာကို ရေးထားသည်။

အဘိုးကြီးသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းပြီး ပုံးအနီးမှ မှုတ်ခွက်ကို ကောက်ယူကာ ပုံးထဲမှ ရေနွေးကြမ်းကို ခပ်သောက်လိုက်၏။ ပြီးမှ ဝမ်းသာအားရဖြင့် ခပ်ကျယ်ကျယ် အော်လိုက်ပြန်သည်။

"ပျော်လိုက်တာဟော့ .... ပျော်လိုက်တာ .... "

အဘိုးကြီးသည် မြင်းလှည်းရှိရာကို ပြန်လျှောက်လာသည်တွင် မလှမ်းမကမ်းမှ ဆိုင်းသံဗုံသံများ ထွက်ပေါ်လာသည်။

အဘိုးကြီးသည် ကြည့်လိုက်တော့ အသုဘချလာသော လူ

တစ်စုံကိုတွေ့ရ၏။ မသာဆိုင်းတီးသူက တီးကြမှုတ်ကြ၏။

လူသန်ကြီး တစ်ယောက်က ကြီးမားလှသော ခေါင်းတလားကြီးတစ်လုံးကို ထမ်းလာကြသည်။ ရှေ့ဆုံးမှ ခေါင်းတလားထမ်းလာသော လူသန်ကြီးများက လမ်းကို ပိတ်ရပ်နေသော အဘိုးကြီး၏လှည်းကို မြင်ရသောအခါ လှမ်းအော်ကြသည်။

"လှည်းကို လမ်းလယ်ကောင်ကြီးမှာ ဘာဖြစ်လို့ရပ်ထားရတာလဲ၊ လမ်းဘေးကို ဖယ်ပေးပါ .... "

အဘိုးကြီးက မျက်နှာ ဘစ်ချက်မဲ့ကာ တံတွေးတစ်ချက်ပျစ်ခနဲ ထွေးလိုက်ပြီး ....

"အရေးထဲ လမ်းမှာ မသာနဲ့တွေ့တာ မင်္ဂလာမရှိလိုက်တာ"

ပြောပြောဆိုဆို အဘိုးကြီးက မြင်းလှည်းပေါ် ခုန်တက်သည်။

မသာချလာသည်မှာ သူသွားမည့်ရှေ့တွင် ဖြစ်နေသောကြောင့် သူ့မြင်းလှည်းကို လမ်းဘေးသို့ မောင်းချဖယ်ပေးလိုက်ရ၏။

ထိုသို့ မြင်းလှည်းမောင်းလိုက်စဉ် လှည်းပေါ်မှ သေတ္တာကြီးမှာလည်း မြေပေါ်သို့ ဗုန်းခနဲ ကျလာသည်။ မြင်းလှည်းတွင်းမှ အမျိုးသမီးလည်း ကလေးငယ်တစ်ယောက်ကို ပိုက်ကာ မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

အမျိုးသမီး၏ ကိုယ်ပေါ်တွင် အသုဘဝတ်စုံနက်ကို ဝတ်ထားပြီး အပြင်မှ ဂုန်နီကြမ်းအင်္ကျီကို ထပ်ဝတ်ထားသည်။ အမျိုးသမီးမှာ စောစောက ဝတ်စုံစိမ်းနှင့် အမျိုးသမီးပင် ဖြစ်လေသည်။



အသုဘပို့သည့် လူစုသည် ဧရပ်ရှေ့ကို ရောက်လာသည်။

ခေါင်းတလားကြီးကို ထမ်းလာသော လူသန်ကြီး တစ်ယောက်သည် သူတို့ထမ်းလာသော ခေါင်းတလားကြီးကို လှည်းပေါ်မှကျလာသော သေတ္တာကြီးပေါ်ကို တင်လိုက်ကြ၏။

အသုဘပို့သည့်လူစုအတွင်းမှ တရုတ်ရသေ့ကြီး တစ်ပါးထွက်လာပြီး ပါးစပ်မှ တတွတ်တွတ် ရွတ်လာကာ ခေါင်းတလားကြီးဘေးကို ရောက်လာသည်။ ရသေ့ကြီး၏ လက်ထဲတွင် သစ်သားဓားတစ်လက်ကို ကိုင်ထားကာ ဟိုယမ်းသည်ယမ်းဖြင့် ဝိညာဉ်ကို ထိန်းသိမ်းနေဟန်ပြုလုပ်နေသည်။

ကလေးကို ချီပြီး အသုဘဝတ်စုံကို ဝတ်ဆင်ထားသောအမျိုးသမီးမှာ ခေါင်းတလားကြီးဘေးတွင် ဒူးထောက်လိုက်ပြီး လှိုက်ပွဲဖွာ ငိုကြွေးမြည်တမ်းလျက်ရှိနေသည်။

ရသေ့ကြီးမှာ ၎င်းအမျိုးသမီးအနီးကို ချဉ်းကပ်သွားပြီး ပါးစပ်မှ ရွတ်နေသလိုလိုနှင့် တီးတိုးလေသံပြုကာ မေးလိုက်သည်။

"ညီမလေးကျို .... ပစ္စည်းရခဲ့ပြီ မဟုတ်လား .... "

အမျိုးသမီးက ငိုကြွေးနေရင်းမှ ခေါင်းမဖော်ဘဲ တီးတိုးပြန်ပြောသည်။

"ရခဲ့ပါပြီ .... ဒီသေတ္တာကြီးပါပဲ .... "

ထိုအခါ ရသေ့ကြီးသည် ဦးခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်သွားပြီး အမျိုးသမီးအနီးမှ ခွာထွက်သွားသည်။ ပြီးမှ ရသေ့ကြီးက လက်ကို ဝှေ့ယမ်းလိုက်ပြီး အသုဘပို့သူများကို ပြောသည်။

"အားလုံးပဲ ဆက်သွားကြမယ်ဟေ့ .... "

ဆိုင်းသံ ဗုံသံ နှဲသံများ ဆူညံစွာ ထွက်ပေါ်လာကြပြန်သည်။ လူသန်ကြီးတစ်ယောက်က ခေါင်းတလားကြီးကို ပြန်ထမ်းကြပြန်သည်။ သေတ္တာကြီးမှာ ခေါင်းတလားကြီးထဲတွင် ပါသွားပြီးဖြစ်၍ လမ်းပေါ်တွင် မရှိတော့ချေ။

ကလေးချီထားသော အမျိုးသမီးမှာလည်း အသုဘပို့သူများနှင့်အတူ လိုက်ပါလာခဲ့သည်။

သူတို့လူစုသည် နောက်ထပ်သုံးလေးလီခန့်အထိ ရောက်အောင်လာခဲ့ကြသည်။ တောအုပ်အနောက်ဘက်တွင် သချိုင်းကုန်းရှိနေသည်။ တောအုပ်အတွင်းတွင် မြင်းလှည်းတစ်စီး အသင့်စောင့်လျက်ရှိနေသည်။ မြင်းလှည်းမောင်းသူနေရာတွင် ကျာပွတ်ကိုင်ကာ ထိုင်နေသူမှာ မျက်နှာတစ်ရာ လို့ရုံရှမ်းပင်ဖြစ်လေသည်။

မြင်းလှည်းအနီးသို့ ခေါင်းတလားကြီးရောက်လာသောအခါ လူသန်ကြီးများက ခေါင်းတလားကြီးကို မြေပေါ်တွင် ချလိုက်ကြ၏။ ရသေ့ကြီးက ခေါင်းဖုံးကို ဖွင့်နိုင်းသည်။



ခေါင်းဖုံးကို ဖွင့်လိုက်သောအခါ ခေါင်းထဲကြီးတွင် သေတ္တာကြီးကို တွေ့ရသည်။ သေတ္တာကြီးကို မြင်းလှည်းပေါ်တင်လိုက်ကြ၏။

ခေါင်းတလားကြီးထဲတွင် ပျဉ်ပြားကြီးတစ်ချပ်နှင့် ပျဉ်ချပ်ကြီးပေါ်တွင် ငန်းမွေးများကို ခပ်ထောင်ထောင်ချည်ထားသည်။

အသုဘဝတ်စုံကို ဝယ်လာသော အမျိုးသမီးမှာ သူမကိုယ်မှ ဝတ်စုံကို ချွတ်လိုက်သည်။ အောက်ဘက်တွင် ခံဝတ်ထားသော အနီရောင်ဝတ်စုံပေါ်လာသည။ သူမလည်း ကလေးငယ်ကိုချီကာ မြင်းလှည်းပေါ်သို့ တက်သွားသည်။ ·

ရသေ့ကြီးက ခေါင်းထဲက ပျဉ်ပြားကို ထုတ်ယူကာ မြင်းလှည်းနောက်တွင် ကြိုးဖြင့် ချည်နှောင်လိုက်သည်။ ပျဉ်ပြားတွင် ထောင်ထားသော ငန်းမွေးများက မြေကြီးနှင့် ထိနေကြသည်။

မြင်းလှည်းပေါ်မှ လို့ရုံရှမ်းက ရသေ့ကြီးကို လက်ဖမိုးယှက်ပြီး ပြောလိုက်သည်။

"အစ်ကိုကြီးအို့က စခန်းမှာ ဒီသတင်းကို စောင့်နေတယ် ကျွန်တော်တို့ အားလုံးပြန်ရောက်တာနဲ့ အောင်ပွဲအထိမ်းအမှတ်အနေနဲ့ စားသောက်ပွဲ တည်ခင်းဖို့ အမြန်ဆုံးပြန်ကြရပါမယ် .... "

ရသေ့ကြီးက ခေါင်းညိတ်လိုက်ပြီး ....

"ကောင်းပြီလေ .... မင်းနဲ့ ညီမလေးကျိုတို့ အရင်ပြန်နှင့်

ပါ .... ငါကတော့ ဒီနေရာကနေ လောင်စေ့နဲ့ လောင်ချီတို့ကို စောင့်နေလိုက်ဦးမယ် .... သူတို့ပြန်ရောက်လာမှပဲ ပြန်လာခဲ့မယ် .... "

လို့ရုံရှမ်းက ....

"ညီလေးစေ့ မောင်းလာတဲ့မြင်းလှည်းကို လူတော်တော်များများ မှတ်မိနေပြီဆိုတော့ ဖျက်ဆီးဖျောက်ဖျက်ပစ်ရမယ် .... ဒါမှ တစ်ခါတည်း လမ်းစပျောက်မှာ .... ညီလေးချီကတော့ အာမခံဌာနက မြင်းလှည်းနဲ့ လိုက်သွားရတော့ ညဘက်မှပဲ လွတ်မြောက်ထွက်ပြေးလာနိုင်လိမ့်မယ်လို့ ထင်တယ် .... ညီလေးချီကို ပြန်စောင့်ခေါ်ဖို့ လှေတွေလည်း စီစဉ်ပြီးနေပြီ .... "

ရသေ့ကြီးက ....

"ဟုတ်ပြီလေ.... နောက်အကျဆုံး တို့တစ်တွေ သန်းခေါင်ယံအချိန်မှာတော့ ပြန်ဆုံနိုင်ကြမှာပဲ .... "

လို့ရုံရှမ်းက လက်ဖမိုးလှက်ကာ နှုတ်ဆက်ပြီး မြင်းလှည်းကို မောင်းပြီးထွက်သွားသည်။

မြင်းလှည်းထွက်သွားမှပင် မြင်းလှည်းနောက်တွင် ချိတ်ထားသော ပျဉ်ချပ်ကြီး၏ အကျိုးသက်ရောက်ပုံကို မြင်နိုင်လေသည်။

ပျဉ်ချပ်ကြီးတွင်ရှိသော ငန်းမွေးများက မြေကြီးတွင် တံမြက်စည်းလှည်းသလို ပါသွားသည်။ ထိုငန်းမွေးတောင်များက လှည်းဘီးရာများ၊ မြင်းခွာရာများကို ချေဖျက်သွားသည်။



မြင်းခွာရာနှင့် လှည်းဘီးရာများကို နောက်ယောင်ခံပြီး မည်သူမှ မလိုက်နိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။

သို့သော် လို့ရုံရှမ်းတို့တစ်တွေ သတိမပြုမိသည့်အချက်မှာ မြင်းလှည်းသွားရာလမ်းတစ်လျှောက် ဆယ်ပေ ဆယ့်ငါးပေခန့် အကွာရောက်တိုင်း ဖန်ကွဲစလေးများ ရှိနေခြင်းပင်ဖြစ်လေသည်။

အကယ်၍ ထိုဖန်ခွဲစလေးများကို အခြားသူအနေနှင့် တွေ့မြင်ပါက မည်သူမှလည်း အတွေးနက်ကြမည်မဟုတ်ချေ။ သက်သာ မကောင်းလည်း ဖြစ်မိကြမည် မဟုတ်ချေ။

◈◈◈◈◈

## ၁၈။

လို့ရှုံရှမ်းသည် မြင်းလှည်းကို မနားတမ်း မောင်းလာခဲ့သည်။

နေဝင်ဖျိုးဖျအချိန်တွင် မြင်းလှည်းသည် စမ်းချောင်းတစ်ခု အနီးသို့ ရောက်လာသည်။ ချောင်းကိုခွ၍ ဖောက်လုပ်ထားသော တံတားလည်း ရှိနေသည်။

ထိုတံတားပေါ်မှ မြင်းလှည်းကို ဖြတ်မောင်းသွားမည်ဆိုလျှင် ရသော်လည်း ထိုသို့မမောင်းဘဲ ချောင်းထဲသို့သာ မြင်းလှည်းကို ချမောင်းသည်။ ချောင်းရေမှာ သိပ်ပြီးမနက်ချေ။

လို့ရှုံရှမ်းသည် မြင်းလှည်းကို ချောင်းရိုးအတိုင်း ဆန်တက် မောင်း၍ လာခဲ့သည်။

ချောင်းကလေး၏ တစ်ဖက်တစ်ချက်တွင် သစ်တောအုပ်ဖြ



နေသည်။ ဝါးရုံတောများလည်း ရှိနေသည်။

ချောင်းကလေးမှာ တဖြည်းဖြည်း ကျဉ်းသည်ထက် ကျဉ်း လာသည်။

ချောင်းစပ်မှ သစ်ပင်များက ကိုင်းချင်းယှက်ပြီး ချောင်းကို အုပ်မိုးထားသည်။

ချောင်းကလေးမှာ ကျဉ်းသည်ထက် ကျဉ်းလာရာမှ နောက်ဆုံး တောင်ကုန်းနှစ်ကုန်းရှိရာကို ရောက်လာသည်။ ထိုနေရာတွင် ချောင်းရိုးအတိုင်း မြင်းလှည်းကို ဆက်မောင်း၍ မရတော့ချေ။

လို့ရှုံရှမ်းသည် မြင်းလှည်းကို ချောင်းပေါ်မောင်းတက်ကာ ရပ်လိုက်၏။

ထိုစဉ် မြင်းလှည်းထဲတွင် ဝတ်စုံနီအမျိုးသမီးနှင့် ပါလာသော ကလေးငယ်မှာ ရှူးရှူးဝါးဝါး ငိုယိုလိုက်လေသည်။

မြင်းလှည်းထဲမှ ဝတ်စုံနီနှင့် အမျိုးသမီးလည်း မြင်းလှည်း နောက်မှ လိုက်ကာကို မ,တင်လိုက်သည်။ ပြီးနောက် ကလေးကို အသာပုတ်၍ ချော့နေသည်။

အမှောင်လည်း ဖုံးနေပြီဖြစ်၏။

တောင်ကုန်းမှာ ခပ်ပြေပြေရှိကာ တောင်ကုန်းထိပ်ပေါ်မှ လူရိပ်များလည်း ပေါ်ထွက်လာကြသည်။ မီးရောင်များလည်း ပေါ်ထွက် လာသည်။

မီးပုံးများကို ကိုင်ဆွဲထားသော လူများသည် မြင်းလှည်းဆီသို့ လာနေကြခြင်း ဖြစ်လေသည်။

မီးပုံးကိုင်လာသော ရှေ့ဆုံးမှ လူကြီးများသည် ကျန်းမာသန်စွမ်းကြသူများဖြစ်ကြပြီး ထိုလူကြီးများနောက်တွင် အမျိုးသမီးများ၊ ကလေးငယ်များ ပါလာကြလေသည်။

လူသုံးရေ သုံးရာခန့်ရှိပြီး နှစ်ရာမှာ ကလေးများဖြစ်ကြလေသည်။

ကလေးငယ်များအားလုံးလိုလို ကိုယ်အင်္ကျီတစ်ခုစု ချို့ယွင်းနေသူများ ဖြစ်ကြ၏။ ဒုက္ခိတကလေးများ ဖြစ်ကြ၏။

ကလေးငယ်များမှာ ငါးနှစ်သားအရွယ်မှ ဆယ့်ငါးနှစ်သားအရွယ်အတွင်း ရှိသူများဖြစ်ကြလေသည်။

အချို့ကလေးများကို အမျိုးသမီးများက ပွေ့ပိုက်ထားသည်။

ထိုလူအားလုံးမှာ လို့ရုံရှမ်းနှင့် ဝတ်စုံနီအမျိုးသမီးတို့ရောက်အလာကို စောင့်ကြိုနေကြသူများဖြစ်ကြလေသည်။

လို့ရုံရှမ်းနှင့် ဝတ်စုံနီအမျိုးသမီးတို့သည် မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်ကြ၏။

ကလေးများထဲမှ ဆယ်နှစ်အရွယ်ခန့်ရှိ မိန်းကလေးနှစ်ဦး ပြေးထွက်လာပြီး သူတို့လက်ထဲတွင် လှပသော ပန်းကုံးတစ်ကုံးစီ



ကိုင်လာကြ၏။ သူတို့သည် လို့ရုံရှမ်းတို့အနီးသို့ ရောက်သောအခါ လို့ရုံရှမ်းနှင့် ဝတ်စုံနီအမျိုးသမီးကို ပန်းကုံးစွပ်ပေးကြသည်။

လို့ရုံရှမ်းက ဝတ်စုံနီအမျိုးသမီးကို လှည့်ကြည့်ပြီး ပြုံး၍ ပြောသည်။

"ညီမလေးကျို .... တို့ကို သူရဲကောင်းကြိုဆိုနည်းနဲ့ ကြိုဆိုနေကြပါလား .... "

မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်က ပြန်ပြောသည်။

"ဦးဦး .... ဘဘကြီးက ပြောတယ် .... ဦးဦးနဲ့ ဒေါ်ဒေါ်တို့က ကျွန်မတို့ စားဖို့သောက်ဖို့ ဆေးဝါးကုသဖို့အတွက် ပင်ပင်ပန်းပန်း ငွေရှာနေကြရတယ်တဲ့ .... ဒါကြောင့် ကောင်းကောင်း ကြိုဆိုရမယ်တဲ့ .... "

လို့ရုံရှမ်းက ပြုံးပြီး ....

"တကယ်တမ်း ကျေးဇူးတင်ရမှာက ကလေးတို့ရဲ့ ဘဘကြီးကွယ့် ကလေးတို့ရဲ့ ဘဘကြီး အစီအမံအုပ်ထိန်းမှုကောင်းလို့ ကလေးတို့အားလုံး ဒုက္ခဆင်းရဲမခံကြရတာ .... တကယ်တမ်း ကျေးဇူးတင်ထိုက်တာက ကလေးတို့ရဲ့ ဘဘကြီးကွယ့် .... ကလေးတို့ရဲ့ ဘဘကြီး အစီအမံအုပ်ထိန်းမှုကောင်းလို့ ကလေးတို့အားလုံး ဆင်းရဲဒုက္ခမခံကြ

ရတာ .... တကယ်တမ်း ကျေးဇူးတင်ထိုက်တာက ကလေးတို့ရဲ့ ဘဘကြီးကိုပဲ .... "

မိန်းကလေးက ....

"ကျွန်မတို့ကတော့ ဦးဦး ဒေါ်ဒေါ်တို့တို့ကော .... ဘဘကြီးကိုကော အားလုံးကို ကျေးဇူးတင်တာပဲ .... ကျွန်မတို့အားလုံးရဲ့ အသက်သခင် ကျေးဇူးရှင်တွေ မဟုတ်လား .... "

လို့ရုံရှမ်းနှင့် ဝတ်စုံနီအမျိုးသမီးတို့က ရယ်လိုက်ကြ၏။

"ငါ့ညီနဲ့ ညီမတို့ အောင်မြင်လာကြတယ် မဟုတ်လား"

ထိုစဉ် သူတို့နောက်ဘက်ဆီမှ အသံပေါ်လာသည်။

နှစ်ယောက်စလုံး နောက်ကိုလှည့်ကြည့်လိုက်ရာ ခန္ဓာကိုယ်ကျစ်လျစ်သန်မာသော အိုဃိဝမ်းသည် ပခုံးတစ်ဖက်စီပေါ်တွင် ကလေးတစ်ယောက်စီကိုထမ်းပြီး သူတို့ထံလာနေသည်ကို မြင်ကြရ၏။

လို့ရုံရှမ်းတို့နှစ်ယောက်စလုံး လက်နှစ်ဖက်ဆုပ် အရိုအသေပြုလိုက်သည်။

လို့ရုံရှမ်းက ....

"အောင်မြင်ပါတယ် အစ်ကိုကြီး .... "

အိုဃိဝမ်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ....

"အေး.... အောင်မြင်ရမှာပေါ့ .... ငါ့ညီတွေ ညီမတွေ လုပ်ဆောင်ခဲ့တဲ့ အလုပ်မှန်သမျှ ဘယ်တုန်းက မအောင်မြင်ဘူးဆိုတာမှ



မရှိခဲ့ဘဲ .... တို့ညီအစ်ကိုတွေအားလုံး လူစုံတဲ့အခါ အောင်ပွဲအထိမ်းအမှတ်နဲ့ စားပွဲသောက်ပွဲ ကျင်းပဖို့ အစ်ကိုကြီးစီစဉ်ထားတယ် ...."

အိုဃိဝမ်းမှာ ငယ်စဉ်ကတည်းက မိဘမဲ့တစ်ယောက်ဖြစ်ခဲ့လေသည်။ ဆင်းဆင်းရဲရဲဖြင့် ဒုက္ခအမျိုးမျိုးကို ကြုံတွေ့ပြီး နေခဲ့ရသည်။ သူ့ကဲ့သို့ ဘဝတူဆင်းရဲသားများ၏ လုပ်အားကို ငွေကြေးကြွယ်ဝသူတို့က မတရားသဖြင့် ရယူခြင်းများကိုလည်း ကြုံတွေ့ခဲ့ရသည်။

ထိုကတည်းက သူသည် မတရားသဖြင့် ကြီးပွားချမ်းသာသော ခေါင်းပုံဖြတ်အမြတ်ကြီးစားများကို စိတ်နာခဲ့သည်။

ဘဝတူမိဘမဲ့ပြီး လေလွင့်နေသော ကလေးများ ကိုယ်ခန္ဓာမသန်စွမ်းသော ကလေးငယ်များအပေါ် ကိုယ်ချင်းစာနာခဲ့သည်။

သူသည် ငွေကြေးဥစ္စာပြည့်စုံကြွယ်ဝသော တစ်ကိုယ်တော်သိုင်းရာဇာကြီးတစ်ဦးနှင့် ကံအားလျော်စွာ တွေ့ဆုံကာ သိုင်းပညာရပ်များကို သင်ကြားခွင့်ရခဲ့သည်။

သူ၏ ဆရာသိုင်းဆရာကြီး သေဆုံးသောအခါတွင်လည်း ၎င်း၏ငွေကြေးဥစ္စာပစ္စည်းများကို အမွေရခဲ့သည်။ ထို့အပြင် သူ့မိဘများ နေထိုင်ခဲ့သော အိမ်ဟောင်းကြီးအတွင်းမှ မြှုပ်နှံထားသည့် ရွှေငွေရတနာများကိုလည်း ဖော်ထုတ်ရယူခဲ့ပြန်သည်။

အိုဃိဝမ်းမှာ ကြီးပွားချမ်းသာသွားသည်။

သို့သော် သူသည် သူပိုင်ဆိုင်သော ငွေကြေးများဖြင့် စည်းစိမ်မခံစားဘဲ ထိုကတည်းက ဆင်းရဲသားနင်းပြားများ၊ မိဘမဲ့ လေလွင့်နေသော ကလေးများအတွက် သုံးစွဲခဲ့သည်။ ကလေးများကို ကျွေးမွေးဆေးကုသပေးရုံသာမက စာရိတ္တကိုပါ မြှင့်တင်ပေးခဲ့သည်။ နိုင်ငံသားကောင်းများ ဖြစ်စေရန် သင်ကြားပေးခဲ့သည်။

သို့သော် ထိုသို့ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် သူ၏ငွေကြေးလောက်နှင့် မလုံလောက်သောအခါ လေပွေမုန်တိုင်းအဖွဲ့ကို ဖွဲ့စည်းပြီး မတရားသဖြင့် ကြီးပွားချမ်းသာလာသော လူများထံမှ ဥစ္စာငွေကြေးများကို ရှာဖွေခဲ့ပြန်သည်။

သူသည် မိဘဆွေမျိုးမဲ့ လေလွင့်နေသော ကလေးသူငယ်များကို တွေ့တိုင်း သူ၏ လှျို့ဝှက်စခန်းကြီးဆီ ခေါ်လာတတ်သည်။

သူ၏လှျို့ဝှက်စခန်းကြီးမှာလည်း အထူးလုံခြုံလှပြီး မည်သူမှ မရိပ်မိ မသိရှိနိုင်သော နေရာမျိုးဖြစ်လေသည်။

ယခုဆိုလျှင် သူတို့ကို မှီခိုအားထားရသော ကလေးငယ်များမှာ နှစ်ရာကျော်ရှိနေလေပြီ။ ကလေးများ၏ စားဝတ်နေရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးအတွက်လည်း လူကြီးများကို ခေါ်ယူထားကြရသည်။

သူတို့စခန်းကို လာရောက်နေထိုင်ကြသူ အားလုံးမှာ အပြင်လောကနှင့် သိပ်ပြီးဆက်သွယ်ခြင်း မရှိကြတော့ချေ။



အို့ယိဝမ်းသည် ယခုအခါ ဆွေမျိုးသားချင်းဆို၍ တစ်ယောက်တည်းသာ ရှိတော့သည်။ သူကား လို့ရုံရှမ်းနှင့် ပါလာသော ဝတ်စုံနီ အမျိုးသမီးပင် ဖြစ်လေသည်။

ဝတ်စုံနီနှင့် အမျိုးသမီးအမည်မှာ ထင်လျှန်ကူးဖြစ်၏။ အို့ယိဝမ်း၏ မိခင်နှင့် တူမဝမ်းကွဲတော်စပ်သူဖြစ်၏။

ထင်လျှန်ကူးမှာ မုဆိုးမလေးဖြစ်၏။ သူမ၏ ယောက်ျားသည် သူမနှင့် တစ်နှစ်မျှပင် မပေါင်းရဘဲ သေဆုံးသွားလေသည်။ ထိုအခါ ယောက်ျား၏ မိဘများက ထင်လျှန်ကူးကို နိုင်ထက်စီးနင်းဆက်ဆံကြသည်။ မတရားသဖြင့် နှိုင်းစေကြသည်။

ထင်လျှန်ကူးမှာ သူ့ကိုယ်သူပင် သတ်သေဖို့အထိ ကြံရွယ်လာသည်။ ထိုအခါမှ အို့ယိဝမ်းရောက်လာပြီး သူ၏ညီမဝမ်းကွဲ ထင်လျှန်ကူးကို ကယ်ထုတ်လာခဲ့သည်။

ထို့နောက် ထင်လျှန်ကူးသည်လည်း လေပွေမုန်တိုင်းအဖွဲ့ဝင် ဖြစ်လာသည်။ သူမသည် အဖွဲ့ဝင် အမှတ်ကိုးဖြစ်သည်။ လေပွေမုန်တိုင်းအဖွဲ့ဝင် အဖွဲ့ဝင်အမျိုးသမီးဆို၍ သူမတစ်ဦးတည်းသာ ရှိသည်။

အို့ယိဝမ်း၊ လို့ရုံရှမ်းနှင့် ထင်လျှန်ကူးတို့သည် မြင်းလှည်းပေါ်မှ သေတ္တာကြီးကို မ၍ထုတ်ကြသည်။ မြေပေါ်တွင် ချကြသည်။

လို့ရုံရှမ်းက ....

"အစ်ကိုကြီး .... ဒီမှာပဲ သေတ္တာကြီးကို ဖွင့်ကြည့်ကြမလား"

အို့ယိဝမ်းက ....

"အခု မဖွင့်သေးဘူး ညီလေး .... စူးချင်းစန်းမထဲ အရောက် သယ်သွားခိုင်းလိုက်ပေတော့ .... တို့ညီအစ်ကိုတွေ အားလုံးစုံတော့မှ ပဲ အားလုံးရဲ့မျက်စိရှေ့မှာ ဖွင့်တာပေါ့ .... "

လို့ရုံရှမ်းက အမိန့်ပေးလိုက်သဖြင့် လူသန်ကြီးများက သေတ္တာကြီးများကို မ,ကာ တောင်ကုန်းပေါ်သို့ သယ်သွားကြလေသည်။

အို့ယိဝမ်းက ....

"ဒီပစ္စည်းကို ရလာတာဟာ ညီလေး ညီမလေးတို့အားလုံး သက်စွန့်ဆံဖျားနဲ့ ပင်ပင်ပန်းပန်းဆောင်ရွက်ခဲ့ကြလို့ပဲ .... ဒီတော့ တို့ညီအစ်ကိုတွေ အားလုံးစုံမှ ဖွင့်ကြည့်တော့ ပိုကောင်းတာပေါ့ .... ဒီတစ်ခါရတဲ့ ပစ္စည်းတန်ဖိုးဟာ သိပ်ကြီးမားလိမ့်မယ် .... "

ထင်လျှန်ကူးက ပြုံး၍ပြောသည်။

"လောလောဆယ် ကျွန်မရဲ့ဆန္ဒကတော့ ရေမွှေးကလေးထဲမှာ စိမ်ပြီး ရေချိုးချင်တာပဲ အစ်ကိုကြီး .... "

အို့ယိဝမ်က ရယ်လိုက်ပြီး ....

"သွားချိုးလေ .... ညီမလေး ကျို .... ညီလေးစန်းနဲ့ အစ်ကိုကြီး စကားပြောနေပါ့မယ် .... "



အို့ယိဝမ်းက လို့ရုံရှမ်းကို ညီလေးစန်းဟူ၍သာ ခေါ်သည်။ **စန်းဟူသော** အစိပ္ပါယ်မှာ သုံးဖြစ်၍ ညီလေးသုံးဟု ခေါ်လိုက်ခြင်း **ဖြစ်သည်။**

ထင်လျှန်ကူးကိုလည်း ညီမလေးကျိုဟုသာ ခေါ်သည်။ ကျိုမှာ နံပတ်ကိုးဖြစ်၏။ ထင်လျှန်ကူးမှာ အဖွဲ့ဝင်နံပါတ်ကိုးဖြစ်၍ ညီမလေးကိုးဟု ခေါ်ခြင်းဖြစ်ပေသည်။

ထင်လျှန်ကူး ပြေးထွက်သွားသည်နှင့် အို့ယိဝမ်းနှင့် လို့ရုံရှမ်းလည်း ကွေ့ကောက်သော လမ်းမှ တောင်ကုန်းပေါ်သို့ တက်လာကြသည်။ ထိုသို့ လျှောက်လာကြရင်းမှ လို့ရုံရှမ်းက အို့ယိဝမ်းကို သေတ္တာကြီးကို ယူခဲ့ခြင်း၏ အကြောင်းကို ရှင်းလင်းပြောပြသည်။

ပြီးမှ လို့ရုံရှမ်းက ....

"အားလုံးတော့ အဆင်ပြေခဲ့ပါပြီ အစ်ကိုကြီး .... နဂါးညီနောင်အာမခံဌာနက မြင်းလှည်းနဲ့ ပါသွားတဲ့ ညီလေးချိအတွက်တော့ စိုးရိမ်မိသေးတယ် .... "

**ချိဟူသော အစိပ္ပါယ်**မှာ နံပါတ်ခုနစ်ဖြစ်၏။ လေပွေမုန်တိုင်းအဖွဲ့ဝင် **နံပါတ်ခုနစ်ကို** ပြောခြင်းဖြစ်လေသည်။

လို့ရုံရှမ်းက ဆက်ပြောသည်။

"ညီလေးချိ လွတ်မြောက်ထွက်ပြေးလာနိုင်ဖို့ အခွင့်အရေးမရခင်မှာ မြောင်ဖေးဟူတို့ ရောက်လာမှာကို စိုးရိမ်တာပါ .... သေတ္တာ

ကို မြောင်ဖေးဟူတို့ တိုက်ခိုက်လို့ ရသွားရင် အထဲမှာ ကျောက်ခဲတွေကိုပဲ တွေ့မှာပဲ .... ဒါဆို သူတို့တွေက ညီလေးချိုကို သေရာပေါက်သကာ်မကောင်းဖြစ်ကြမှာပဲ .... "

အို့ယိဝမ်းက ....

"ဒီလောက်လည်း ညီလေးချိုအတွက် စိုးရိမ်မနေပါနဲ့ .... ညီလေးစန်း .... နဂါးညီနောင်အဖွဲ့ဟာ မြစ်ဝါမြစ်ကို ကူးပြီးတာနဲ့ ဝမ့်ခိုယွင့် .... လောင်ဆွေဖုန်းတို့ရဲ့အင်အားနဲ့ ပေါင်းမိမှာပဲ .... မြောင်ဖေးဟူတို့တစ်တွေ လွယ်လွယ်ကူကူနဲ့ ဘယ်တိုက်ခိုက်လို့ ရပါ့မလဲ အစ်ကိုကြီးစိုးရိမ်တာက ညီလေးချိုအတွက်မဟုတ်ဘူး .... "

"ဘာကို စိုးရိမ်တာလဲ အစ်ကိုကြီး .... "

"ဒီတစ်ခါ တို့တွေလုပ်ဆောင်ခဲ့တာဟာ နဂါးညီနောင် အာမခံဌာနအတွက် အများကြီးနစ်နာသွားနိုင်တယ် .... ပြီးတော့ မြောင်ဖေးဟူတို့တစ်တွေကလည်း တို့လက်ထဲ ပစ္စည်းပါသွားတာသာသိရင် ဘယ်လိုမှ ကျေနပ်ကြမှာ မဟုတ်ဘူး .... ဒီတော့ လုံပိုက်ထောင်တို့တစ်တွေနဲ့ မြောင်ဖေးဟူတို့အဖွဲ့ကတော့ တို့ကို ပိုက်စိပ်တိုက်ပြီး ရှာကြမှာပဲ .... သူတို့နှစ်ဦးစလုံး အင်အားက အတော်ကလေးများလေတော့ တို့တစ်တွေရဲ့ စခန်းကို စုံစမ်းလို့ ရချင်ရသွားနိုင်တယ် .... "

လို့ရုံရှမ်းက ....

"ဒါပေမယ့် .... သူတို့အစ်ကိုကြီးရဲ့ မျက်နှာအမှန်ကို မြင်ဖူး



တွေ့ဖူးကြတာမှ မဟုတ်ဘဲ .... လွယ်တော့ မလွယ်ပါဘူး .... "

အို့ယိဝမ်းက ....

"သူတို့အနေနဲ့ ငါ့မျက်နှာကို မသိပေမယ့် ညီလေးစန်းတို့တစ်တွေက မျက်နှာအမှန်အတိုင်း ဖော်ထုတ်ပြီး ဒီကိစ္စကို ဆောင်ရွက်ခဲ့ကြတယ် မဟုတ်လား .... ညီလေးစန်း .... ညီလေးရှို နောက်ပြီး ညီမလေးကျိုနဲ့ ညီလေးဇေ့တို့ရဲ့ မျက်နှာတွေကို ကောင်းကောင်းမှတ်မိကြမှာပဲ .... "

"ကျွန်တော်တို့တော့ မစိုးရိမ်မိပါဘူး အစ်ကိုကြီး .... "

အို့ယိဝမ်းက ခေါင်းကို ခါယမ်းပြီး ....

"ငါစိုးရိမ်တာက ငါတို့အတွက် မဟုတ်ပါဘူး .... ညီလေးစန်း .... သူတို့တစ်တွေ စခန်းကိုရှာလို့တွေ့သွားကြမယ်ဆိုရင် ကလေးတွေအတွက် အန္တရာယ်ဖြစ်မှာကို စိုးရိမ်လို့ပါ .... "

"ဒါဖြင့်လည်း .... ကျွန်တော်တို့တစ်တွေ ဒီစခန်းက ယာယီရွှေ့ပြောင်းသွားကြတာပေါ့ အစ်ကိုကြီး .... နေရာသစ်တစ်ခုမှာ ခတ္တမြုပ်ပြီး နေလိုက်ကြတာပေါ့ .... "

သူတို့နှစ်ဦး ကျောက်သားဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးတစ်အိမ်ရှေ့သို့ ရောက်လာကြသည်။

အိမ်ကြီးအတွင်းရှိ ဧည့်ခန်းဆောင်ကြီးထဲတွင် စားပွဲကြီးများခင်းထားကာ စားပွဲများပေါ်တွင် အရက်အိုးများ ခွက်များရှိနေလေသည်။

အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့လည်း **စားပွဲတစ်လုံးတွင်** ဝင်ထိုင်လိုက်ကြလေသည်။

◇◇◇◇◇

## ၁၉။

---

အို့ယိဝမ်းနှင့် လို့ရုံရှမ်းတို့နှစ်ယောက် အရက်သောက်ပြီး စကားပြောနေကြစဉ် .... ရေချိုးအဝတ်အစားလဲပြီးသော ထင်လျှန်ကူးလည်း ရောက်ကလာလေသည်။

**အနီခံတွင်** အဝါရောင်ပန်းပွင့်ကလေးများရှိသော အင်္ကျီကို **ဝတ်ဆင်ထားပြီး** ပန်းရောင်ဂါဝန်ကို ဝတ်ဆင်ထားသည်။ ဆံပင်ကို **ခပ်လျော့လျော့ကလေး** ထုံးထားပြီး မျက်နှာတွင်လည်း မှုန်နံ့သာခြယ် **လိမ်းခြင်းမရှိဘဲ** ကပိုကရိုလေးနှင့် လှနေသည်။

သူမသည် အသက်သုံးဆယ်နီးပါးရှိပြီ ဖြစ်သော်လည်း မျက်နှာပေါက်သာမက ခန္ဓာကိုယ်အချိုးအစားကပါ လှပလေသည်။

ထင်လျှန်ကူးသည် ရောက်လာသည်နှင့် အို့ယိဝမ်းလက်ထဲ

မှ အရက်ခွက်ကို လှမ်းယူလိုက်ပြီး ....

"ကြည့်ပါဦး .... အစ်ကိုကြီးက အရက်ကို အရမ်းသောက်နေတာပဲ .... "

အို့ယိဝမ်းက ရယ်လိုက်ပြီး ....

"ဒီနေ့ အောင်ပွဲအထိမ်းအမှတ်နဲ့ နည်းနည်းပါးပါး သောက်တာပါ .... "

"ခုတော့ လျှော့သောက်နော် အစ်ကိုကြီး .... ညီအစ်ကိုတွေဆုံမိတော့မှ အစ်ကိုကြီးသောက်ချင်သလိုသောက်ပေါ့ .... "

အို့ယိဝမ်းက အားရပါးရ ရယ်လိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ညီမလေးကျိုကလည်းကွာ အစ်ကိုကြီး အသက်လေးဆယ်ရှိနေပါပြီ .... အသက်ဆယ့်လေးနှစ်အရွယ် ကလေးလေးမှ မဟုတ်တော့တာ .... "

ထိုစဉ် တစ်နေရာမှ အခေါက်ပေး ကျွဲချိုမှုတ်သံပေါ်ထွက်လာသည်။

အို့ယိဝမ်းက ထိုင်ရာမှထလိုက်ပြီး ....

"ဟော .... တို့လူတွေ ပြန်လာကြပြီထင်တယ် .... "

ပြောပြောဆိုဆို အို့ယိဝမ်းက အိမ်အပြင်ဘက်ကို ထွက်ခဲ့သဖြင့် လို့ရုံရှမ်းနှင့် ထင်လျှန်ကူးတို့လည်း ပါလာကြသည်။

အပြင်ဘက်တွင် အမှောင်ထုက ကြီးစိုးနေသည်။



မီးတုတ်များ ကိုင်ဆောင်လျက် လေးပွင့်မုန်တိုင်းအဖွဲ့ဝင်များ ပြန်ရောက်လာကြခြင်းဖြစ်သည်။

သန်းခေါင်ယံအချိန်တွင် မီးရောင်တွေ ထိန်ထိန်လင်းသော စူးချင်းခန်းမကြီးထဲတွင် လေးပွင့်မုန်တိုင်းအဖွဲ့သားများသည် သောက်ပွဲကြီးကို တပျော်တပါး ကျင်းပနေကြသည်။

ရယ်မောပြောဆိုသံများလည်း သောသောညံနေကြသည်။

သူတို့အားလုံး စားပွဲခုံပုကလေးများကိုခင်းကာ ကော်ဇောကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်၍ စားသောက်နေကြခြင်းဖြစ်လေသည်။

စားသောက်ဖွယ်ရာများမှာလည်း စုံလင်လှသည်။

အရက်နှင့် အစားအစာများကို စားဖိုချောင်မှ လူဆယ်ယောက်က လိုက်ဖြည့်ပေးနေသည်။

အို့ယိဝမ်းထိုင်နေသော စားပွဲတွင် လေးပွင့်မုန်တိုင်းအဖွဲ့ဝင် နံပါတ်နှစ်ဖြစ်သော ဝူးဝေရသော့ထိုင်နေသည်။ ဝူးဝေရသော့မှာ ညနေက အသုဘချလာသည့်အဖွဲ့နှင့် လိုက်ပါလာသော ရသေ့ဖြစ်၏။

အို့ယိဝမ်း၏ ဘယ်ဘက်တွင်မူ လို့ရုံရှမ်းထိုင်နေသည်။

လို့ရုံရှမ်းဘေးတွင် ထိုင်နေသူများမှာ နေ့လယ်က မြစ်ဝါမြစ်တွင် မြင်းလှည်းမောင်းခဲ့သော အဘိုးကြီးပင်ဖြစ်၏။ သို့သော် ယခုအခါ သူ့မျက်နှာမှာ အဘိုးကြီးလို ရုပ်ဖျက်မထားတော့ချေ။

သူနာမည်မှာ ဝေဘွန်စိမ်းဖြစ်လေသည်။ အိုယိဝမ်းညာဘက်တွင် အဖွဲ့ဝင်နံပါတ်ကိုးဖြစ်သော ထင်လျှန်ကူး ထိုင်နေသည်။

ထင်လျှန်ကူး၏ဘေးတွင် ထိုင်နေသူမှာ နဂါးညီနောင်အာမခံဌာနတွင် **မြင်းလှည်းမောင်းသ**မားဝင်လုပ်နေသော ချင်ဖိန်းပင်ဖြစ်လေသည်။

ချင်ဖိန်းသည် အိုယိဝမ်းတာဝန်ပေးချက်အရ နဂါးညီနောင်အာမခံဌာနမှ လျှို့ဝှက်မှုများကို သိစေနိုင်ရန် မြောင်ဖေးဟူတို့၏ လျှို့ဝှက်အကြံအစည်များကို သိနိုင်စေရန် လုပ်ရှားနေခဲ့ရသူဖြစ်သည်။

တကယ်တော့ ချင်ဖိန်းသည် လေပွေမှန်တိုင်းအဖွဲ့ဝင် နံပါတ်ခုနစ်ဖြစ်သည်။

ထင်လျှန်ကူးသည် စားသောက်ပွဲလုပ်တိုင်း အိုယိဝမ်းဘေးတွင် အမြဲတမ်းထိုင်မြဲဖြစ်၏။ သူမ၏ဘေးတွင် ချင်ဖိန်းထိုင်ခြင်းမှာမူ ယခုအခါ ပထမဆုံးအကြိမ်ဖြစ်လေသည်။ သူသည် နဂါးညီနောင်အာမခံဌာနမှ ပစ္စည်းရရှိရေးအတွက် **အဓိကပါဝင်လှုပ်ရှားခဲ့သူ**ဖြစ်သည်။

ကြက်ခြေခတ်သင်္ကေတန် ချိပ်စက္ကူများ ပိတ်ထားသောသေတ္တာကြီးမှာ ခန်းမအလယ်တွင် ရှိနေလေသည်။ သူတို့သည် သေတ္တာကြီးကို မဖွင့်ကြရသေးပါ။



အိုယိဝမ်းသည် သေတ္တာကြီးထဲတွင် လွန်စွာတန်ဖိုးများပြားသော ဥစ္စာပစ္စည်းများ ပါလိမ့်မည်ဖြစ်ကြောင်း သိထားသဖြင့် အဖွဲ့ဝင် စုံစုံစေ့စေ့ရှေ့တွင် ဖွင့်ရန် ရည်မှန်းထားလေသည်။

ယခုအခါ လေပွေမှန်တိုင်းအဖွဲ့ဝင် ဆယ့်ရှစ်ယောက်စလုံး စုံစုံညီညီ ရှိနေကြလေပြီ။

ခဏအကြာတွင် အိုယိဝမ်းသည် ထိုင်ရာမှ ထရပ်လိုက်**သည်။**

**ထိုအခါ** ခန်းမကြီးအတွင်း ဆူညံစွာ ပြောဆိုသံများမှာ တိတ်**ဆိတ်သွားသည်။** အိုယိဝမ်းက သူ့အဖွဲ့ဝင်များကို ကြည့်လိုက်ပြီး....

"လေပွေမှန်တိုင်းအဖွဲ့ဝင်များတို့ .... အားလုံးရဲ့ဆန္ဒကတော့ သေတ္တာကြီးထဲမှာ ဘယ်လိုအဖိုးတန်ပစ္စည်းတွေ ပါနေသလဲဆိုတာ သိချင်ကြမှာပဲ .... ဒီတော့ သေတ္တာကြီးထဲမှာ ဘယ်လိုအဖိုးတန်ပစ္စည်းတွေ ပါတယ်ဆိုတာ အားလုံးစုံစုံညီညီ ရှိတုန်း .... **ဖွင့်ကြည့်ကြ**ပါစို့"

ကျန်လူအားလုံးကဝမ်းသာအားရလ**က်ခုပ်လက်ဝ**ါးတီးလိုက်ကြ၏။

အိုယိဝမ်းက လက်ကာပြလိုက်ပြီး လက်ခုပ်သံများ တိတ်သွားမှ ဆက်ပြောသည်။

"ဟောဒီသေတ္တာကြီး မဖွင့်ခင် .... ကျုပ်ရဲ့ညီအစ်ကိုတွေကို စကားနည်းနည်းတော့ ပြောချင်သေးတယ် .... "

အားလုံးငြိမ်ပြီး နားထောင်နေကြသည်။

"ဒီတစ်ခါ ကျုပ်တို့ညီအစ်ကိုတွေရလာတဲ့ ပစ္စည်းဥစ္စာတွေက သိပ်ပြီး တန်ဖိုးများပြားနေတယ်ဆိုတာ ကြားရတဲ့သတင်းအရ အားလုံးသိထားပြီးဖြစ်ပါတယ် .... ကျုပ်တို့ လေပွေမုန်တိုင်းအဖွဲ့ စတင်လှုပ်ရှားခဲ့တဲ့အချိန်ကစပြီး ခုတစ်ချီဟာ တန်ဖိုးအများဆုံးရတာပဲ .... ကျုပ်တို့ လေပွေမုန်တိုင်းအဖွဲ့ရဲ့စည်းကမ်းချက်ကို အားလုံးလည်း သိထားကြပါတယ် .... ကျုပ်တို့ရတဲ့ ပစ္စည်းတန်ဖိုးကို ဆယ်ပုံပုံပြီး ကိုးပုံကို အများပြည်သူအကျိုးအတွက် သုံးစွဲမယ် .... တစ်ပုံကိုသာ ကျုပ်တို့ဆောင်ရွက်ခအဖြစ် အသုံးပြုကြတယ် .... နောက် စည်းကမ်းချက်တစ်ခုက ဒီလိုသေတ္တာမျိုးကို ရလာတဲ့အခါ သေတ္တာကို ဖွင့်ခွင့်ရတဲ့သူဟာ သေတ္တာထဲက စိတ်ကြိုက်ပစ္စည်းတစ်ခုကို ဆုအဖြစ်ယူပိုင်ခွင့်ရှိတယ်ဆိုတာလည်း အားလုံးအသိပါပဲ .... "

အို့ယိဝမ်းက စကားရပ်လိုက်ပြီး သူ့လူတွေကို အကဲခတ်ကြည့်သည်။ အားလုံးက ငြိမ်သက်စွာ နားထောင်နေတော့မှ ဆက်ပြောသည်။

"ဒီတစ်ခါ သေတ္တာကို ဖွင့်ဖို့ အခွင့်အရေးကို .... ကျုပ်အနေနဲ့ ဒီပစ္စည်းရရေးအတွက် အဓိက ပါဝင်လှုပ်ရှားခဲ့တဲ့ ညီလေးချိုကိုပဲ တာဝန်ပေးချင်တယ် .... အားလုံး သဘောတူကြသလား .... "

"တူပါတယ် အစ်ကိုကြီး .... "



"တူပါတယ် .... "

အားလုံးက ဝမ်းပန်းတသာ ပြောဆိုကြသည်။

အို့ယိဝမ်းက အဖွဲ့ဝင်နံပါတ်ခုနစ်ဖြစ်သော ချင်ဖိန်း၏ပခုံးကို ပုတ်ပြီး ပြုံးရွှင်စွာ ပြောလိုက်သည်။

"ကဲ .... ညီလေးချို .... သေတ္တာကို သွားဖွင့်ပေတော့ .... "

ချင်ဖိန်းက ကမန်းကတန်းထပြီး အို့ယိဝမ်းကို ဦးညွှတ်၍ အရိုအသေပေးကာ တောင်းပန်စကားဆိုသည်။

"ကျွန်တော်မဖွင့်ပါရစေနဲ့ အစ်ကိုကြီး .... ကျွန်တော်ဟာ အစ်ကိုကြီးရဲ့ အစီအစဉ်အတိုင်း တစ်သွေမတိမ်း လိုက်နာပြီး လှုပ်ရှားခဲ့ရတဲ့သူပါ .... အစ်ကိုကြီးရဲ့ စီမံချက်ကောင်းလွန်းလို့ အောင်မြင်မှုတွေ ရခဲ့တာပါ .... ဒီတော့ ဒီသေတ္တာကို အစ်ကိုကြီးပဲ ဖွင့်ထိုက်ပါတယ် .... "

အို့ယိဝမ်းက ....

"ဆင်ခြေများမနေနဲ့ ညီလေးချို .... သေတ္တာကိုဖွင့်ဖို့ အခွင့်အရေးကို ညီလေးချိုပဲ ရထိုက်တယ်ဆိုတာ အစ်ကိုကြီးသိတယ် .... အားလုံးကလည်း သဘောတူတယ် .... ဘာလဲ ညီလေးချိုက သေတ္တာကိုမဖွင့်ချင်တာ သေတ္တာဆီက မြွေတွေထွက်လာမှာ စိုးလို့လား .... "

အို့ယိဝမ်းစကားကြောင့် အဖွဲ့ဝင်များ ဝိုင်းရယ်ကြလေသည်။

အို့ယိဝမ်း ထပ်ပြီးတိုက်တွန်းတော့မှ ချင်ဖိန်းက သေတ္တာကြီးဆီ ရှို့တွန့်တွန့်နှင့် လျှောက်သွားသည်။

အဖွဲ့ဝင်တစ်ယောက်က လှမ်းနောက်သည်။

"ညီလေးချို .... ဘာလို့တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတာလဲ သေတ္တာကို မြန်မြန်ဖွင့်စမ်းပါ .... သေတ္တာထဲက မြွေတွေထွက်လာလည်း ညီလေးချိုကို မကိုက်စေရပါဘူး .... တို့တွေ အချိန်မီ ကာကွယ်မှာပေါ့ .... "

ချင်ဖိန်းက ထိုလူကို ကြည့်လိုက်ပြီး ....

"ကျွန်တော်က မြွေကိုလည်း မကြောက်ဘူး .... ဘာကိုမှလည်း မကြောက်ဘူး .... သေတ္တာထဲက ဘာထွက်လာလာ ဂရုစိုက်လို့မဟုတ်ဘူး .... ရှင်းရှင်းပြောရရင် တန်ဖိုးသိပ်များတဲ့ ပစ္စည်းတွေပါတဲ့ သေတ္တာကို ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှမဖွင့်ဖူးလို့ စိတ်တွေ သိပ်လှုပ်ရှားနေလို့ပါ .... "

အို့ယိဝမ်းက လှမ်းပြောသည်။

"သွားသာဖွင့်ပါ .... ညီလေးချို တို့အားလုံးလည်း သေတ္တာထဲက ပစ္စည်းတွေကို မြင်ချင်ကြလို့ စိတ်လှုပ်ရှားနေကြပါတယ် ...."

ချင်ဖိန်းက သေတ္တာကြီးဆီသို့ ဆက်လျှောက်သွားသည်။

ခန်းမကြီးထဲတွင် ရှိနေကြသူများအားလုံး ချင်ဖိန်းကိုလည်းကောင်း၊ သေတ္တာကြီးကိုလည်းကောင်း ကြည့်၍ လွန်စွာစိတ်လှုပ်ရှားနေကြသည်။



သို့သော် မည်သူမျှ ဆူညံပြောဆိုခြင်းမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ချင်ဖိန်း သေတ္တာကြီးအနီးရောက်သွားလေ သေတ္တာကြီးထဲမှ ပစ္စည်းများကို မြန်မြန်မြင်ချင်လေ ဖြစ်နေကြလေတော့၏။

တစ်ခန်းလုံး ချင်ဖိန်း၏ လှုပ်ရှားသံမှလွဲ၍ အခြားအသံများ တိတ်ဆိတ်နေသည်။

ချင်ဖိန်းကိုယ်တိုင် စိတ်လှုပ်ရှားလွန်းသဖြင့် မျက်နှာတွင် ချွေးတွေ ပြန်နေသည်။

သူသည် သေတ္တာကြီးဆီသို့ ရောက်သောအခါ အို့ယိဝမ်းကို တစ်ချက်ကြည့်လိုက်သည်။ အို့ယိဝမ်းက အားပေးသည့်အနေနှင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ ချင်ဖိန်းသည် သေတ္တာတွင် ကပ်ထားသော စက္ကူချိပ်စများကို စတင်ခွာသည်။

ခန်းမကြီးအတွင်းရှိနေသူများအားလုံး အသက်ကိုပင် အောင့်ထားကြပြီး သေတ္တာကြီးကိုသာ စိုက်ကြည့်နေကြသည်။

သေတ္တာကြီးမှ စက္ကူချိပ်စများ ကွာသွားပြီးနောက် ချင်ဖိန်းသည် သေတ္တာကြီးကို ခတ်ထားသော သော့ခလောက်ကြီးကို အတွင်းအားစုစည်းကာ လှည့်၍ ချိုးလိုက်၏။

"ကာလစ် .... "

သော့ခလောက်ကျိုးသွားသံက တိတ်ဆိတ်မှုကို ဖောက်ထွင်းလျက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ချင်ဖိန်းသည် သော့ခလောက်ကို ပစ်ချလိုက်ပြီး သေတ္တာဖုံးကို ဆွဲမရန် ကိုင်လိုက်သည်။ သူသည် အသက်လုံးဝမရှူဘဲ အသက်အောင့်ထားမိသည်။ သူ့ရင်ထဲတွင် တဒိန်းဒိန်းမြည်နေသည်။

လေမွေမုန်တိုင်းအဖွဲ့ဝင်အားလုံး သိချင်၊ မြင်ချင်စိတ်ပြင်းပြလှသောကြောင့် ထိုင်ရာမှ ထရပ်လိုက်ကြ၏။

ထိုစဉ် မလှမ်းမကမ်းတစ်နေရာမှ ဗုံတီး၍ အချက်ပေးသံပေါ်လာသည်။

ချင်ဖိန်းက ကိုင်ထားသော သေတ္တာအဖုံးကို ဆတ်ခနဲ လွှတ်လိုက်ပြီး ကိုယ်ကို မတ်လိုက်၏။ ကျန်လူများလည်း မျက်စိပျက်မျက်နှာပျက် ဖြစ်သွားကာ ဗုံတီးသံကို နားထောင်လိုက်ကြ၏။

အို့ယိဝမ်း၏ မျက်နှာလည်း တင်းမာသွားပြီး ....

"တို့ရဲ့စခန်းကိုတော့ လူစိမ်းဝင်လာပြီ .... မင်းတို့နောက်ကို နောက်ယောင်ခံလိုက်လာပြီး ရောက်လာကြတာနဲ့ တူတယ် .... "

"ကျွန်တော် အခြေအနေသွားကြည့်လိုက်မယ် အစ်ကိုကြီး"

လို့ရုံရှမ်း ပြောပြောဆိုဆို ခန်းမကြီးထဲမှ အပြင်ကို ပြေးထွက်သွားသည်



အို့ယိဝမ်းက ကျန်လူများကို ဆက်ပြောသည်။

"အချက်ပေးတဲ့အသံကတော့ လူစိမ်းတစ်ယောက်တည်းလာနေတယ်ဆိုတဲ့ အချက်ပေးသံပဲ .... အင်း တစ်ယောက်တည်းဆိုရင်တော့ စိုးရိမ်စရာ မရှိလှပါဘူး .... တစ်ယောက်ယောက်များ လမ်းမှားပြီး ရောက်လာတာများလား .... "

ပြီးမှ အို့ယိဝမ်းက ချင်ဖိန်းကိုကြည့်၍ အမိန့်ပေးလိုက်၏။

"ကိုင်း .... ညီလေးချို .... မင်းအလုပ်ကို မင်းဆက်လုပ်"

ချင်ဖိန်းက ခေါင်းညိတ်ပြီး သေတ္တာအဖုံးကိုကိုင်လိုက်သည်။ အားလုံး၏မျက်လုံးများ သေတ္တာကြီးဆီသို့ ရောက်သွားကြပြန်သည်။

ချင်ဖိန်းက သေတ္တာကို ဆွဲမလိုက်သည်။

သေတ္တာအဖုံးက ဝုန်းခနဲ ပွင့်သွားသည်။

ချင်ဖိန်းက သေတ္တာအတွင်းကို ငုံ့ကြည့်လိုက်ပြီး မျက်လုံးအပြူးသား ဖြစ်သွားသည်။ သူသည် နောက်ကို အထိတ်တလန့်ခုန်ဆုတ်လိုက်ပြီး ဖင်ထိုင်လျက်လဲကျသွားသည်။

အို့ယိဝမ်းတို့အားလုံးမှာ ချင်ဖိန်းအဖြစ်ကြောင့် စိုးရိမ်တကြီး ဖြစ်သွားကြသည်။

သေတ္တာကြီးဆီသို့ လှမ်းလာကြမည်အပြု သေတ္တာကြီးအတွင်းမှ လူတစ်ယောက် တဖြည်းဖြည်းချင်း ပေါ်ထွက်လာသည်။ သေတ္တာ

ကြီးအတွင်းမှ ထွက်လာသူမှာ လွန်စွာလှပချော‌မောသော မိန်းကလေး တစ်ယောက်ဖြစ်လေသည်။

အို့ယိဝမ်းတို့အားလုံး အံ့သြတကြီးဖြစ်သွားကြလေတော့ သည်။

တစဉ်(၁)ပြီး၏။

တစဉ်(၂) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်